
www.burmeseclassic.com

# မြသန်းလှလှ


(ဆေးတက္ကသိုလ်)




# ရှင်သန်ခြင်းနှင့်ထပ်တူ

www.burmeseclassic.com

www.burmeseclassic.com




BURMESE CLASSIC .com

# မြဘုန်းလှလှ

(ဆေးတက္ကသိုလ်)



www.burmeseclassic.com

www.burmeseclassic.com



# မြဘုန်းလူလူ
(ဆေးတက္ကသိုလ်)

## ရှင်သန်ခြင်း
## နှင့်
## ထပ်တူ

စီစဉ်သူ
ယောင်ကျော်လှိုင်(စေတနာတလေ)

www.burmeseclassic.com

www.burmeseclassic.com





ဒီနေ့ဟာ ကျွန်မရဲ့ အဝေးသင်တက္ကသိုလ် နောက်ဆုံးနှစ်စာမေးပွဲကို ဖြေဆိုပြီးခဲ့သည့်နေ့ပါ။ စာမေးပွဲရက် နီးနေပြီမို့ မေမေနှင့် မတွေ့ရတာ အတော်လေး ကြာသွားပါပြီ။ သေသေချာချာ ပြန်တွက်ကြည့်မည် ဆိုပါလျှင် နှစ်လပင် ကျော်ခဲ့ပါပြီ။ ဒီရက်အတွင်းမှာ မေမေ့ကို ကျွန်မ သိပ်သတိရပါသည်။ မေမေကလည်း ကျွန်မ နည်းတူပင် သတိရနေမည်မှာ သေချာပါသည်။ မေမေနှင့် ခွဲခွာခဲ့ရသည့် တစ်နှစ်တာကာလအတွင်းမှာ ကျွန်မ ဆယ်ရက်တစ်ကြိမ် မေမေ့ဆီကို အရောက်သွားခဲ့ပါသည်။

ဆယ်ရက်တာအတွင်းမှာ စုဆောင်းထားခဲ့သော ဝမ်းသာစရာစကား၊ ဝမ်းနည်းစရာစကားများကိုလည်း ကျွန်မ ရင်ဖွင့်ပြောဆိုခဲ့ပါသည်။

တကယ်တော့ မေမေဟာ ကျွန်မရဲ့ တစ်ဦးတည်းသော မှီခိုအားထားစရာ ရွှေတောင်ကြီးပါ။

စေတနာ၁၉၁၄ပ

www.burmeseclassic.com

www.burmeseclassic.com



အကျင့်သီလနဲ့ ပြည့်စုံပြီး၊ သူတစ်ပါးအပေါ်မှာ ကြင်နာသနားတတ်သော မေမေ့ရဲ့ ရုပ်သွင်ဟာ ပကတိအေးချမ်း တည်ငြိမ်လှပါသည်။ ဖြူဖွေးသော အသားအရောင်၊ ဖျော့တော့သော အင်အားများကြောင့် မေမေ့ကို ကြည့်ရသည်မှာ အမြဲနွမ်းနယ် ပျော့ခွေလို့ နေပါသည်။ မေမေ့ရဲ့ သနားဖွယ်ကောင်းသော သွင်ပြင်လက္ခဏာများက ကျွန်မ ရင်ထဲက ဘယ်တော့မှ ပျောက်ပျက် မသွားနိုင်တော့ပါ။

မေမေ့ရဲ့ အရိပ်အာဝါသအောက်သို့ ရောက်သည်နှင့် ကျွန်မ အားရအောင် ငိုချလိုက်ပါသည်။

ကျွန်မလိုပဲ မေမေလည်း ငိုနေမှာပါ။

သစ်ရွက်ခြောက်လေးများက တဖြုတ်ဖြုတ်နှင့် ကြွေကျနေပါသည်။

ဒီနေ့ စာမေးပွဲပြီးသွားပြီ မေမေ၊ သမီး ဖြေနိုင်ပါတယ်။ ဒီရက်ထဲမှာ မေမေ့ကို လာမတွေ့နိုင်တာ သမီးကို ခွင့်လွှတ်ပါနော်၊ မေမေ့ကို သမီး သိပ်သတိရပါတယ်။

ပြီးတော့ အခြေအနေတွေက ပြောင်းလဲရင် ပြောင်းလဲသွားနိုင်တယ် မေမေ၊ သမီးကတော့ မေမေ့ဆန္ဒ သဘောထားကိုပဲ ဦးစားပေးမှာပါ၊ မေမေ ဖြစ်စေချင်တာကိုပဲ သမီး လုပ်မှာပါ။





စာမေးပွဲမဖြေခင် နှစ်လလောက်မှာ လေးလေးမိုး လာသွားတယ်၊ အန်တီခင်ထားလတ်ပါ ပါလာတယ်။ သမီးကို သူတို့နဲ့ လာနေဖို့ ခေါ်တာပါ၊ သမီးကလည်း မေမေ့သဘောဆန္ဒ မပါဘဲ ဘာမှမလုပ်ချင်ဘူးလေ၊ ပြီးတော့ မေမေ ပြောဖူးတဲ့ စကားတွေကိုလည်း သွားပြီး တွေးမိလာတယ်။

ခု သမီးတို့နေတဲ့ အိမ်ကြီးက ဘိုးဘွားပိုင်အိမ်ကြီး ဆိုတာကိုလေ။

ဒီအိမ်ကြီးက မေမေနဲ့ လေးလေးမိုးတို့ မောင်နှမ နှစ်ယောက် ပိုင်တယ်ဆိုတာကိုလေ၊ ဒါကြောင့် လေးလေးမိုးက သမီးတို့ကို ပေးနေစေဦးတောင် သူစိမ်းဖြစ်တဲ့ အန်တီခင်ထားလတ်က ရှိသေးတယ်မို့လား။

မေမေကိုယ်တိုင် တစ်ချိန်က ဆုံးဖြတ်ခဲ့သေးတယ်လေ၊ ဒီအိမ်ကြီးကို ရောင်းပြီး လေးလေးမိုးနဲ့ မေမေ ခွဲပြီးယူမယ် ဆိုတာ။

သမီးဘာကိုမှ မဆုံးဖြတ်တတ်ပါဘူး မေမေ၊ သမီး မေမေ့ အဆုံးအဖြတ်ကိုပဲ နာခံပါရစေ။



www.burmeseclassic.com

www.burmeseclassic.com



နှင်းဆီ အဝါရောင်လေးများနှင့်အတူ မျက်ရည်မိုးများ ရွာသွန်းဖြိုးကာ ဝမ်းနည်းပက်လက် ဖြစ်နေသော ရှင်စောဦး၏ အနားမှာ မည်သူမျှ မရှိ။ ပကတိ တိတ်ဆိတ်ငြိမ်သက်လို့ နေပါသည်။

ရှင်စောဦး၏ အပြန့်လမ်းတစ်လျှောက်မှာတော့ သစ်ရွက်ခြောက်လေးများ ကြွေကျသံနှင့်အတူ လေတိုက်သံမှလွဲ၍ ဘာသံမှ မကြားနိုင်တော့ပါ။ ဒီသစ်ရွက်ခြောက်ကြွေသံများဟာ သူများတွေအဖို့ စိတ်ချောက်ချား ကြက်သီးထဖွယ် ဖြစ်သော်လည်း ရှင်စောဦး အတွက်မူကား ပို၍ နွေးထွေးအေးချမ်းမှုကို ရရှိစေပါတော့သည်။

သူမ၏ မိခင်သည် သူမကို ထာဝရ စောင့်ရှောက်ပေးနေသည်ပဲ မဟုတ်ပါလား။

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၅၅၊ ၁၉-လမ်း၊ လသာမြို့နယ် သို့
ရေးသားပေးပို့နိုင်ပါသည်။







"စကားလေး ဘာလေးများပြောပါဦးလား ရှင်စောရယ်၊ နင့်ကို ကြည့်ရတာ အနားမှာ ငါတစ်ယောက်လုံး ရှိနေတယ်ဆိုတာကိုမှ သိသေးရဲ့လား မသိပါဘူး"

"ငါ့ခေါင်းထဲမှာ အတွေးတွေ အရမ်းများနေတယ် မင်းဝေ၊ နင် မသိပါဘူးလေ၊ တကယ်တော့ ငါဟာ ကံဆိုးတယ်လို့ ခေါ်မှာပေါ့နော်၊ အရွယ်နဲ့ မလိုက်အောင် ငါ့မှာ အပူအပင်တွေ ကြီးခဲ့ရတယ်၊ ခုလည်း ငါ ရှေ့ဆက်ပြီး ဘယ်လိုခရီးဆက်ရမယ် ဆိုတာကို စဉ်းစားနေတာပါ၊ မေမေ့ဆီက အဖြေအတိအကျကိုလည်း မရသေးဘူး၊ တကယ်လို့ မေမေကသာ တိတိကျကျ အဖြေတစ်ခု ပေးလိုက်လို့ကတော့ ငါ တကယ်ပဲ မေမေ့ဆန္ဒအတိုင်း တစ်သဝေမတိမ်း လိုက်နာမှာ မင်းဝေ"



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာငယ်လေးနှင့် ညည်းညည်းညူညူ ပြောနေရှာသော သူငယ်ချင်း ရှင်စောဦး၏ မျက်နှာကို မင်းဝေက ကရုဏာအပြည့်ပါသော မျက်လုံးဖြင့် ငေးကာကြည့်နေလိုက်ပါသည်။

"ငါတစ်ယောက်လုံး ရှိပါသေးတယ် ရှင်စောရယ်၊ နင် ငါ့ကို အားကိုးစမ်းပါ၊ နင့်အတွက်ဆို ငါက ကူညီချင်လွန်းလို့မှ နင့်ဆီက တောင်းခံလာမဲ့ အကူအညီကို ငါကအမြဲစောင့်ကြိုနေတဲ့သူပါ"

"နင် ကူညီလို့လည်း မဖြစ်သေးဘူး မင်းဝေရဲ့၊ ခုဟာက ငါ ရှေ့ဆက်ရမဲ့ခရီးလေ၊ ငါတို့က ငယ်ငယ်လေးပဲ ရှိကြသေးတာမို့၊ အမှားအမှန်ကို ဝေဖန်သုံးသပ်လို့ မရသေးဘူးမို့လား ...

ဒါကြောင့် ငါရဲ့ ရှေ့ဆက်ရမဲ့ ခရီးမှာ ငါ့ဦးလေး လေးလေးမိုးဟာ အဓိက အကျဆုံးလည်း ဖြစ်နိုင်တယ် ...

လေးလေးမိုးက ငါ ငယ်ငယ်တုန်းက အတူတူနေလာခဲ့တာမို့လား ...

သူ လူပျိုဘဝတုန်းက တစ်ဦးတည်းသော တူမလေးဖြစ်တဲ့ ငါ့ကို သိပ်ချစ်တာ ...





လေးလေးမိုး မိန်းမယူသွားတော့ ငါ့မှာ ငိုလိုက်ရတာလေ ...

သူ့မိန်းမနဲ့ သူနဲ့ အိမ်လာလည်တိုင်းလည်း ငါ့မှာ ဒေါသဖြစ်လွန်းလို ကျိတ်ကျိတ်ငိုရတာပေါ့ မင်းဝေရယ် ...

အင်း ... နောက်တဖြည်းဖြည်းနဲ့ လေးလေးမိုးက အိမ်အလာကျဲသွားတယ် ...

နောက်တော့ သူ့မှာ သမီးလေး သဲသဲကို မွေးလာတော့ ငါနဲ့ တော်တော် အနေဝေးသွားတယ်လေ ...

ဒါကတော့ဟယ်၊ သူ့သမီးနဲ့ ယှဉ်လိုက်ရင် ငါက ဘေးထွက်သွားတာပေါ့ ...

နောက်ဆုံးတော့လည်း ငါ့ကို အချစ်တွေ ထာဝရ အပြည့်အဝ ပေးနိုင်သူက ငါ့အမေပဲ၊ ငါ့အမေရဲ့ အချစ်တွေကိုပဲ လိုချင်ပါတယ်၊ မေမေက ငါ့ကို ချစ်နေဦးမှာပါနော် မင်းဝေ"

"နင်ကလည်းဟယ်၊ ချစ်တာပေါ့၊ ဒေါ်လေးက နင့်ကို အရမ်းချစ်တာ၊ ငါ့အမေတောင် ငါ့ကို နင့်အမေ နင့်ကို ချစ်သလောက် မချစ်နိုင်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတစ်ခါမှာ သူ့သူငယ်ချင်း ရှင်စောဦး တစ်ယောက် စိတ်မှ ကောင်းသေးရဲ့လားလို့တောင် မင်းဝေ သံသယ ဖြစ်ခဲ့ရပါသည်။ တကယ်တော့ အရွယ်နှင့် မလိုက်အောင် စိတ်တွေ ထွေပြားချောက်ချားခဲ့ရသော သူ့သူငယ်ချင်း ရှင်စောဦးကို မင်းဝေ သနားအကြင်နာ ပိုခဲ့ရပါသည်။

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၅၅၊ ၁၉–လမ်း၊ လသာမြို့နယ် သို့
ရေးသားပေးပို့နိုင်ပါသည်။







"သမီး ... ထမင်းစားတော့မလားဟင် ...

ဒေါ်လေး ခူးလိုက်တော့မယ်နော်၊ ပဲကြီးဟင်းလေးကလည်း ဆူနေပြီ၊ စားမယ်ဆိုရင် ဆူးပုပ်ခတ်လိုက်တော့မယ် ...

ငါးသလောက်ပေါင်းလေးကလည်း ကောင်းလိုက်တာမှ အရိုးကို နူးမြည့်နေတာပဲ၊ ဟင်း ဟင်း ... မိုးအေးအေးနဲ့ စားပြီးရင်တော့ တို့တူဝရီးနှစ်ယောက် အိပ်လို့ကောင်းလိုက်မဲ့ ဖြစ်ခြင်း"

ကြီးကြီးနုက ကျွန်မရဲ့ ကြီးတော်ဝမ်းကွဲပါ၊ မေမေနဲ့ဆို အစ်မဝမ်းကွဲ တော်ပါတယ်။

ကြီးကြီးနုက ဟင်းချက် အရမ်းကောင်းတာ၊ ပြီးတော့ အိမ်ထောင်အထိန်းအသိမ်းကလည်း ကောင်းတော့ ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



တို့သားအမိနှစ်ယောက်စလုံး ကြိုးကြိုးနဲ့ ကျေးရှူးကြောင့် အိမ်မှု ကိစ္စအားလုံးကို ဘာမှ ပြန်ကြည့်စရာ မလိုတော့လောက်အောင် စိတ်ချနေရတာလေ။

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၅၅၊ ၁၉-လမ်း၊ လသာမြို့နယ် သို့
ရေးသားပေးပို့နိုင်ပါသည်။







မေမေနဲ့ကျွန်မ ဒီလမ်းကလေးကို မလျှောက်ရတာ တစ်နှစ်ပင် ကျော်သွားပါပြီ။

ကျွန်မတို့အိမ်လေးက မြို့ပြင်နားမှာ ရှိနေသည်မို့ အိမ်၏ပတ်ဝန်းကျင်သည် တောတောင်လျှိုမြောင်စိမ့်စမ်းများဖြင့် အလွန်သာယာလှပါသည်။

သည်လမ်းကလေးကို ကျွန်မ အလွန်နှစ်သက်ပါသည်။ ငယ်စဉ်တည်းက မေမေနှင့်အတူ ကျွန်မ ဒီလမ်းလေးကို အမြဲလျှောက်ခဲ့ပါသည်။ ခုတော့ ဒီလမ်းလေးနှင့် ဝေးခဲ့ရသည်မှာ ကြာပြီဖြစ်ပါသည်။

ဒီနေ့မှ ပျောက်ဆုံးနေသော ပျော်စရာရက်ကလေးကို ပြန်လည်ရရှိခဲ့ရပါသည်။ ကျွန်မနှင့် မေမေ လက်ချင်းတွဲ၍ ထိုလမ်းကလေးကို လျှောက်ခဲ့ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘူးဆန်းသည်က ခါတိုင်းလို မနက်စောစော လမ်းလျှောက်ရခြင်းမျိုးတော့ မဟုတ်ပါ။ အချိန်က အတော်ညဉ့်နက်နေပြီ ဖြစ်ပါသည်။ မဟူရာကောင်းကင်ကြီးမှာ ငွေကြယ်ပွင့်လေးများ အစုံအလင် ထွက်ရှိနေကြပါပြီ။

လေပြည်လေညင်းကလည်း တသုန်သုန် တိုက်ခတ်လျက် ရှိပါသည်။ ဆိတ်ဖလူးပန်းနုံ့လေးများကလည်း နှာဝသို့ လာရောက် ကလူကျီစယ် နေပါသည်။

လမ်းဘေးတစ်ဖက်တစ်ချက်တွင် ရောင်စုံပန်းများက ဖူးပွင့်လို့ နေကြပါသည်။ ငယ်စဉ်ကအတိုင်း ကျွန်မက မေမေ့ကို ပန်းများခူးခိုင်းသောအခါ မေမေက တွေ့သမျှပန်းတွေကို အကုန်ခူးပေးပါသည်။

ကျွန်မ၏ လက်ထဲတွင် ပန်းတွေ တစ်ပွေ့တစ်ပိုက်ကြီး ဖြစ်နေပါသည်။

"ဒီနားမှာ ခဏထိုင်ရအောင်နော် သမီး"

ဒီနေရာက ကျွန်မတို့သားအမိ ထိုင်နေကျနေရာလေးပါ။

"သမီး လေးလေးမိုးနဲ့ လိုက်သွားလိုက်ပါ၊ မေမေ စိတ်အချမ်းဆုံး နေရာကတော့ မောင်မိုးဆီမှာပဲ သမီး"





ထိုမှတစ်ဆင့် စကားတပြောပြောနှင့် သားအမိနှစ်ယောက် လျှောက်လာခဲ့ရာ တစ်ခါမှ မမြင်ဖူးသော ကြည်လင်အေးချမ်းသော ကန်ရေပြင်ကျယ်ကြီးကို ရောက်လာခဲ့ပါသည်။

ကျွန်မက အားရဝမ်းသာ အော်ဟစ်ပြီး ထိုကန်ရေပြင်ကြီးအား မေမေ့ကို ပြလိုက်ပါသည်။

ရေပြင်ကြီး အနားလည်း ရောက်ရော၊ မေမေဟာ ဘာမပြော ညာမပြောဘဲ တစ်ခါတည်း ရေထဲသို့ ခုန်ဆင်းချလိုက်ပါတော့သည်။

အံ့သြထိတ်လန့်ခြင်းနှင့်အတူ ကျွန်မပါ တစ်ခါတည်း ရေထဲခုန်ဆင်းကာ မေမေ့နောက်ကို လိုက်သွားပါတော့သည်။ မေမေ့ကို ရှာမတွေ့တော့သည့်အပြင် ရေများကလည်း မွန်းကျပ်၍ လာပါသည်။

မွန်းကျပ်နေသည့် ကြားက မျက်လုံးများကို ကြိုးစားဖွင့်သော်လည်း မရပါ။

အတန်ငယ်ကြာမှ ကျွန်မ၏လက်နှင့် ခြေထောက်များက စတင်လှုပ်ရှားလို့ ရလာပါသည်။

မျက်လုံးများကလည်း တဖြည်းဖြည်းချင်း ပွင့်လာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဟင် ... ခါတိုင်း အိပ်ရာက နိုးသည့်မျိုးနှင့် မတူပါ။ ကြီးကြီးနု၊ မင်းဝေနှင့် ဒေါက်တာဒေါ်ခင်သီတာတို့ သုံးဦးသား ကျွန်မကို ဝိုင်း၍ ကြည့်ရှုနေကြပါသည်။

"သတိရပြီလား သမီး"

ကျွန်မ ဘာတွေဖြစ်နေတယ် ဆိုတာကို စဉ်းစားလို့ ပင် မရတော့ပါ။ ကြောက်လွန်းလို့ ရင်တွေလည်း တဆတ်ဆတ် တုန်နေပါသည်။

"မေမေကောဟင်"

ဒီစကားကို မေးပြီးသည်နှင့် ကျွန်မ တစ်ပြိုင်နက် အသိတရားတွေ ဝင်လာပါသည်။ ကျွန်မ အိပ်မက်ဆိုးတွေ မက်နေပါပြီ။ တကယ်တော့ မေမေဟာ ကျွန်မကို ခွဲခွာသွားခဲ့သည်မှာ တစ်နှစ်ပင် ကျော်ခဲ့ပါပြီ။

မေမေနှင့် နေခဲ့ရသည်မှာ အိပ်မက်ကြီးပါလားဟူသော အသိတရားက ဝင်လာသည်မို့ ကျွန်မ ရှိုက်ကြီးတငင်ငင် ဖြင့် ငိုချလိုက်ပါတော့သည်။

"မငိုပါနဲ့ ရှင်စောရယ်၊ နင် နေမကောင်းဖြစ်နေတယ်၊ တော်ကြာ ငိုရင် အဖျားတွေပိုပြီး တက်လာလိမ့်မယ်၊ နင့်ကို စိတ်ပူလို့ အန်တီသီတာ့ကို ငါတို့ ခေါ်ထားတယ်"





ဒေါက်တာဒေါ်ခင်သီတာက ရှင်စောဦးကို ပြုံးပြ လိုက်ပါသည်။

ဒေါ်ခင်သီတာက သူတို့လမ်းထဲမှာနေပြီး တစ်ရပ်ကွက်လုံး၏ အားထားစရာ ဆရာဝန်တစ်ယောက် ဖြစ်ပါသည်။

"သမီး နေမကောင်း ဖြစ်နေတယ်၊ ဒါကြောင့် စိတ်တွေက ကယောက်ကယက် ဖြစ်နေတာ၊ စိတ်ကို အေးအေး ထားနော် သမီး၊ ဟိုတွေး ဒီတွေးတွေလည်း သိပ်မလုပ်နဲ့ပေါ့ကွယ်၊ အန်တီ ဆေးထိုးပေးထားခဲ့တယ်၊ ပြီးတော့ သောက်ဆေးလည်း ပေးထားခဲ့တယ်၊ မနက်ဖြန်ကျ တစ်ခေါက် လာကြည့်ပေးမယ်နော်"

ဒေါ်ခင်သီတာ၏ ဆေးအိတ်ကို ဆွဲပေးရင်း မင်းဝေက အောက်ထပ်သို့ ဆင်းလိုက်ခဲ့ပါသည်။

"ကောင်မလေးက တော်တော် စိတ်ထိခိုက်နေပုံ ရတယ်သား၊ အင်း ... ငယ်ငယ်လေးတည်းက အဖေဆိုတာကို ကောင်းကောင်း မသိလိုက်ရတော့ ဒီအမေကိုပဲ အားကိုးနေရတဲ့အချိန်မှာ အမေကလည်း ခွဲသွားပြန်တယ်ဆိုတော့ သူ့ခမျာ တော်တော်ခံစားနေရပုံ ရတယ်ကွယ် ...



www.burmeseclassic.com

www.burmeseclassic.com



သားလည်း သူ့ကို စောင့်ရှောက်လိုက်ပါ၊ ဩော်... ပြီးတော့ သူ့အမေအကြောင်းတွေ ပြောလာရင် စကား ပြောင်းပေးလိုက်နော်၊ မင်းလည်း နားလည်ပါတယ်၊ သူ့ ကို ပျော်ရွှင်စေမဲ့ စကားမျိုးကိုသာ အထူးဂရုစိုက်ပြီး ပြောပေးပါ"

"စိတ်ချပါ အန်တီ"

"မင်းအမေကော နေကောင်းရဲ့လား၊ အမေကို ဂရုစိုက် နော်၊ ခုလို ငယ်ငယ်ရွယ်ရွယ်လေးနဲ့ အမေမရှိတဲ့အဖြစ်က တော်တော်ဆိုးပါတယ်ကွယ်၊ အန်တီ သွားမယ်နော်"

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၅၅၊ ၁၉-လမ်း၊ လသာမြို့နယ် သို့
ရေးသားပေးပို့နိုင်ပါသည်။







"နှင် ငါ့ကို ခေါ်တယ်ဆို ရှင်စော"

"အေး ... ငါ မေမေ့ဆီကို သွားချင်လို့၊ ပြီးတော့ နှင့်ကို လည်း ပြောစရာ မှာစရာစကားတွေ ရှိလို့"

ချိန်းထားသော အချိန်ကို အတိအကျ ရောက်လာ သော မင်းဝေကို ရှင်စောဦးက ကြည့်၍ပြုံးနေလိုက်ပါသည်။

"ဘာပြုံးတာလဲ ရှင်စော"

"ဩော် ... နှင်ဟာ ငါ့အပေါ်မှာ အရမ်းသဘောပေါက် တတ်လွန်းလို့ပါ၊ ဒါကြောင့် နှင့်ကို ငါ အားလည်းကိုး တယ်၊ ခင်လည်းခင်တယ်"

နေကောင်းသွားပြီ ဖြစ်သော်လည်း ရှင်စောဦး၏ မျက်နှာလေးက ဖျော့တော့နွမ်းနယ်လို့ နေပါသည်။ လက်က အဝါရောင် နှင်းဆီပန်းစည်းလေးကို ကိုင်ထားပါသည်။ အဝါ



www.burmeseclassic.com

www.burmeseclassic.com



ရောင်က သူတို့သားအမိနှစ်ယောက်စလုံးရဲ့ အကြိုက်ဆုံးအရောင်ပါ၊ ပန်းဆိုလည်း အဝါရောင်၊ အင်္ကျီအဝတ်အစားဆိုလည်း အဝါရောင်ကိုမှ နှစ်သက်တတ်ကြသည်။

မေမေ့ရဲ့ ထာဝရ နားစက်ရာ အုတ်ဂူလေးက ကျွန်မတို့အိမ်နှင့်ဆို တစ်မိုင်မရှိတရှိလောက် ဝေးပါသည်။ ကားများ အသွားအလာ ကျဲပါးပြီး လမ်းလေးက တိတ်ဆိတ်အေးချမ်းလှပါသည်။ အိမ်နှင့် သိပ်မဝေးသောကြောင့် စိတ်ကူးပေါ်တိုင်း မေမေ့ကို သတိရတိုင်း ကျွန်မ အပြေးအလွှား သွားခဲ့ပါသည်။

ကျွန်မရဲ့ ပတ်ဝန်းကျင်က လူကြီးများကတော့ ကျွန်မကို ဒီနေရာကို တစ်ယောက်တည်း မသွားဖို့၊ သွားလျှင်လည်း အဖော်သဟဲအဖြစ် တစ်ယောက်ယောက်ကို ခေါ်သွားဖို့ ပြောကြသော်လည်း ကျွန်မကတော့ မကြောက်ပါ။ ဒီနေရာမှာ မေမေ ရှိနေတဲ့အတွက် ကျွန်မအတွက် လုံခြုံစိတ်ချရသည်လေ။ ပြီးတော့ ... တစ်ယောက်တည်းဆိုတော့ မေမေ့ကို လွတ်လွတ်လပ်လပ် ပြောဆိုဆွေးနွေးလို့ ရတာပေါ့။

လက်ထဲတွင် ပါလာသော မျက်နှာသုတ်ပဝါလေးဖြင့် အုတ်ဂူပေါ်မှ သစ်ရွက်များနှင့် ဖုန်များကို သုတ်ခါလိုက်ပါသည်။





အဝါရောင်ပန်းစည်းလေးကို အုတ်ဂူပေါ်ချပြီး ကျုံ့ကျုံ့လေးထိုင်ကာ ကန်တော့နေသော ရှင်စောဦးကို ကြည့်ကာ မင်းဝေ့ စိတ်မကောင်း ဖြစ်ရပါသည်။

"ငါ ရန်ကုန်မှာ လေးလေးမိုးနဲ့ လိုက်နေဖို့ ဆုံးဖြတ်လိုက်ပြီ မင်းဝေ"

"သေသေချာချာလည်း စဉ်းစားပါဦး ရှင်စောရယ်၊ ဒီမှာ ငါတို့လည်း ရှိသားပဲဟာ၊ ငါ့ကို အားကိုးစမ်းပါ"

"နင်တို့ကိုတော့ ငါ အားကိုးပါတယ်၊ ဒါပေမဲ့ ငါ့ရဲ့ရှေ့ဆက်ရမဲ့ခရီးက အများကြီး ရှိသေးတယ်လေ၊ ပြီးတော့ ငါ့ဘဝအတွက် လိုအပ်ချက်အားလုံးကို ဖြည့်ဆည်းပေးနိုင်မဲ့ တစ်ဦးတည်းသောသူဟာ လေးလေးမိုးပဲလေ ...

တကယ်လို့ လေးလေးမိုးသာ ငါ့အပေါ် မကောင်းတော့ဘူး ဆိုရင်တော့ ငါ့ဘဝ မြောင်းထဲရောက်ပြီပဲ ...

မေမေကလည်း ငါ့ကို လေးလေးမိုးနဲ့ လိုက်နေစေချင်တယ်၊ မေမေ့ဆန္ဒလည်း ပြည့်ဝသွားတာပေါ့ ...

နင် ငါ့ကိုခင်တယ်ဆိုရင် ငါခိုင်းတဲ့ မေမေ့ဝေယျာဝစ္စာတွေကို ငါ့ကိုယ်စား တစ်လတစ်ကြိမ် လုပ်ပေးပါနော် ...



www.burmeseclassic.com

www.burmeseclassic.com



မေမေ့ကို ဒီလို အဝါရောင်ပန်းလေး ပေးပြီးတော့ မေမေရဲ့ အုတ်ဂူလေးကို လာပြီး သန့်ရှင်းရေး လုပ်ပေးပါနော် ...

လာလေ မင်းဝေ၊ ငါ့နားကို လာခဲ့ဦး"

ရှင်စောဦးက မင်းဝေကို သူ့ရှိရာ အုတ်ဂူနဲ့ အနီးဆုံးကို ခေါ်လိုက်ပါသည်။

"မေမေ ... သမီး လေးလေးမိုးနဲ့ လိုက်သွားတော့မယ်၊ သမီး မင်းဝေကို မေမေ့တာဝန်ယူဖို့ အပ်ထားခဲ့ပါတယ်၊ တစ်ခုခု မေမေ ပြောချင်တာရှိရင် မင်းဝေကို ပြောပြီး သမီးကို အကြောင်းကြားခိုင်းရင် ရပါတယ် မေမေ"

မင်းဝေက ရှင်စောဦး ပြောသမျှကို နားမလည်နိုင်သလို အငေးသား ကြည့်နေပါသည်။ ဘာကယ်ဆို ရှင်စောဦး ပြောသမျှ စကား၊ လုပ်သမျှ အလုပ်မှန်သမျှဟာ အမှန်တွေချည်းပဲမို့သာ ရှင်စောဦးဟာ စိတ်မှန်သေးတယ်လို့ ဆိုနိုင်တာပါ။

သို့မဟုတ်လျှင် ရှင်စောဦးကို စိတ်မှန့်သေးရဲ့လားဟု ထင်နိုင်စရာ ရှိပါသည်။

"သမီး သွားတော့မယ်နော် မေမေ ...





မင်းဝေ ... နင်ဟာ ငါ့ရဲ့ တစ်ယောက်တည်းသော အချစ်ရဆုံး သူငယ်ချင်းပါ၊ နင့်ကို ငါ အစ်ကိုရင်းတစ်ယောက်လို ချစ်တယ်၊ ငါမရှိတုန်း မေမေ လိုအပ်တာရှိရင် ငါ့ဆီကို ချက်ချင်း အကြောင်းကြားပေးပါနော်"

"နင်ကလည်းဟယ်၊ ဒေါ်လေးက ဘာများလိုအပ်တာရှိတော့မှာလဲ၊ သူ လိုအပ်တာကိုကော ငါက ဘယ်သိနိုင်ပါတော့မလဲ"

"မဟုတ်သေးဘူး မင်းဝေ၊ ငါ ဆိုလိုတာကို နင် မသိဘူး၊ နင်တင် မဟုတ်ဘူး၊ တစ်လောကလုံးကလည်း သိမှာမဟုတ်ဘူး ...

ငါ မေမေ့ အကြောင်းကို အသိဆုံး မင်းဝေ၊ မေမေဟာ အရမ်းအစွမ်းထက်တာ၊ ငါနဲ့ မေမေဟာ အပြင်လောကကြီးမှာ တစ်ယောက်နဲ့ တစ်ယောက် တွေ့ခွင့်မရှိပေမဲ့ အိပ်မက်ထဲမှာတော့ အမြဲတွေ့ကြတယ် မင်းဝေရဲ့၊ သူ လုပ်ချင်တာ မှန်သမျှ ငါ့ကို အိပ်မက်ထဲမှာ မေမေက ပြောပြတာ ...



www.burmeseclassic.com

www.burmeseclassic.com



မယုံရင် နင်လည်း နောက်တော့ သိမှာပါ၊ အခု ငါ မရှိတော့ ငါ့ကိုယ်စား နင့်နဲ့တွေ့ဖို့ မေမေ့ကို ပြောထားတာလေ၊ နင် မယုံရင် နောက်တော့ သိမှာပေါ့"

ဘုရား ... ဘုရား ... ကြားရတာနဲ့ ကြက်သီးများတောင် ထလာသည်။ ဒီစကားကို မဖြစ်နိုင်ပါဘူးလို့ ပြောရင်၊ သူ့ကို ရှင်စောဦး မုန်းသွားမှာလည်း ကြောက်ရသေးသည်။ ဒါကြောင့်မို့ ယုံချင်ဟန်ဆောင်ကာ တိတ်တိတ်လေး နေလိုက်ရပါသည်။

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၅၅၊ ၁၉-လမ်း၊ လသာမြို့နယ် သို့
ရေးသားပေးပို့နိုင်ပါသည်။







ရန်ကုန်ကို လိုက်မသွားရန် အတန်တန် တားမြစ်သော မင်းဝေ အတွက် စိတ်မကောင်း ဖြစ်ခဲ့ရသလို၊ ကျွန်မ၏ မွေးရပ်မြေကို ခွဲခွာခဲ့ရသည့် အတွက်လည်း၊ အထူးကြေကွဲဝမ်းနည်းရပါသည်။ သည်လိုနှင့် ရန်ကုန်မြေကို ကျွန်မ ရောက်ခဲ့ရပါသည်။

လေးလေးမိုးနှင့် သဲသဲတို့ နှစ်ယောက်စလုံး ကျွန်မကို အထူးဂရုစိုက်ကြပါသည်။

သဲသဲကဆို အစ်မတစ်ယောက် ရလိုက်သဖြင့် အရမ်းကို ပျော်နေပါသည်။

စီးပွားရေးကိုသာ သဲကြီးမဲကြီး ဦးစားပေးတတ်သော အန်တီခင်ထားလတ်က အိမ်ကို သိပ်ဂရုမစိုက်အားသလို တစ်ဦးတည်းသော သမီးလေး သဲသဲကိုလည်း သိပ်ဂရုမစိုက်အားပါ။



www.burmeseclassic.com

www.burmeseclassic.com



သဲသဲက ကျွန်မနှင့် အရမ်းပျော်နေသည်မို့ အန်တီထား အဖို့ ကျွန်မကို ခေါ်ထားရသည်မှာ တစ်ခုတော့ တန်သွားပြီဟု ဆိုနိုင်ပါသည်။

သဲသဲက ဆယ့်ငါးနှစ် ရှိပါပြီ။ ကျွန်မထက်ဆိုလျှင် ငါးနှစ်မျှ ငယ်ပါသည်။

"မမစောရေ... သဲသဲ စာမေးပွဲပြီးရင် ဖေကြီးက ချောင်းသာကို လိုက်ပို့ပေးမယ်တဲ့"

"ဟယ် ... ပျော်စရာကြီး၊ မမစောက ချောင်းသာကို ကြားသာကြားဖူးတာ၊ တစ်ခါမှ မရောက်ဖူးတော့ သိပ်သွားချင်တာ"

"ဟုတ်လား ... သဲသဲကတော့ သုံးခေါက်ရှိပြီ၊ ဒီတစ်ခါ သွားမယ်ဆိုရင် လေးခေါက် ရှိတော့မယ်၊ အရမ်းပျော်စရာကောင်းတာ မမစောရဲ့၊ ခုတစ်ခါ မမစောပါ ပါရင် သဲသဲတော့ အရမ်းကို ပျော်မှာ ...

ဒါပေမဲ့ အန်တီကေသီကတော့ ပါမှာပဲ၊ သူက အမြဲ သဲသဲတို့ ခရီးထွက်ရင် လိုက်လိုက်ရှုပ်နေကြလေ ...





မေမေကလည်း သူ့ညီမကို သိပ်အမွှမ်းတင်တာ၊ ရှိုးတွေ မိုးတွေကလည်းများ၊ ဟန်ပန်ကြီး တစ်ခွဲသားနဲ့ သိပ်မုန်းဖို့ကောင်းတာ"

"ဟဲ့ ... သဲသဲရဲ့ ကိုယ့်အန်တီကို ဒီလိုမပြောရဘူးလေ"

"ပြောမှာပဲ၊ ကိုယ့်အဒေါ်မို့ မကောင်းတတ်လို့သာ ပြောဆိုဆက်ဆံနေရတာ သူရောက်လာရင် ရင်ထဲမှာ မောမောသွားတာပဲ ...

ပြီးတော့ သူက သဲသဲကို ချစ်လည်းမချစ်ဘူး၊ သူ့ကိုယ်သူ အလှပြင်ဖို့ရယ်၊ အစားကောင်းကောင်း စားဖို့ရယ်၊ လျှောက်လည်ဖို့ရယ်၊ အဲဒါတွေကိုပဲ သိတာလေ ...

မေမေကလည်း သူ့ညီမဆို သိပ်ဦးစားပေးတာပဲ၊ ဒါကြောင့်မို့လို့ သူ့ကိုဆို ဖေဖေကော သဲသဲကကော သိပ်မုန်းတာ"

"သဲသဲကလည်းကွယ်၊ တော်ကြာ မမကေသီ ကြားသွားရင် စိတ်ဆိုးနေဦးမယ်၊ အဲလို လျှောက်လျှောက်မပြောရဘူးနော်၊ တော်ကြာ သဲသဲကို သူတို့က ကလေးဆိုးကြီးလို့ သတ်မှတ်တာ ခံနေရဦးမယ် ...



www.burmeseclassic.com

www.burmeseclassic.com



သဲသဲလေး လိမ္မာတာကို မမစော သိပါတယ်”

“မမစောက မသိလို့၊ အန်တီကေသီက စိတ်လည်းသိပ်ပုပ်တာ ...

သူက သူ့ထက်လှတဲ့သူကို ဆိုရင်လည်း သိပ်ပြီး မနာလိုဖြစ်တာပဲ ...

မင်းသမီးတွေဆိုရင် သူ့ထက် အများကြီး ပိုလှတယ်မို့လား၊ သဲသဲကတော့ ချောတဲ့မင်းသမီးတွေဆို အရမ်းချစ်၊ ပြီးတော့ သူတို့သရုပ်ဆောင်တာတွေလည်း အရမ်းကြိုက်တာပဲ ...

အန်တီကေသီကတော့ အဲလိုမဟုတ်ပါဘူး၊ မင်းသမီးတွေက သူ့ထက်ပိုလှတော့ မနာလိုဖြစ်ပြီး ဘယ်သူမှ မလှဘူးတဲ့၊ ဘယ်သူ့ကိုမှလည်း သူ မကြိုက်ဘူးတဲ့လေ၊ ရယ်ရတယ်နော် ...

အဲဒါ အရုပ်တာပေါ့နော် မမစော”

“ဩော် ... ဒီကလေးလေးနဲ့တော့ ခက်ပါပြီ၊ မမစော ပြောထားသားပဲ၊ အဲလို မပြောရဘူးလေ”

“နေဦး ... နေဦး ... သဲသဲ သတိရတုန်း အန်တီကေသီ အကြောင်း ပြောစရာတွေ ရှိသေးတယ် ...





မနှစ်တုန်းက သဲသဲတို့ ချောင်းသာကို သွားမယ်ဆိုတုန်းကပေါ့လေ၊ အန်တီကေသီရယ်၊ မေမေရယ်၊ သဲသဲရယ်၊ ဈေးဝယ်ထွက်ကြတာပေါ့လေ ...

ချောင်းသာသွားမယ် ဆိုတော့လည်း ရေကူးဝတ်စုံက ဝယ်ရသေးတာပေါ့ ...

သဲသဲအတွက်ကတော့ ရေကူးဝတ်စုံက အလွယ်တကူ ရတာပေါ့၊ အန်တီကေသီ အတွက်ကျတော့ ဝယ်လို့ကို မရဘူး၊ သူကလည်း ဈေးက ခပ်များများမို့လား၊ ဒီဟာ မကြိုက်ဘူး၊ ဟိုဟာ မကြိုက်ဘူးပေါ့လေ၊ ဒါက ဈေးပေါတယ်၊ အဆင့်မရှိဘူး၊ အို စုံလို့ပဲ၊ မေမေကော သဲသဲပါ သူ့ကို စိတ်ကိုညစ်ယူရတော့တာပဲ၊ အဲဒါနဲ့ပဲ သူကြိုက်တာ မတွေ့ခဲ့လို့ မဝယ်ခဲ့ရဘူးလေ ...

နောက်သုံးလေးရက်လောက်ကြာမှ သူ့ဟာသူ ဝယ်လာတဲ့ ရေကူးဝတ်စုံကို သဲသဲတို့ကို လာပြတယ်၊ လှလိုက်တာ မမစောရယ်၊ အဲဒါသူ့သူငယ်ချင်းဆီက ဝယ်လာတာတဲ့၊ သူငယ်ချင်းက အခုမှ နိုင်ငံခြားက ပြန်ရောက်လာတော့ သူ့ဆီမှာပါလာတာတဲ့ မမစောရယ်၊ အရမ်းကိုလှတာပဲ၊ မြင်မြင်ချင်း သဲသဲတောင် မနာလိုဖြစ်မိတယ် ...



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ခေါင်းကိုစည်းတဲ့ ခေါင်းစည်းလေးကလည်း အဲဒီ ရေကူးဝတ်စုံနဲ့ ဝမ်းဆက်ပဲ၊ သူ့ရုပ်ကြီးမှ အားမနာအောင် အဲဒီ ရေကူးဝတ်စုံလေးကတော့ ရှယ်ပဲ"

"ကိုယ့်အန်တီကို အဲလိုမပြောရဘူး သဲသဲရဲ့၊ ငရဲကြီးတတ်တယ်၊ ပြီးတော့ မမကေသီက လှပါတယ် ...

မမစောက တကယ်ပြောတာ၊ မမကေသီက အရမ်းကြည့်ကောင်းတာ၊ သူက လှလည်းလှ ပြင်တတ် ဆင်တတ်ကလည်း ရှိတော့ သူ့တစ်ကိုယ်လုံးမှာ မျက်နှာပေါက် ကိုယ်လုံးကိုယ်ပေါက်ကအစ ဘာမှ ပြောစရာမရှိအောင် လှပါတယ် သဲသဲရယ် ...

သူနဲ့တွေ့လို့ စကားပြောဖြစ်ရင်တောင် မမစောက သူ့ကို ငေးငေးကြည့်နေမိတတ်တာ၊ နောက်မှ အားနာပြီး မျက်လုံးကို လွှဲလွှဲပစ်လိုက်ရတယ်"

"အလကား၊ မမစော သူ့ကို သွားအထင်မကြီးနဲ့၊ သူက တကယ်လှတာ မဟုတ်ဘူး၊ အရမ်းပြင်ထားလို့ အမှတ်တမဲ့ကြည့်ရင်တော့ ဟုတ်သလိုလို ထင်ရတာ၊ တကယ်တော့ ဘာမှ မပြင်ထားရင် ရုပ်ကြီးက အရမ်း အရမ်းကို ဆိုးတာ ...





ဒါကြောင့် သူ့မျက်နှာကို မပြင်မဆင်ဘဲ လူတွေကို ဘယ်တော့မှ ပေးတွေ့တာ မဟုတ်ဘူး ...

မနက်မိုးလင်းလို့ သွားတိုက်၊ မျက်နှာသစ်ပြီးတာနဲ့ လိမ်းဖြီးပြီးမှ အခန်းထဲက ထွက်တာလေ ...

ကိုယ့်အဒေါ်အရင်းပဲ မမစောရယ်၊ သဲသဲပြောတာ ယုံစမ်းပါ၊ မာမီလည်း လှတော့ လှချင်တာပဲ၊ ဒါပေမဲ့ သူ့လောက်တော့ မဆိုးဘူးပေါ့လေ ...

သဲသဲကတော့ မမစောရဲ့ မျက်နှာလေးကိုပဲ ကြိုက်တာ၊ မဖြီးမလိမ်းဘဲနဲ့ တကယ့်ကို အေးအေးချမ်းချမ်းလေးနဲ့ လှတယ်၊ မမစောရဲ့ မျက်နှာလေးကိုပဲ လိုချင်တယ်၊ ဒါကြောင့် မမစောကို သဲသဲ မြင်မြင်ချင်း အရမ်းချစ်တာ ...

ဩော် ... သဲသဲ ခုနပြောမဲ့ စကားက အလိုလို ပျောက်သွားပြီ၊ အဲ ... အဲ ... သတိရပြီ ...

မနှစ်က သဲသဲတို့ ချောင်းသာကို ရောက်တုန်းကပေါ့လေ ...



www.burmeseclassic.com

www.burmeseclassic.com



သဲသဲက သဲတွေနဲ့ အိမ်ဆောက်တမ်း ကစားလိုက်၊ ခရုတွေ ကောက်လိုက်နဲ့ အလုပ်ရှုပ်နေတာပေါ့၊ အန်တီကေသီကတော့ အလှတွေ သေသေချာချာပြင်ပြီး ခုံတစ်လုံးချ၊ စာအုပ်တစ်အုပ်နဲ့ ပုံပေးနေတာပေါ့လေ၊ သူကတော့ စာဖတ်ဖြစ်လား၊ မဖြစ်လား မသိဘူး၊ အနားက သူနဲ့ရွယ်တူလောက်ရှိတဲ့ လူတွေကတော့ သူ့နားမှာ ခေါက်တုံ့ခေါက်ပြန် လျှောက်နေကြတာပေါ့ မမစောရယ် ...

ညနေကျတော့ သဲသဲနဲ့ အန်တီကေသီ ရေချိုးဆင်းတယ်လေ ...

ဖေဖေနဲ့ မာမီက မြို့ထဲဘက်ကို ခဏထွက်သွားတော့ အန်တီကေသီ့ကိုတောင် သဲသဲကို ကြည့်ပေးဖို့ မှာခဲ့သေးတယ် ...

ဒါပေမဲ့ တကယ်တော့ သဲသဲက ဘာမှမဖြစ်ဘဲ၊ အန်တီကေသီက ရေနစ်ပါလေရော၊ သဲသဲကလည်း အနားက လူတွေကို အော်ခေါ်တာပေါ့ ...

သိပ်တောင် မအော်လိုက်ရပါဘူး၊ လူတွေကလည်း အနားမှာ အများကြီးရှိတာမို့လား ...





အန်တီကေသီ့ကို ဝိုင်းဆယ်ပြီး သဲပြင်ပေါ်မှာချထားပြီး ကိုယ်ထဲကရေတွေကို ထွက်အောင်လုပ်ပေးကြတာပေါ့၊ ပြီးတော့မှ အန်တီကေသီ သတိပြန်ရတယ်လေ ...

သူ့ကိုကယ်လိုက်တဲ့လူတွေကို ကြည့်လိုက်တော့ သူ့နားမှာ ကွက်ကြည့် ကွက်ကြည့် လုပ်နေတဲ့သူတွေပဲလေ ...

သူ့ရဲ့ ကျေးဇူးရှင်တွေ ဖြစ်သွားတာပေါ့၊ အဲဒီနေ့ကတော့ အန်တီကေသီ့ ရေကူးဝတ်စုံလေးကလည်း အရမ်းလှတော့ လူတွေကလည်း နဂိုတည်းက သူ့ကို စိတ်ဝင်စားနေတာ ဖြစ်မှာပေါ့လေ ...

ရေနစ်လို့ အော်လိုက်တာနဲ့ တစ်ခါတည်း ဆယ်ပြီးသား ဖြစ်နေတာပဲ ...

ရယ်ရတယ်နော် မမစော၊ ဒါပေမဲ့ ရေနစ်မသေတာပဲ တော်သေးတာပေါ့၊ အန်တီကေသီသာ ရေနစ်ပြီး သေသွားရင် သဲသဲတော့ ဒီချောင်းသာကို ဘယ်တော့မှ ပြန်လာရတော့မှာ မဟုတ်ဘူး ...



www.burmeseclassic.com

www.burmeseclassic.com



အင်း … ရေနစ်တဲ့ကိစ္စနဲ့ ပတ်သက်ပြီး ဖေဖေနဲ့ မေမေက အန်တီကေသီနဲ့ သဲသဲကို ဆူကြတာပေါ့၊ သူတို့ မရှိတုန်း ရေသွားမကူးပါနဲ့လို့ မှာထားတာတွေရော၊ ပြီးတော့ ရေနက်တဲ့ နေရာကို မသွားဖို့မှာထားတာတွေကော စုံနေတာပဲ၊ အဆူခံရတာပေါ့ မမစောရယ် …

ဒါပေမဲ့ အခုလို ဆူခံရတဲ့အထဲမှာတော့ သဲသဲ မပါဘူး ထင်တာပဲ၊ သဲသဲက ကလေးပဲမို့လား၊ မကောင်းတတ်လို့ သာ ဖေဖေတို့က သဲသဲကို ဦးတည်ပြီး ပြောနေတာကို သဲသဲ သိနေတယ်လေ …

ဒါကြောင့် ခေါင်းလေးကို ငုံ့ပြီး ကြမ်းပြင်ကို လက်လေးနဲ့ ကုတ်ပြီး ကြောက်နေဟန်၊ စိတ်ညစ်ဟန်သာ ဆောင်နေရတာ ရင်ထဲမှာတော့ အန်တီကေသီ အဆူခံရပြီဆိုပြီး ပျော်လိုက်တာမှ ကလိကလိနဲ့ နေတာပဲ၊ ဖေဖေတို့ အဆူရပ်သွားမှာကိုတောင် စိုးရိမ်နေတာ”

“ဟဲ့ သိပ်ဆိုးတဲ့ သဲသဲပါလား၊ လူလည်မလေး၊ ကြည့်စမ်း မမစောကဖြင့် ဘာမှမသိတဲ့ ကလေးပဲဆိုပြီး သဲသဲကို သနားနေတာ”





“အောင်မယ် … ဟိုစကားလေး တားလိုက်၊ ဟိုစကားလေး ပိတ်ပင်လိုက်နဲ့ မမစောလည်း အန်တီကေသီ့အကြောင်း နားထောင်ချင်နေတာပဲမို့လား၊ ဒီလိုဆို သဲသဲ ဆက်မပြောတော့ဘူး”

“ရတယ်လေ၊ မပြောရင်လည်း နေပေါ့၊ မမစောက သဲသဲ ဆီက ဘာမှ အစ်အက်ထုတ်နေတာ မဟုတ်ဘူး၊ သဲသဲ ချပေးတဲ့ စကားတွေကိုပဲ နားထောင်နေတာ”

“ဟင်း … ဟင်း … မမစော စိတ်ဆိုးသွားပြီမို့လား၊ သဲသဲ သိပါတယ်၊ မမစော စိတ်ဆိုးရင် အသံတွေက တုန်အက်အက်ကြီး ဖြစ်လာပြီး အရမ်း … အရမ်းကို ချစ်စရာကောင်းတာ”

“တော်သေးတာပေါ့ သဲသဲရယ်၊ သဲသဲရဲ့ စကားအဆုံးမှာ အရမ်း အရမ်းကို ကြောက်ဖို့ကောင်းတာလို့များ ပြောလိုက်မလားလို့”

“အဲလို ပြောလိုက်ရင်ကော မမစော ဘယ်လိုဖြစ်သွားမလဲ”

“အဲလို ပြောလိုက်ရင် မမစော စိတ်ဆိုးပစ်လိုက်မှာပေါ့”

“ဟူး တော်ပါသေးရဲ့၊ အစောတုန်းကတော့ သဲသဲ အဲဒီလို ပြောလိုက်မလို့ စိတ်ကူးလိုက်သေးတာ”



www.burmeseclassic.com

www.burmeseclassic.com



"ခွေးမလေး ... တော်တော် စကားတတ်တယ်"

"ဒါနဲ့ ဇာတ်လမ်း မပြီးသေးဘူး၊ နောက်နေ့ သဲသဲနဲ့ အန်တီကေသီတို့ ဟိုချောင်းသာကမ်းခြေထဲက ဘုရားလေးကို သွားကြတယ်လေ ...

ပြန်လာတော့ ဖေဖေက သဲသဲကို ဖေဖေ့အိပ်ခန်းထဲ ခေါ်သွားတယ်၊ ဒီလူတွေက ဘယ်သူတွေတုန်း ဘယ်ကတုန်းပေါ့လေ၊ မေးတာပေါ့ ...

ဒီလို မမစောရေ ... သဲသဲတို့ အပြင်သွားတုန်း လူလေးယောက် ရောက်လာပြီး အန်တီကေသီ့ကို မေးတယ်လေ၊ ဖေဖေက လမ်းလျှောက်ထွက်သွားတယ် ပြောတော့၊ စာရွက်ခေါက်လေး ပေးခဲ့တယ်၊ စာရွက်လေးကို ဖွင့်ကြည့်တော့ အန်တီကေသီကို ညကျရင် သူတို့လုပ်မဲ့ မီးပုံပွဲကို လာခဲ့ဖို့နဲ့ အဲဒီမှာ သီချင်းဆိုပေးဖို့ ဖိတ်တာတဲ့လေ ...

သဲသဲက ဒီလူတွေက အန်တီကေသီ့ကို ရေနစ်တုန်းက ကယ်ခဲ့တဲ့ လူတွေဖြစ်ကြောင်းနဲ့ ဒီလူတွေနဲ့ အန်တီကေသီ ခင်သွားတဲ့အကြောင်းကို ပြောပြလိုက်တာပေါ့ ...

ဖေဖေက ဒေါသထွက်လိုက်တာ အရမ်းပဲ၊ မေမေလည်း ဘာမှ မပြောရဲဘဲ ငြိမ်နေတာပေါ့ ...





ဖေဖေက ငါလည်း ခေတ်မီတဲ့ လူတစ်ယောက်ပါကွာ၊ ဒါပေမဲ့ ဒီလောက်ကဲတဲ့ မိန်းမမျိုးကို မတွေ့ဖူးပါဘူး၊ မင်းညီမက တော်တော်ကို ကဲတယ်လို့ပြောတော့ မာမီက မကျေနပ်ဖြစ်ပြီး ထရန်ဖြစ်တာပေါ့ ...

ချက်ချင်းပဲ ပစ္စည်းတွေသိမ်းပြီး အဲဒီနေ့ကပဲ ထပြန်လာခဲ့ရတယ်လေ၊ အမှန်ဆို နောက်နှစ်ရက်လောက်နေရဦးမှာ ...

ခုတော့ အန်တီကေသီ့မှာ ဘာမှ မသိလိုက်ရဘဲ ထပြန်ခဲ့ရတာပေါ့လေ ...

သဲသဲတို့ သုံးယောက် အသံမထွက်ဘဲ ခပ်ကျိတ်ကျိတ်လေး ဖြစ်ခဲ့ရတဲ့ ရန်ပွဲကိုတော့ သူ မသိလိုက်ဘူးလေ၊ ဖေဖေ့ အလုပ်က အရေးတကြီး ဖုန်းဆက်လာလို့ ချက်ချင်း ပြန်ရတာလို့ပဲ သိလိုက်တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"သဲလေး ... စာတွေ အရမ်းကြိုးစားနေတယ်ပေါ့လေ"

"ဟယ် ... အန်တီကေသီ၊ ကားဝင်လာတာတောင် သဲသဲ မကြားလိုက်ဘူး"

"အေးလေ ... အန်တီ့မှာ ခေါ်လိုက်ရတာ၊ ဘယ်သူမှ ထွက်မလာကြဘူး၊ ခေါ်လိုက်ရတာ ရင်ကိုကွဲမတတ်ပဲ ...

နောက်မှ ဥဥရယ် တံမြက်စည်းကြီးနဲ့ ထွက်လာတော့မှ တွေ့တာ ...

ဒါတောင် သူက အန်တီကေသီ့ ခေါ်သံကြားလို့ ထွက်လာတာ မဟုတ်ဘူးတဲ့၊ သူ့ဟာသူ တံမြက်စည်း လှည်းဖို့ ထွက်လာတာတဲ့ ...

တော်တော်ကောင်းတဲ့ အိမ်ရှင်တွေ ဧည့်သည်လာလို့တောင် လာမှန်းမသိဘူး ...





ဒါနဲ့ ရှင်စောကော မရှိဘူးလား"

"မရှိဘူး အန်တီကေသီ၊ ပြင်ဦးလွင်က သူ့သူငယ်ချင်း ရောက်လာလို့တဲ့ အပြင်ကို ထွက်သွားတယ်"

"သူ့သူငယ်ချင်းက ယောကျ်ားလား မိန်းမလား သဲသဲ"

"ယောကျ်ားလေး အန်တီကေသီ၊ ရုပ်ကလည်း မဆိုးပါဘူး၊ မမစောနဲ့ ငယ်ငယ်လေးတည်းက အတူနေလာခဲ့တဲ့ သူငယ်ချင်းတဲ့ ...

ဖေဖေနဲ့လည်း သူက ခင်တာပဲ၊ ဖေဖေ လူပျိုဘဝ တုန်းက ပြင်ဦးလွင်မှာ သူတို့နဲ့ တစ်ရပ်တည်း နေလာခဲ့ ကာတဲ့"

"အောင်မယ် ... ရှင်စောကလည်း မခေပါလား၊ ကြည့်ရတာ သူ့အဆက် ဖြစ်ချင်ဖြစ်နေမှာပေါ့ သဲသဲရဲ့"

"ဟင် ... အဲလိုတော့ ဟုတ်မယ် မထင်ဘူး၊ သူတို့ကြည့်ရတာ ရိုးရိုးတန်းတန်း သူငယ်ချင်းလိုပါပဲ၊ သဲသဲလည်း ဒီလောက် လူကဲခတ် မညံ့ပါဘူး အန်တီကေသီရယ်၊ သူတို့ တစ်ယောက်နဲ့ တစ်ယောက် ဆက်ဆံပုံက တကယ် ရိုးရိုးသားသားပါ ...



www.burmeseclassic.com

www.burmeseclassic.com



မနေ့က တစ်ခေါက်လာတယ်၊ ဟို ... ကိုမင်းဝေ ... အဲဒီ အစ်ကိုကြီးနာမည်က ကိုမင်းဝေတဲ့၊ အဲဒီ ကိုမင်းဝေက ရေကြောင်းအရာရှိ လျှောက်ဖို့ လာစုံစမ်းတာ ဆိုလားဘာလားပဲ ...

အဲဒါနဲ့ ဖေဖေက မနက်ဖြန်မှလာခဲ့၊ မမစောကိုပါ အဖော်ခေါ်ပြီး သွားစုံစမ်းကြလို့ ပြောပြီး ဒီနေ့မှ ဦးလေးကိုလှမောင်ကြီးနဲ့အတူ Super Saloon ကားနဲ့ လွှတ်လိုက်တာလေ ...

မမစောက သဲသဲကိုတောင် အဖော်ခေါ်သေးတာ၊ သဲသဲက အိမ်စာတွေ လုပ်စရာရှိသေးလို့ မလိုက်တော့တာ"

"အောင်မယ် ... သဲသဲအဖေက ဒီလိုတော့လည်း သူ့တူမကို လွတ်လပ်ခွင့် ပေးသားပဲ"

"လွတ်လပ်ခွင့် ပေးတာတော့ မဟုတ်ပါဘူးလေ၊ ဖေဖေက မမစောကို ချစ်လည်းချစ်တယ်၊ ပြီးတော့ မမစောကို သူ့သူငယ်ချင်းလာတုန်း စိတ်ပြေလက်ပျောက် လွတ်လွတ်လပ်လပ် ပျော်စေချင်တဲ့ သဘောမျိုးပါ ...





မမစောကတော့ ပျော်နေလား မပျော်လား မသိဘူး၊ သဲသဲကတော့ အရမ်းကိုပျင်းနေတာပဲ၊ မမစောက အရမ်းသဘောကောင်းတာ အန်တီကေသီရဲ့၊ သူလာတည်းက သဲသဲ သူနဲ့ပဲ အိပ်တော့တယ်၊ သဲသဲ အခန်းကိုတော့ သူနဲ့သဲသဲ နှစ်ယောက်ကစားတဲ့ အခန်းပဲ လုပ်ထားတော့တယ် ...

ညညဆို သဲသဲကို ပုံလည်းပြောပြတယ်၊ ပြီးတော့ သူ့သူငယ်ချင်း၊ အဲ ... အခုလာလည်တဲ့ ကိုမင်းဝေနဲ့ သူနဲ့ အကြောင်းရယ်၊ ပြီးတော့ သူတို့ ပြင်ဦးလွင်မြို့က ဘာကယ့်ဖြစ်ရပ်မှန် အကြောင်းတွေရယ်၊ သူ့ရဲ့အကြောင်းတွေရယ် စုံလို့ပဲ၊ တကယ်နားထောင်လို့ ကောင်းတယ်"

"ဒါနဲ့ နေပါဦး၊ သဲသဲကို သူနဲ့ ကိုမင်းဝေ အကြောင်းတွေ ပြောတယ် ဆိုတာ ဘာတွေလဲဟင်"

"ဩော် ... အဲဒါက ရိုးရိုးသားသား အကြောင်းတွေပါ အန်တီကေသီရယ်၊ သူတို့ ဘယ်လိုဆော့ကြတဲ့အကြောင်းတွေ၊ သူတို့နှစ်ယောက် တစ်ယောက်နဲ့ တစ်ယောက် သံယောဇဉ်ကြီးတဲ့ အကြောင်းတွေရယ်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... အဲဒါဆို သူတို့အချင်းချင်း ကြိုက်နေလို့ ဖြစ်မှာပေါ့ ရွှေသဲလေးရဲ့၊ မှတ်ထား ... လူတွေရဲ့ စိတ်ဓာတ်ကို ရွှေသဲလေး မသိသေးလို့၊ လူတစ်ယောက်ရဲ့ အကြောင်းကို ထပ်ခါတလဲလဲ ပြောလာရင်ပဲ ဖြစ်ဖြစ်၊ ဒါမှမဟုတ် ဘာအကြောင်းကိုပဲ ပြောပြော နောက်ဆုံးပိတ်ကြရင် သူပြောချင်တဲ့ လူအကြောင်းကိုပဲ ဆက်နွယ်ပြီး ပြောသွားတယ်ဆိုရင်လည်း အဲဒီလူကိုကြိုက်နေလို့ ဒါမှမဟုတ် စိတ်ဝင်စားနေလို့ ဆိုတာ သေချာနေတယ်လေ ...

တော်ပါပြီ၊ အန်တီကေသီတောင် ကလေးကို ဘာတွေပြောမိနေမှန်း မသိဘူး၊ တကယ်တော့ ရွှေသဲလေးက ငယ်ပါသေးတယ်၊ ဒါတွေကို အန်တီ မပြောသင့်ဘူး၊ ပြီးတော့ ရှင်စောက ပြောလာရင်လည်း လက်မခံနဲ့နော်"

"စိတ်ချပါ အန်တီကေသီရဲ့၊ မမစောက သဲသဲကို ဘာမှမဟုတ်တာ မသင်ပေးသလို၊ မမစော ကိုယ်တိုင်လည်း ဘာမှ မဟုတ်တာ မလုပ်ပါဘူး ...

မမစောက သဲသဲကို စာသင်ပေးတယ်၊ ပုံပြောတယ်၊ ပြီးတော့ မမစော ပြောပြတဲ့ ရှေးဟောင်းနှောင်းဖြစ်တွေက





တကယ့်ကို စိတ်ဝင်စားစရာ ကောင်းတာ၊ မမစောရဲ့အမေ သဲသဲရဲ့ကြီးကြီး တော်တာပေါ့လေ၊ သူက သိပ်အစွမ်းထက်တာတဲ့၊ မမစောကိုလည်း စောင့်ရှောက်တယ်တဲ့၊ မမစော သာမက တခြား ဘယ်သူမဆို ကြီးကြီးဆီသာ သွားပြီးဆုတောင်းရင် အောင်မြင်တယ်တဲ့"

"အလကားပါ ရွှေသဲလေးရာ၊ အဲဒါ သူရူးတိုင်း လျှောက်ပြောနေတာ၊ အဲဒါတွေကို မယုံနဲ့ သိလား"

"သဲသဲတော့ ယုံတယ်၊ ယုံလို့တောင်မှ ကျောင်းပိတ်တဲ့အခါမျိုးကျလို့ မမစော ပြင်ဦးလွင် ပြန်ရင် သဲသဲပါ လိုက်လည်မှာ၊ ဖေဖေကလည်း လိုက်ပို့ပေးမယ်တဲ့"

"သဲသဲတော့ သူများညာလို့နေတာကို ခံရပြီ ထင်တယ်၊ သူ့စကားလည်း ကြည့်ပြီး ယုံဦးနော်၊ သူ့စကား အခုသဲသဲပြောတဲ့ စကားအရတော့ သူဟာ စိတ်မှန့်သေးရဲ့လား မသိဘူး"

"နှံ့ပါတယ် အန်တီကေသီရဲ့၊ မမစော ပြောတာတွေကို ဖေဖေ့ကို မေးကြည့်တော့ ဖေဖေက ဟုတ်တယ်လို့ချည်း ပြောတာပဲ ...



www.burmeseclassic.com

www.burmeseclassic.com



မမစောတို့နေတဲ့ အိမ်ကြီးက အကြီးကြီးတဲ့၊ ပြီးတော့ ခြံကြီးကလည်း အကျယ်ကြီးပဲတဲ့၊ မက်မန်းခြံကြီးကလည်း တမျှော်တခေါ်ကြီးပဲတဲ့ ...

ခြံကြီးက သူတို့အိမ်သားတွေ အားလုံးကိုလည်း လုံခြုံမှုပေးတယ်တဲ့၊ မကောင်းတဲ့သူ ဆိုရင်တော့ တစ်ခုခု ခိုက်အောင် လုပ်တော့တာပဲတဲ့"

"ကဲ ... အပြောကြီးတဲ့ ရှင်စော တစ်ယောက်တော့ ငါနဲ့ တွေ့မယ်၊ ဟုတ်မဟုတ် ဒီတစ်ခါ သဲသဲ လိုက်လည်ရင် အန်တီကေသီလည်း လိုက်ခဲ့မယ်"

"ဟင် ... အန်တီကေသီ လိုက်လို့ ဖြစ်ပါ့မလား မသိဘူး"

"ဘာဖြစ်လို့လဲ သဲသဲရဲ့၊ ဘာလဲ အန်တီကေသီ့ကို သဲသဲက သူယုတ်မာလို့ ဆိုချင်တယ်ပေါ့၊ ဟုတ်လား"

"မ ... မဟုတ်ပါဘူး အန်တီရဲ့၊ အန်တီကေသီက စိတ်ဆိုးတတ်တယ်မို့လား၊ တော်ကြာ ဒေါသဖြစ်ဖြစ်နဲ့ တစ်ခုခု လုပ်လိုက်ရင် အန်တီကေသီတင် မကဘူး သဲသဲပါ ဒုက္ခရောက်မှာ ကြောက်တယ်"





"အဲဒါတွေပေါ့၊ သဲသဲ တစ်ယောက်တော့ ရှင်စောနဲ့ပေါင်းပြီး မှားနေပါပြီ၊ အန်တီတော့ မမထားကို အကျိုးအကြောင်း ပြောပြီး တိုင်ထားဦးမှ"

"တိုင်တစ်လုံးမှ ငါးမတ်တည်းပါနော်"

ဝေဖန်စာ၊ အကြံပြုစာ၊ စိတ်ဆောက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၅၅၊ ၁၉-လမ်း၊ လသာမြို့နယ် သို့
ရေးသားပေးပို့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





"နင် နေရတာ အဆင်ပြေရဲ့လား ရှင်စော"

"ပြေပါတယ် မင်းဝေ၊ ငါ့အတွက် အားလုံး အဆင်ပြေတယ်၊ ငါ့ညီမလေးက ငါ့ကို သိပ်ချစ်တာ၊ သူလေးဟာ ငါ့ဘဝပျော်ရွှင်ဖို့အတွက် အများကြီး အထောက်အကူ ရတယ်လေ ...

ပြီးတော့ ငါ့လေးလေးမိုးကလည်း ငါ ထင်ထားတာထက် ငါ့အပေါ် ပိုကောင်းတယ် ...

အန်တီထားကတော့ ဘယ်လိုပြောရမလဲ၊ ပုံမှန်ပေါ့လေ၊ သူနဲ့ ငါနဲ့ကလည်း တစ်နေ့လုံးနေလို့မှ တစ်ခါ နှစ်ခါလောက်ပဲ တွေ့တာပါ ...

သူတို့တွေက စီးပွားရေးသမားတွေမို့လား၊ အိမ်တွင်းရေးထက် စီးပွားရေးကို ပိုပြီးဦးစားပေးကြတယ် ...





ပြီးတော့ ငါ ရောက်လာတော့ အန်တီထားက သူ့သမီးအတွက် အားလုံး စိတ်ချသွားရတာပေါ့ ...

ငါကလည်း သဲသဲကို စာပြပေးတယ်လေ၊ သဲသဲက ငါ့ကို အရမ်းချစ်တာပဲ၊ ဒီတစ်ခါ သဲသဲ စာမေးပွဲဖြေပြီးရင် လေးလေးမိုးက တို့ကို ချောင်းသာ ပို့ပေးမယ်တဲ့၊ နောက် ကျောင်းမဖွင့်ခင် နင်တို့ဆီ တစ်ခါလာလည်ဦးမယ် သိလား ...

သဲသဲက ငါ့ကို လိုက်ပို့ပေးဖို့ အမြဲပူဆာနေတာ၊ ပြီးတော့ ငါ ကိုယ်တိုင်ကလည်း သဲသဲကို ငါ့အမေက အစွမ်းထက်တဲ့အကြောင်း ပြောပြောပြထားတာမို့လား ...

သဲသဲကို မေမေ့ အုတ်ဂူလေးဆီလည်း ပို့ပေးရဦးမယ်၊ သူလည်း ကြီးကြီး တော်တာပဲမို့လား"

"ရှင်စော ... နင့်ကို ငါ ပြောစရာရှိသေးတယ်၊ ငါက အခုရေကြောင်းအရာရှိ သိပ်ဖြစ်ချင်တာမို့လား၊ အရွေးခံရပါစေလို့လည်း ဆုတောင်းနေရတယ်လေ ...

ငါ ဒေါ်လေးရဲ့အုတ်ဂူကို သန့်ရှင်းရေး လုပ်ပေးရင်းနဲ့ အဲဒီအုတ်ဂူလေးနားမှာ ထိုင်ရင်း ဟိုဟိုဒီဒီ စဉ်းစားနေတာပေါ့ဟာ၊ နင့်ကိုလည်း သိပ်သတိရတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... နင် မေမေ့ဆီကိုသွားတော့ ပန်းကောယူသွား သေးလား"

"ယူပါတယ် ရှင်စောရဲ့၊ နှင်းဆီပန်း အဝါရောင်လေး တွေလေ"

"ဩော် ... အေး ... အေး ... နင်ပြောတဲ့ အထဲမှာ ပန်း အကြောင်း မပါလို့ ငါက မေးလိုက်တာပါ"

"နှင်းဆီပန်းအပြင် ဆိတ်ဖလူးပန်းလေးတွေပါ အုတ်ဂူပေါ် မှာ ဖြန့်ကြဲပေးထားတယ်လေ ...

အုတ်ဂူလေးနားမှာ ဆိုတာ မွှေးကြိုင်နေတာပဲ၊ ဒေါ်လေးတော့ အရမ်းကြည်နူးမှာ သိလား ...

ဩော် ... ခုန ငါ့စကားကို ဆက်ရဦးမယ်၊ ငါက ရေကြောင်းအရာရှိ သိပ်ဖြစ်ချင်တာမို့လား ...

ဒါကြောင့်မို့ ဒေါ်လေး အုတ်ဂူရှေ့မှာ ကျွန်တော် ရေကြောင်းအရာရှိ လျှောက်ထားတာ အဆင်ပြေအောင် ဒေါ်လေး ဆုတောင်းပေးပါလို့ ပြောရင်းနဲ့ ကန်တော့ခဲ့တယ် လေ ...





နောက် နှစ်ရက်လောက် ကြာတော့ ငါ အိပ်မက် မက်တယ်၊ ငါ့တစ်ကိုယ်လုံး မီးရောင်တွေမှ ဝင်းနေတာပဲ တဲ့ ...

အဲဒီအိပ်မက်ကို ပြောပြီး မေမေ့ကို မေးကြည့်တော့ အဲဒါ ငါ့အကြံတွေ အောင်မြင်မဲ့ နိမိတ်လို့ မေမေက ပြော တယ်လေ"

"အေး ... အဲဒါကြောင့် နင့်ကို ငါ ပြောတာပေါ့၊ ငါ့ မေမေက သိပ်စွမ်းတာလို့၊ ပြီးတော့ ငါ့ကိုလည်း စောင့် ရှောက်သလို ငါနဲ့ ပတ်သက်ပြီး နင့်ကိုပါ စောင့်ရှောက် မှာပါလေ"

"အေး ... ဟုတ်မယ်၊ ငါလိုချင်တဲ့ အလုပ်ကို ရရင်တော့ ဒေါ်လေး ငါ့ကို စောင့်ရှောက်ဟာ အသေအချာပဲ ဖြစ်မှာ ...

နင့် လေးလေးမိုးကိုလည်း ခုလို အစစအရာရာ ကူညီပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ လေးလေးမိုး တို့က အရမ်း ချမ်းသာတယ်နော် ရှင်စော၊ ငါလေ လေးလေးမိုးကို ဒီလောက် ချမ်းသာလိမ့်မယ်လို့ မထင်ဘူး၊ အခုတော့ လေးလေးမိုးက တကယ့် ဘောစ့်ကြီးပဲနော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်မှာပေါ့လေ၊ အန်တီထားတို့ဘက်ကလည်း ပိုက်ဆံ ရှိတယ်မို့လား၊ ပြီးတော့ သူတို့နှစ်ယောက်စလုံးက ပိုက်ဆံ ရှာ သိပ်ကောင်းတာ ...

ကဲ ... တို့ ဒီကနေ ဘုရားသွားမယ်၊ ပြီးတော့ ပြန် ကြတာပေါ့နော်၊ တော်ကြာ သဲသဲလေး တစ်ယောက်တည်း ပျင်းပြီး စိတ်ကောက်နေဦးမယ်"

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၅၅၊ ၁၉-လမ်း၊ လသာမြို့နယ် သို့
ရေးသားပေးပို့နိုင်ပါသည်။







"ဝူး ... ပျော်လိုက်တာ၊ စိတ်ကို အေးချမ်းသွားတာပဲ"

သဲသဲက လက်ကလေးနှစ်ဖက်ကို လေထဲတွင် ဆန့်တန်းရင်း ခုန်ပေါက်ပျော်မြူးလို့ နေပါသည်။ သဲသဲ ပျော် သလို ရှင်စောလည်း ပျော်ပါသည်။ ရေပြင်ကျယ်ကြီးရယ်၊ သဲသောင်ပြင် ကျယ်ကျယ်ပြန့်ပြန့်ကြီးရယ်၊ နေရာအနှံ့ ပေါက်နေ သော အုန်းပင်ပျိုရွယ်များရယ်ဟာ ချောင်းသာ၏ အလှကို ဖော် ကျူးလို့ နေပါသည်။ ရှင်စော စိတ်ကူးယဉ်ပုံထဲက ချောင်းသာ ထက် အပြင်က ချောင်းသာ၏ အလှက ပိုများပင် ပိုနေပါ သည်။

ရေပြင်ကျယ်ကြီးကို ဖြတ်တိုက်လာသော လေအေး များကလည်း ရှင်စောဦး၏ ရင်ထဲကို အေးချမ်းမှုအပြည့်အဝ ပေးနိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကမ်းခြေတစ်လျှောက်တွင် ဆောက်လုပ်ထားသော တည်းခိုခန်းလေးများကလည်း ညီညီညာညာနှင့် ကြည်နူးစရာ ကောင်းလှပါသည်။

ရှင်စော၊ သဲသဲနှင့် ကေသီတို့အတွက် နေရမည့် အဆောင်လေးကိုရောက်တော့ ပစ္စည်းများကို နေရာတကျ သိမ်းဆည်းကြရပါသည်။

"မမစော ... လမ်းလျှောက်ရအောင်လေ"

"ရွှေသဲလေးကလည်းဟယ်၊ ရှင်စောလည်း ခရီးပန်းနေပြီဟာကို၊ ခဏနားပါစေဦး၊ ပြီးတော့ ရွှေသဲလေးလည်း မောနေဦးမှာပေါ့"

"လုပ်ပြီ၊ အန်တီ ကေသီကတော့ သဲသဲကို ချုပ်ချယ်တော့မယ်၊ သဲသဲက ဒီရောက်ရင် တအားပျော်မယ်၊ တအားဆော့မယ်လို့ အားခဲထားတဲ့ဟာကို"

"အေးပါ၊ ဆော့တာက ဆော့လို့ရပါတယ်၊ ခုမှ ရောက်ကာစမို့ နားပါဦးလို့ အန်တီကေသီက ပြောတာပဲဟာ၊ ဒီမှာ တစ်ပတ်တောင် နေဦးမဲ့ဟာ"





"ဟင်း ပြောတော့ တစ်ပတ်နေမယ်၊ အကြာကြီး နေရမယ်နဲ့ တော်ကြာ အရင်တစ်ခါကလို ချက်ချင်းပြန်ရတော့မယ်ဆိုပြီး အဝတ်အစားတွေ ချက်ချင်း ကောက်သိမ်းပြီး ပြန်ရရင် ဘယ်လိုလုပ်မလဲ"

"အေး ... အဲဒါတော့ အန်တီကေသီလည်း အာမ,မခံရဲဘူး၊ နင့်အဖေနဲ့ အမေရဲ့ စိတ်က မျောက်စိတ်တွေလိုပဲ၊ လာမယ်ဆိုလည်း ချက်ချင်း၊ ပြန်မယ်ဆိုလည်း ချက်ချင်း၊ ဒီတစ်ခါ အဲလိုမျိုး လုပ်လို့ကတော့ တို့ကတော့ နေကိုနေခဲ့ဦးမှာ၊ ရွှေသဲလေးလည်း နေခဲ့မယ်မို့လား"

"အင်း ... နေခဲ့မယ်၊ မမစောလည်း နေခဲ့နော် ... ခ္ခိ ခ္ခိ"

"ဘာရယ်တာလဲ သဲသဲရဲ့"

"သဲသဲဟာသဲသဲ ရယ်ချင်လို့ ရယ်တာပေါ့"

သဲသဲက မနှစ်က အဖြစ်ကို ရှင်စောဦးကို ပြောပြထားသည်မို့ ရှင်စောဦး သတိမရသေးရဲ့လားလို့ ကြည့်လိုက်တော့ ရှင်စောဦးက အဝတ်ခေါက်ရင်းနှင့် ပြုံးနေသည်ကို တွေ့လိုက်ရပါသည်။ ဒါကြောင့် သဲသဲ ရယ်သံက ထွက်လာခြင်း ဖြစ်ပါသည်။ တကယ်တော့ သူတို့မိသားစု ချက်ချင်း ကောက်ပြန်လာခြင်းရဲ့



www.burmeseclassic.com

www.burmeseclassic.com



အခိကတရားခံက အန်တီကေသီလေ၊ သူ့ကြောင့် ဖေဖေနဲ့မေမေ ရန်ဖြစ်ပြီး ချက်ချင်း ပြန်ချလာရတာမို့လား။

"ကဲ ... တို့တော့ မောပြီ တစ်ရေးတစ်မောလောက် အိပ်လိုက်ဦးမယ်၊ ညနေကျမှပဲ ရေကူးမယ်၊ လမ်းလျှောက်မယ်"

"ဟင် ... အန်တီကေသီက ရေကူးဦးမလို့လား၊ တော်ကြာ ဟိုတစ်နှစ်ကလို ဖြစ်နေဦးမယ်"

"ဟဲ့ ... ဖွ ... မပြောကောင်း မဆိုကောင်း ဒီကောင်မလေး ပါးစပ်က အရမ်းကြမ်းတာပဲ၊ ဒါမျိုး မပြောကောင်းဘူး သဲသဲရဲ့ ...

ပြီးတော့ ပါးစပ်ကလည်း သရမ်းသေးတယ်၊ အော်ချင်တိုင်း သူ့ပါးစပ် အာပြဲကြီးနဲ့ စွတ်စွတ်အော်တော့တာပဲ၊ ကိုယ့်ဟာကိုယ် ရေငုပ်တာကိုလည်း ရေနစ်နေပါပြီဆိုပြီး အော်ချလိုက်တာများ အရှက်ကိုကွဲရောပဲ"

"ဟင် ... မဟုတ်ပါဘူး၊ အန်တီ ရေငုပ်နေတာ မဟုတ်ပါဘူး၊ ရေနစ်နေတာပဲဟာ၊ ကုန်းပေါ်ကို လူတွေက ဆယ်ပြီး တင်လာတာတောင် အန်တီကေသီ သတိမှ မရတဲ့ဟာပဲ ...





ပြီးတော့ ရေငုပ်တာကလည်း ဗိုက်ကိုနှိပ်လိုက်တော့ ရေတွေ တဝေါဝေါ ထွက်ကျလာတာလေ၊ ဟင်း ဟင်း ... ရေငုပ်တဲ့လူတွေက ဗိုက်ထဲက အလကားနေရင်း ရေတွေ ထွက်ကျလာပါ့မလားလို့၊ အန်တီကေသီကတော့လေ၊ တကယ် ပြီးဖြန်းနိုင်တယ်"

"တော်တော့ သဲသဲ၊ ငါက ပြန်မပြောချင်လို့၊ နင့်ကိုယ်နင် စကားတတ်တိုင်း ကောင်းတယ် မှတ်မနေနဲ့"

"အင်း ... ဒါက အန်တီရှုံးရင် ပြောနေကျ စကားတွေလေ"

သတ္တိခဲမလေး သဲသဲအတွက် ရှင်စောဦးပင် ကျိတ်ပြီး စိတ်ပူမိပါသည်။ တကယ်တော့ သဲသဲဟာ ရှင်စောဦးရဲ့ ညီမလေး ဖြစ်သလို ကေသီ အတွက်လည်း တူမအရင်းလေးမို့ ရှင်စောဦးက ဘာမှမသိသလို မျက်လုံးလေး စုံမှိတ်ကာ အိပ်ချင်ယောင် ဆောင်နေလိုက်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com





သဲသဲက ရှင်စောဦးကို အသာလေးကုတ်ကာ နှိုးလိုက်ပါသည်။

“မမစော ထတော့လေ၊ အစောကြီး လမ်းလျှောက်ချင်တယ်ဆို၊ ခု ငါးနာရီတောင် ခွဲတော့မယ်”

နှစ်ယောက်သား ကေသီ့ကို လှမ်းကြည့်လိုက်တော့ ပါးစပ်အဟောင်းသားဖြင့် အိပ်မောကျနေသည်ကို တွေ့လိုက်ရပါသည်။

“ရှူးတိုးတိုး ... သူ အိပ်နေရင် ပိုကောင်းတယ်၊ သူ မပါရင် အရာရာ ခရီးတိုင်း အဆင်ပြေတယ်”

နှစ်ယောက်သား တိုးတိုးတိတ်တိတ် မျက်နှာသစ်၊ သွားတိုက်ပြီး အဝတ်အစားများလဲကာ တံခါးကို တိုးတိုးတိတ်တိတ် ပြန်ပိတ်ရင်း ထွက်လာခဲ့ပါသည်။





သူတို့ တည်းခိုခန်းနှင့် ခြေလှမ်းနှစ်ဆယ်လောက်ကွာမှ သဲသဲ ခမျာ အသက်ရှူဖို့ကို သတိရမိပါတော့သည်။

“ဟူး ... မောလိုက်တာ မမစောရယ်”

“ဟယ် ... သဲသဲကလည်း လမ်းဖြင့် မလျှောက်ရသေးဘူး မောနေပြီ ဟုတ်လား”

“မဟုတ်ပါဘူး မမစောရဲ့၊ လမ်းလျှောက်ရလို့ မောတာ မဟုတ်ပါဘူး၊ အန်တီကေသီ နိုးလာမှာစိုးလို့ ကြောက်ကြောက်နဲ့ အသက်ရှူအောင့်ထားရတာ၊ ခုမှ စိတ်အေးပြီး အပူလုံးကြီးကို ချလိုက်တော့ မောသွားတာကို ပြောတာပါ ...

လာ မမစော၊ သဲသဲ မမစောကို နေရာအနှံ့ လိုက်ပြမယ်၊ ပြီးတော့ အသာယာဆုံး နေရာလေးကိုလည်း ခေါ်သွားမယ် ...

ဒီနေရာလေးက သိပ်လှတာ မမစောရဲ့၊ နေမင်းကြီး စထွက်လာတာကိုလည်း မြင်ရတယ်လေ ...

ပြီးတော့ သီချင်းသံတွေလည်း ကြားရတယ်”

ရှင်စောဦး မသိအောင် ကက်ဆက်လေးကို သဲသဲက အနွေးထည်အင်္ကျီတွင် တိတ်တိတ်ဖွက်၍ယူလာခဲ့ပြီး ရှင်စောဦး လန့်သွားအောင် ခလုတ်ကို ဖွင့်ချလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"လန့်သွားတာပဲ သဲသဲရယ်"

"ဟင်း ဟင်း ... မမစောပဲ သဲသဲ အေရိုးဗစ်လုပ်တာ ကြည့်ချင်တယ်ဆို၊ သင်ထားတာ ကြာပြီဆိုတော့ မေ့တာတွေလည်း ရှိမှာပေါ့၊ သည်းခံပြီး ကြည့်နော် ... မမစော မသိအောင် သဲသဲ သီချင်းကောင်းတွေ ရှာပြီး စုထားတာ၊ ဒီသီချင်းနဲ့ တီးလုံးတွေက က,လို့ အရမ်းကောင်းတာ၊ အထူးသဖြင့် သကြိမ်မှာဆိုရင်တော့ ဒီသီချင်း ဖွင့်လိုက်ရင် စိတ်ဓာတ်တွေ တက်ကြွလာပြီး က,ချင်စိတ်တွေ ပေါက်လာရောပဲ"

အရွယ်လေးကလည်း ချစ်စရာကောင်း၊ အဝတ်အစားလေးနှင့်လည်း လိုက်ဖက်လှသော သဲသဲ၏ အေရိုးဗစ်က, ဟန်လေးက ကြည့်လို့ပင် ကောင်းလှပါသည်။

အနားမှ ဖြတ်သွားသော လူအချို့က သဲသဲကို ငေးစိုက်၍ ကြည့်သွားကြပါသည်။

ရှင်စောဦးနှင့် မတိမ်းမယိမ်း အရွယ်လောက်ရှိမည့် ကောင်မလေးသုံးယောက် ရောက်လာပြီး ...

"တို့လည်း လိုက်က,မယ်နော်"





"ဟာ ... ကောင်းတာပေါ့ အလျှံအပယ်ပဲ၊ သဲသဲ အဖော်ရတာပေါ့"

တစ်ယောက်ကနေ လေးယောက် ဖြစ်လာတော့ ပွဲလေးက စည်ကားလို့ သွားပါသည်။

မကြာခင်မှာပဲ လုံးကြီးပေါက်လှ မိန်းမနှစ်ယောက် ရောက်လာကြပါသည်။

"ဟယ် ... ကလေးတွေ က,နေကြတာ ကြည့်လို့ကောင်းလိုက်တာ"

"ဝင်က,ပါလား အန်တီကြီး"

တီးလုံးသံ ဆူညံနေသည့် ကြားထဲက သဲသဲ၏ အသံလေးက ထိုးဖောက်၍ ထွက်လာပါသည်။

ဒေါ်ခင်မမပြုံးနှင့် ဒေါ်ခင်သန္တါတို့ကလည်း လောလောဆယ်ဆယ် သုခဝတီရိပ်သာရှိ ယုနန္ဒာမြင့်၏သင်တန်းတွင် တက်နေကြသော သင်တန်းသူ အမျိုးသမီးကြီးများဖြစ်သည်မို့ တီးလုံးသံကြားသည်နှင့် က,ချင်နေကြပြီ ဖြစ်သည်။

တဖြည်းဖြည် က,နေရင်းမှ ဈာန်ဝင်လာကာ သဲသဲတို့၏ အေရိုးဗစ်အကဝိုင်းလေးမှာ စည်စည်ကားကားဖြင့် ပျော်စရာ ကောင်းလာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အားလုံး သဲကြီးမဲကြီး က,အပြီးမှာ တော်တော်လေးကို မောသွားကြပါသည်။

သဲသောင်ပြင်ပေါ်တွင် ခြေပစ်လက်ပစ် ထိုင်ချရင်း တစ်ယောက်နဲ့ တစ်ယောက် မိတ်ဆက်စကား ပြောကြပါသည်။

"သမီးလေးရဲ့ ကက်ဆက်က သိပ်ကောင်းတာပဲ၊ ကြည့်တော့ သေးသေးလေးနဲ့ အသံကတော့ တကယ့်ကိုအောင်မြင်တယ်နော်၊ အကျယ်ကြီးပဲ"

"ဟုတ်တယ် အန်တီရဲ့၊ အဲဒါ ဖေဖေ ဂျပန်သွားတုန်းက ဝယ်လာတာလေ ...

ဒီမှာတော့ အဲဒါမျိုး မရှိသေးဘူး၊ သဲသဲ ပစ်စလက်ခတ် ကိုင်တာတောင် ဘာမှမဖြစ်ဘူး၊ အရမ်းကို အကြမ်းခံတာပဲ"

"သမီးလေးက သိပ်ချစ်စရာ ကောင်းတာပဲ၊ စကားလည်း အရမ်းတတ်တယ် ...

ဟို ထိုင်နေတဲ့ သမီးလေးကကော"

"သမီးမမပါ၊ သူက အရမ်းအရှက်ကြီးတာ အန်တီရဲ့၊ ကြည့်ပါလား၊ ဦးထုပ်ကြီးနဲ့ သဲသဲကို ထိုင်စောင့်နေတာ မုန်းဖို့တောင် ကောင်းသေးတယ် ...





အန်တီကြီးတို့လို ဒီက မမတို့လိုမျိုး အစ်မတွေ အဒေါ်တွေ ရှိလို့ကတော့ အရမ်းကို ပျော်စရာ ကောင်းမှာပဲ"

"ကဲ ... ကဲ ... အန်တီတို့ သွားတော့မယ်နော်"

"မနက်ဖြန်လည်း လာခဲ့ဦးနော်၊ သဲသဲ အစောကြီး လာခဲ့မယ်"

အားလုံး 'က'၍ ပြီးသွားပြီမို့ အန်တီကြီးတွေက နှုတ်ဆက်ကာ ပြန်သွားကြပါသည်။

"မမတို့လည်း လာခဲ့နော်၊ မမတို့သုံးယောက်စလုံး အရမ်းချောတာပဲ၊ သဲသဲက အဲလို မမချောချောလေးတွေဆို အရမ်းချစ်တာ"

"ဟိုတစ်ယောက်ကလည်း ချစ်ဖို့ကောင်းတာပဲ၊ သူကကော သမီးနဲ့ ဘာတော်လဲ"

"သဲသဲ မမပါ"

"သူကကော အက ဝါသနာမပါဘူးလားဟင်"

"အောင်မယ်လေး ... ဝေးပါ၊ ရှက်တတ်လိုက်တာမှ အရမ်းပါပဲ၊ ခု သဲသဲတို့ က,နေတာကိုတောင် သူက ရှက်လွန်းလို့တဲ့၊ ရယ်ရတယ်နော် ...



www.burmeseclassic.com

www.burmeseclassic.com



မနက်ဖြန် ဆက်ဆက်လာခဲ့နော် မမ"

"စိတ်ချ ညီမလေး"

"ဟူး ... မောလိုက်တာ မမစောရယ်၊ ပျော်ဖို့လည်း ကောင်းတယ်နော်၊ မမစောကကော သဲသဲတို့ က,တာကို မြင်ပြီး က,ချင်စိတ် မရှိဘူးလားဟင်၊ သဲသဲ သင်ပေးမယ်လေ"

"အောင်မယ်လေး ... ရှက်စရာကြီး၊ မမစောက ရှက်တတ်တယ် သဲသဲရဲ့"

"ဟိုအစ်မလေး သုံးယောက်က ချစ်စရာကောင်းတယ်နော်၊ ဘယ်သူ ပိုချောလဲဟင်"

"အပြာရောင်လေးက ပိုချောမလား မသိဘူး"

"သဲသဲတော့ အနက်ရောင် ဝမ်းဆက်နဲ့ မမက ပိုချောတယ် ထင်တာပဲ ...

ဟယ် ... အဲဒီ မမတွေရဲ့ နာမည်ကိုတောင် မမေးလိုက်မိဘူး ...

ဒီလိုလုပ်ရင် မကောင်းဘူးလား မမစော၊ သူတို့ နာမည်ကို သဲသဲတို့ စကားဝှက်လုပ်ပြီး မှည့်ထားရအောင် ...





အပြာရောင်လေးကို မအေးပွင့် ...

အနက်ရောင်လေးကို မြင့်မြင့်စန်း ...

အဝါရောင်လေးကို လမ်းသုံးဆယ်၊ ဟာ ... ဘွာတေး၊ လမ်းသုံးဆယ်က လူနာမည်မှ မဟုတ်တာ၊ ဒါပေမဲ့ တစ်ဘရိတ်ထဲ ပြီးသွားအောင် သူ့ကို လမ်းသုံးဆယ်ပဲ မှည့်လိုက်မယ်၊ မကောင်းဘူးလား"

"အေး ... ကောင်းတယ်၊ သဲသဲ အကြံအစည် မဆိုးဘူး"

"ဒါပေမဲ့ သဲသဲက အနက်ရောင် မြင့်မြင့်စန်းကို ယူမှာနော် ...

ကျန်တဲ့ နှစ်ယောက်တည်းက မမစောဟာ မမစော ကြိုက်တာရွေးယူ"

"မမစောက ဘာလို့ ယူရမှာလဲ၊ မိန်းမအချင်းချင်းပဲဟာကို"

"အို ... မမစော နားမလည်ပါဘူး၊ သဲသဲတို့က မိန်းကလေးချောချောလေးတွေဆို အချစ်တော်လိုက်ထားတာ ...

တစ်ခါတစ်ခါဆို မိန်ကလေး အချင်းချင်း အချစ်တော်လုပြီး စကားမပြောကြတော့ဘဲ ရန်ဖြစ်သွားတာလည်း ရှိတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"တော်တော်ခက်တဲ့ သဲသဲလေးပါလား၊ သွက်လိုက်တာလည်း လွန်ပါရော ...

သဲသဲ သိပ်ကဲမနေနဲ့ဦး၊ မမစော စိတ်တွေ ကျဉ်းကျပ်နေပြီ"

"ဟင် ... မမစော ဘာဖြစ်လို့လဲ၊ နေမကောင်းလို့လား၊ ခေါင်းမူးနေလို့လား"

"ဒီမှာ မမစော ပြောမယ်၊ ဟိုး မမစောတို့နဲ့ ရှေ့တည့်တည့် ခပ်လှမ်းလှမ်းက သစ်ပင်နားက လူနှစ်ယောက်ကို လှမ်းကြည့်လိုက်စမ်း၊ ခုချက်ချင်း သွားမကြည့်နဲ့ဦးနော်၊ ခဏနေမှကြည့်၊ သဲသဲတို့ ကစားနေတဲ့ အချိန်တစ်ခုလုံး မမစောတို့နားက ဖြတ်လျှောက်သွားလိုက် ပြန်လှည့်လာလိုက်နဲ့ ...

ပြီးတော့ ... မမစောကိုလည်း စိုက်စိုက်ကြည့်နေတယ်"

"အောင်မယ်လေး မမစောရယ်၊ ယောကျ်ားလေးက မိန်းကလေးကို ကြည့်တာများ အဆန်းလုပ်လို့ ...

သဲသဲတို့ ရန်ကုန်က မိန်းကလေးတွေများဆို ကိုယ့်ကို နောက်ပြောင်လာတဲ့ ယောကျ်ားလေးတွေကို ဆယ်ဆ





မက ပြန်ပေါင်း နောက်လိုက်ကြတာ၊ စ,တဲ့လူတောင် အော်ပြေးရတယ် ...

သတ္တိရှိစမ်းပါ မမစောရယ်၊ နေဦး သဲသဲ အဲဒီလူတွေကို အနီးကပ် သွားကြည့်လိုက်ဦးမယ်"

"ဟဲ့ ဟဲ့ ... သဲသဲ မသွားနဲ့"

ရှင်စောဦး တားလို့မဆုံးခင်မှာပင် သဲသဲ တစ်ယောက် တော်တော်လှမ်းတဲ့ နေရာကို ရောက်နှင့်သွားပါပြီ။

ဟိုလူနှစ်ယောက်နားရောက်တော့ သဲသဲအတွက် ရှင်တုန်ပန်းတုန်ဖြင့် မျှော်ကြည့်နေမိသော ရှင်စောဦး ဒေါသပင် ပျက်ခဲ့ရပါသည်။

သဲသဲ တစ်ယောက် ဟိုလူနှစ်ယောက်နှင့် ရယ်ကာ မောကာ စကားပြောနေကြပြီး၊ ထိုသူနှစ်ယောက်ကို ရှင်စောဦး ရှိရာ ခေါ်လာနေပြီ ဖြစ်ပါသည်။

"မမစော ... ဒါ သဲသဲတို့နဲ့ အရမ်းခင်တဲ့ ကိုကိုသူရိပါ၊ နာမည်အပြည့်အစုံကတော့ ကိုမြတ်သူရိတဲ့ ...

ကိုကိုသူရိ၊ ဒါ သဲသဲ အစ်မဝမ်းကွဲ မမစော၊ နာမည်အပြည့်အစုံကတော့ ရှင်စောဦး"



www.burmeseclassic.com

www.burmeseclassic.com



"တွေ့ရတာ အရမ်းဝမ်းသာတာပဲဗျာ၊ ကျွန်တော့်ကိုတွေ့ရင်လည်း ခေါ်ပါနော် ...

ဒါနဲ့ သဲသဲတို့ ရောက်နေတာ ဘယ်လောက်ကြာပြီလဲ ...

"မနေ့ကမှ ရောက်တာ ကိုကိုသူရိရဲ့"

"ဟုတ်လား၊ ကိုကိုသူရိလည်း မနေ့ကမှ ရောက်တာ ...

ဟိုဘက်နားက အဆောင်(......)မှာ တည်းတယ်လေ"

"သဲသဲတို့ကတော့ အရင်အဆောင်မှာပဲလေ၊ ဒီအဆောင်ကို ရအောင် တစ်လကျော်တည်းက ကြိုပြီး ဘွတ်ကင်လုပ်ထားတာလေ"

"ဘယ်သူတွေ ပါသေးလဲ၊ ကေသီကော ပါသေးလား"

"ပါတာပေါ့ ကိုကိုသူရိရဲ့၊ သူ မပါရင် ဘယ်ပွဲစည်ပါ့မလဲ ...

ခုလည်း အန်တီကေသီ ပါရင် ဩဇာပေးလွန်း ရှုပ်လွန်းလို့ သူ့အလစ်မှာ ထွက်လာတာ"

"ဒီနှစ်တော့ သဲသဲက အဖော်သစ် ရနေပြီပေါ့၊ ဟုတ်လား"





"ဟုတ်တယ်၊ မမစောက ပြင်ဦးလွင်က ပြောင်းလာတာလေ၊ သဲသဲ မမစောကို အရမ်းချစ်တာ၊ သဲသဲရဲ့ အင်္ကျီကိုလည်း မမစောက လိုက်ပေးတယ်လေ ...

ကိုကိုသူရိ ရောက်နေကြောင်းကိုလည်း အန်တီကေသီကို ပြောလိုက်မယ်"

"ဟာ ... ဟာ ... မပြောနဲ့ဦး သဲသဲရ၊ တော်ကြာ သူသိသွားရင် တို့ပါ သွားရလာရတာ မလွတ်မလပ်ကြီး ဖြစ်သွားမယ်"

မြတ်သူရိက သဲသဲနှင့် စကားပြောနေရင်းမှ ရှင်စောဦးကိုလည်း ကွက်ကြည့် ကွက်ကြည့် လုပ်နေပါသေးသည်။

"ဩော် ... သဲသဲမမလည်း တော်တော် ပူနေပြီ ထင်တယ်၊ နေတောင် တော်တော်မြင့်နေပြီ၊ မနက်ဖြန်ကျတော့ သဲသဲတို့ ဘယ်သွားဦးမလဲ"

"ဒီလိုပဲ ခြေဦးတည့်ရာ လျှောက်သွားမှာပေါ့"

"ဒါဖြင့် ကိုကိုသူရိတို့ ဒီကနေ စောင့်နေမယ်၊ လာခဲ့ပါလား"

"လာခဲ့မယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်စောဦးလည်း လိုက်လာခဲ့နော်၊ တို့ ဒီနားပတ်ဝန်းကျင်နေရာတွေ လျှောက်ပြမယ်"

"ဖြေလိုက်လေ မမစော၊ လိုက်ခဲ့မယ်လို့၊ သဲသဲလည်းပါတာပဲ မမစောရယ်၊ လိုက်ခဲ့ပါနော်"

ရှင်စောဦးက ခေါင်းလေးကို အနည်းငယ် ညိတ်လိုက်ပါသည်။

"သွားမယ်နော်၊ မနက်ဖြန် ဒီနေရာကို ဆက်ဆက်လာခဲ့နော်"

"ဩော် ... ကိုကိုသူရိ သိပ်အစောကြီးတော့ မလာနဲ့နော်၊ သဲသဲတို့က အရေးဗစ် လုပ်ဦးမှာ၊ ဘော်ဒါတွေနဲ့လည်း ချိန်းထားပြီးပြီ ...

ဒီအချိန်လောက်မှပဲ လာခဲ့နော်"

"ကောင်းပါပြီတဲ့ဗျာ"







"ဟင့် မကောင်းဘူး၊ မမစောပဲ အဲဒီတုန်းကတော့ လိုက်မယ်လို့ ကောင်းမိကောင်းရဲ့ ခေါင်းညိတ်ခဲ့ပြီးကာမှ ဟိုက ကိုကိုသူရိတို့ကို အားနာစရာကြီး"

"မမစောက ကပျက်ယပျက် လုပ်တာ မဟုတ်ပါဘူး ညီမလေးရယ်၊ တို့က မိန်းကလေးမို့လား၊ ခုလို အလွယ်တကူ ယောကျ်ားလေးတွေနဲ့ လမ်းလျှောက် ထွက်သွားလို့ကကောင်းပါ့မလားလို့ စဉ်းစားနေတာပါ"

"အောင်မယ်လေး ... ကြီးကျယ်လိုက်တာ မမစောရယ်၊ ဒီနေရာကို လူတိုင်း လွတ်လွတ်လပ်လပ်နဲ့ ပျော်ချင်လို့ လာတာပါ ...

လူတိုင်းမှာလည်း ကိုယ့်ပျော်ပိုင်ခွင့်နဲ့ကိုယ် ပျော်နိုင်တာချည်းပဲ၊ ဘယ်သူ့ကမှ အလကားနေရင်း အပြစ်ပြောမနေပါဘူး မမစောရယ် ...



www.burmeseclassic.com

www.burmeseclassic.com



ဟော ... မနက်တုန်းကဆို သဲသဲက သီချင်းဖွင့်ပြီး မမစောကို က,ပြတယ် ...

သဲသဲလိုပဲ ပျော်ချင်တဲ့ မမတွေကလည်း လိုက်က, ကြတာပဲမို့လား ...

ဘယ်လောက် ပွင့်လင်းပြီး ပျော်စရာကောင်းလိုက်သလဲ ...

ကိုယ့်ကိုယ်ကိုယ် ပျော်အောင်နေပါ မမစောရယ်၊ ဘယ်သူ့ကိုမှ ဂရုမစိုက်နဲ့ ...

မအေးပွင့်တို့ မြင့်မြင့်စန်းတို့ လမ်းသုံးဆယ်တို့ဆို မြူးလို့ ကြွလို့ ဘယ်လောက် ချစ်စရာ ကောင်းလိုက်သလဲ...

အမှန်တော့ ရုပ်လှတာထက် အမူအရာလှတာက ပိုပြီး ကြည့်ကောင်းတယ် မမစော်ရဲ့ ...

သူတို့ဆို မမစောလောက် ဘယ်လှပါ့မလဲ၊ ဒါပေမဲ့ နေပုံထိုင်ပုံတွေက ပျံလန်နေတာပဲ၊ အတောင်ပေါက်ပြီး ကောင်းကင်တောင် ပျံတက်သွားမလား မှတ်ရတယ်"

ကလေးတစ်ယောက်နှင့် မတူလောက်အောင် စကား တတ်လွန်းသော သဲသဲကို ရှင်စောဦးက အံ့သြတကြီးဖြင့် ငေးမော၍





ကြည့်နေမိပါသည်။ တကယ်တော့ ရှင်စောဦး ကြီးပြင်းခဲ့ရသော သဘာဝနှင့် သဲသဲ ကြီးပြင်းခဲ့ရသော သဘာဝက အကွာခြားကြီး ကွာခြားနေသည်ကြောင့်သာ ဖြစ်ပါသည်။ သဲသဲ၏မိခင် အန်တီထားကို ကြည့်မည်ဆိုလျှင် တကယ့်သွက်လက်ချက်ချာသော အမျိုးသမီးတစ်ဦး ဖြစ်သည့်သာမက ရုပ်ရည်ကလည်း လွန်စွာမှ ချောမောလှပသည်။

အထက်တန်းလွှာ မိဘနှစ်ဦးက ဆင်းသက်လာသော သဲသဲမှာ အရာရာတွင် ပါးနပ်ပြီး သွက်သွက်လက်လက်လည်း ရှိလှပါသည်။ မည်သူ့ကိုမျှ ခင်မင်ဖို့ရန် ဝန်မလေးသလို၊ သူစိမ်းတစ်ရံစာများနှင့် ပြောဆိုဆက်ဆံရာတွင်လည်း တကယ့်လူကြီးပမာ ရဲရဲဝံ့ဝံ့ ရှိလှပါသည်။

"သဲသဲရေ ... မမစော စဉ်းစားကြည့်တယ်၊ မနက်ဖြန် မမစောတို့ ကိုသူရိတို့နဲ့သွားရင် မမကေသီကို ခေါ်ရင် မကောင်းဘူးလား"

"အောင်မယ်လေး ... မလုပ်လိုက်ပါနဲ့၊ အန်တီကေသီပါရင် စိတ်ညစ်လွန်းလို့ပါ မမစောရယ်၊ ပြီးတော့ အန်တီကေသီ ပါလာရင်လည်း ကိုကိုသူရိက ပျော်မှာမဟုတ်တော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ဘာဆိုင်လို့လဲ၊ သူတို့ပျော်ဖို့ သွားတာမှ မဟုတ်တာ၊ မမစောတို့ မရောက်ဖူးတဲ့နေရာကို သူတို့က လိုက်ပြဖို့ပဲ ...

တကယ်ဆို မမစောတို့ ပျော်ဖို့ပဲ အဓိကမို့လား၊ မမကေသီပါတော့ မိန်းမသုံးယောက်ဆိုတော့ ပိုပြီးအားရှိတာပေါ့"

"အန်တီကေသီပါရင် ကိုကိုသူရိက ပျော်မှာမဟုတ်ဘူး မမစောရဲ့"

"ဘာဖြစ်လို့လဲ သဲသဲရဲ့"

"မမစော ငယ်ပါသေးတယ်၊ ဒီအကြောင်းတွေ ဘာမှမသိသေးပါဘူး ...

အန်တီကေသီက ကိုကိုသူရိကို ကြိုက်နေတာ"

"ကိုမြတ်သူရိကကော ပြန်မကြိုက်ဘူးလား"

"ဘယ်ကြိုက်ပါ့မလဲ၊ သူ့ကို ကြိုက်တဲ့သူတွေမှ အပုံစားလေးတွေ ...

မမစောက ကိုကိုသူရိ အကြောင်းကိုမှ မသိသေးတာကိုး ...





သူက သူဌေးသား မမစောရဲ့၊ သူတို့ရဲ့ကုမ္ပဏီက အရမ်းနာမည်ကြီးတယ်လေ၊ ဘာလဲ လျှပ်စစ်ပစ္စည်းတွေ၊ အဲယားကွန်းတို့ ရေခဲသေတ္တာတို့ တီဗီတို့ပေါ့လေ၊ ဖေဖေတို့ မေမေတို့ ကုမ္ပဏီကဆို သူတို့နဲ့ ယှဉ်လိုက်ရင် အသေးလေးပေါ့ မမစောရယ် ...

ရုပ်ကလည်းချော၊ ပိုက်ဆံကလည်းရှိ၊ ပြီးတော့ တစ်ဦးတည်းသော သားလေ၊ ကိုကိုသူရိမှာ ဘာပြစ်ချက်မှ မရှိဘူး၊ အမှတ်ပြည့်ပဲ ...

အဲဒါကြောင့် ကောင်မလေးတွေက ဝိုင်းဝိုင်းလည်နေတာပေါ့ ...

ကိုကိုသူရိတို့ မိဘတွေနဲ့ ဖေဖေတို့ မေမေတို့နဲ့က ရင်းနှီးတယ်လေ ...

မေမေကတောင် ပြောသေးတယ်၊ ကိုကိုသူရိက အန်တီကေသီကို သဘောကျရင် သိပ်ကောင်းမှာပဲတဲ့"

"ကိုသူရိက မမကေသီကို သဘောကျမှာပါ"

"မထင်ပါဘူး၊ ကိုကိုသူရိကသာ သူ့ကို ကြိုက်မယ်ဆိုရင် အန်တီကေသီလား၊ သူ့မျက်နှာကို ဟောလိုကြီး မော့ထားမှာ"



www.burmeseclassic.com

www.burmeseclassic.com



"သဲသဲကတော့ ပြောရော့မယ်၊ မမကေသီက ချောပါတယ်၊ ပြီးတော့ သူတို့နှစ်ယောက်က လိုက်လည်းလိုက်ပါတယ်၊ အသက်လည်း မတိမ်းမယိမ်းလောက် ရှိမှာနော် သဲသဲ"

"ဟုတ်တယ်၊ သူတို့နှစ်ယောက်က အသက်တူတူပဲတဲ့၊ အန်တီကေသီကတော့ ၂၂ နှစ် ရှိပြီ၊ ကိုသူရိလည်း အဲလောက်ပဲ ရှိမှာပဲ ...

နှစ်ယောက်စလုံး ဘွဲ့တူတူ ရထားတာလေ ...

ကဲ ... ဒါတွေ ထားလိုက်ဦး မမစော၊ မနက်ဖြန် အန်တီကေသီကို ခေါ်မသွားတာ အကောင်းဆုံးပဲ ...

သဲသဲတို့က အစောကြီး အေရိုးဗစ် သွားလုပ်ရဦးမှာ ဟိုမှာ မအေးပွင့်တို့ မြင့်မြင့်စန်းတို့ လမ်းသုံးဆယ်တို့က စောင့်နေကြဦးမှာ ...

အန်တီကြီး နှစ်ယောက်ကိုလည်း အားနာစရာကြီး ...

သူပါလာရင် သဲသဲတို့ က,နေတာကို မျက်နှာအပုပ်ကြီးနဲ့ စောင့်နေမှာ သဲသဲ သိတယ် ...

သူက သဲသဲကို မမစောလောက် သည်းခံပေးတာ မဟုတ်ဘူး မမစောရဲ့ ...





အဲဒီတော့ ကိုကိုသူရိ ရောက်နေတဲ့အကြောင်းကိုတော့ ပြောပြလိုက်မယ်၊ ဒါပေမဲ့ မနက်ဖြန် သဲသဲတို့ ကိုကိုသူရိနဲ့ လျှောက်လည်မဲ့ အကြောင်းကိုတော့ မပြောဘူး၊ မကောင်းဘူးလား မမစော"

"သဲသဲ သဘောပဲ"

"တစ်ခု ပြောထားရဦးမယ်၊ သဲသဲ သူ့ကို ဘာပဲလိုမ့်လိုမ့် မမစော ဝင်မပြောနဲ့နော်၊ မှားသည်ဖြစ်စေ မှန်သည်ဖြစ်စေ ဒီအတိုင်းပဲ ငြိမ်နေ၊ ဟုတ်လား"

"အေးပါ လူလည်မလေးရယ်၊ တော်ကြာ လမ်းမှာ မမစောကိုတောင် ချိန်ခွင်ပေါ်တင်ပြီး အလေးချိန်နဲ့ ရောင်းစားသွားမှာ ကြောက်ရသေးတယ် ...

ဟင်း ဟင်း ဟင်း"

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၅၅၊ ၁၉–လမ်း၊ လသာမြို့နယ် သို့
ရေးသားပေးပို့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





ခုတင်ပေါ်တွင် လူးလူးလိမ့်လိမ့်နှင့် စာဖတ်နေသော ကေသီ့နားသို့ သဲသဲ ရောက်သွားပါသည်။

"ဟိုဘက်နည်းနည်းတိုးပါဦး အန်တီကေသီရဲ့"

"ဘာလို့ တိုးရမှာလဲ၊ ကိုယ့်ခုတင် ရှိသားပဲ၊ အဲဒီမှာသွား အိပ်ပါလား"

"အိုး ... သဲ့သဲက အန်တီကေသီကို ပြောစရာရှိလို့ လာတာ၊ ရတယ် ... အဲလိုဆိုလည်း မပြောတော့ဘူး"

"လာပါ ချွေသဲလေးရယ်၊ နင့်မလည်း စိတ်ကြီးပဲ"

"မနက်က အန်တီကေသီ ဘယ်မှမသွားဘူးလား"

"သွားတာပေါ့၊ သဲသဲတို့ကမှ မရှိတော့တာ၊ အဲဒါနဲ့ အန်တီကေသီ မမထားနဲ့ပဲ ကော်ဖီလေး ဘာလေး သောက်ပြီးတော့ ဟိုနား ဒီနား လမ်းထွက်လျှောက်လိုက်တာပေါ့"





"ပျော်လားဟင်"

"ပျော်ပါ့လိမ့်မယ် အားကြီးကြီး၊ သဲသဲအမေ စက်ရုပ်ကြီး ကလေ၊ သူ့ခေါင်းထဲမှာ ဘာစီးပွားရေးတွေများ တွေးနေလဲမှ မသိတာ ...

အန်တီကေသီ့ကို စကားပြောဖော်တောင် မရဘူး၊ စက်ရုပ်ကြီးကို ဘေးထားပြီး လမ်းလျှောက်ရတာကမှ တတီတီနဲ့ မြည်သံကြားရဦးမယ် ...

ဒါကြောင့် အန်တီကေသီလည်း စိတ်ညစ်ညစ်နဲ့ စာသွားဖတ်လိုက်ဦးမယ်လို့ သူ့ကို မုန်းမုန်းနဲ့ အရွဲ့တိုက် ပြောလိုက်တော့ ...

သူက ဘာပြန်ပြောတယ်မှတ်လဲ၊ ကေသီမကလည်း ဟယ်၊ စာက ဘယ်အချိန်ဖတ်ဖတ် ရတာပဲဟာကို ...

ခုလို သာယာတဲ့ ရှုမျှော်ခင်းလေးတွေကို အရသာခံပြီး လမ်းလျှောက်ရတာ ဘယ်လောက် စိတ်ကြည်နူးဖို့ ကောင်းသလဲတဲ့ ...

အန်တီကေသီက သူ့ကို အမြင်ကတ်ကတ်နဲ့ ပြောလိုက်မှန်းတောင် သူ မသိရှာဘူးလေ ...



www.burmeseclassic.com

www.burmeseclassic.com



မုန်းဖို့ ကောင်းလိုက်တာနော်၊ လောကမှာ သူ သိတာ စီးပွားရှာဖို့ တစ်ခုပဲ သိတယ်"

"ဒါကြောင့် အန်တီကေသီကို ပြောတာပေါ့၊ စောစောထ ပြီးတော့ သဲသဲတို့ ပျော်သလို လိုက်ပျော်ကြည့်ပါလို့ ...

ပျော်ရင်လည်း နောက်နေ့ ဆက်လိုက်ပေါ့၊ မပျော်ရင် လည်း အိပ်ရာထဲမှာပဲ အိပ်ပုပ်ကြီးနေလိုက်ပေါ့ ...

သဲသဲကတော့ ပျော်လိုက်တာမှ အဖော်တွေလည်း အများကြီး တွေ့ခဲ့တယ် ...

မအေးပွင့်ရယ်၊ မြင့်မြင့်စန်းရယ်၊ လမ်းသုံးဆယ် ရယ်၊ သူတို့သုံးယောက်က အရမ်းချစ်စရာကောင်းတာ ...

အန်တီကေသီနဲ့ သူတို့ကို မိတ်ဆက်ပေးရဦးမယ်"

"ဟဲ့ ... အရူးမလေး၊ အဲဒါ ဆွေလှိုင်ဦး ဝတ္ထုထဲက မင်းသမီးတွေမို့လား၊ သဲသဲ တစ်ယောက်တော့ ခက်နေပြီ"

"ဟီး ဟီး ... သဲသဲက အဲဒီမမတွေနဲ့ ခင်သွားပြီး သူတို့ နာမည်ကို မမေးလိုက်မိတော့ အဖြူလေး ဝတ်ထားတဲ့ မမကို မအေးပွင့်၊ အနက်ကလေးကို မြင့်မြင့်စန်း၊ အဝါ လေးကို လမ်းသုံးဆယ်လို့ မှည့်လိုက်တာလေ ...





သူတို့သုံးယောက်အပြင် နောက် အန်တီကြီးနှစ် ယောက်နဲ့လည်း ခင်ခဲ့တယ် ...

နောက် အမျိုးသားနှစ်ယောက်နဲ့လည်း တွေ့ခဲ့တယ်"

"ဟဲ့ ... နင် ဘယ်ကကောင်လေးတွေနဲ့ သွားပြီး အပေါင်း အသင်းတွေ ဖြစ်နေတာလဲ၊ သဲသဲနော်၊ အန်တီကေသီ သဲသဲ အမေနဲ့ တိုင်ပြောလိုက်မယ် ...

ရှင်စောကကော သဲသဲကို မတားဘူးလား၊ ဟင်းဟင်း သူ့ကြည့်ရတာ ကုတ်ကမြင်းလည်း ဖြစ်ချင်ဖြစ်မှာ ...

ဘယ်နှယ့်ကိုယ့်ညီမလေးကို တော်၏ မတော်၏ ဆုံးမကြည့်ရှုပေးဖော် မရဘူး၊ သူကပါလိုက်ပြီး အလိုတူ အလိုပါ ကြည်မွေ့နေတယ် ထင်ပါရဲ့"

"မဟုတ်ပါဘူး၊ အန်တီကေသီ အထင်လွဲနေပြီ၊ သဲသဲ ပြောတာ အဲဒီအမျိုးသား နှစ်ယောက်က သဲသဲတို့ အသိ ထဲကပါ ...

အဲဒါ အန်တီကေသီ ဘယ်သူလဲဆိုတာ ဖော်နိုင်ရင် သဲသဲက ဆုချမယ်လို့ ပြောတာပါ"

"ဘယ်သိမှာလဲ၊ ငါက ဘယ်တုန်းကများ ယောကျ်ားလေး တွေကို စိတ်ဝင်စားခဲ့ဖူးလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ဒါဖြင့် အန်တီမဖြေနိုင်ဘူးပေါ့၊ ဟုတ်လား၊ ပန်းပေးတယ်ပေါ့"

"ပန်းလည်းမပေးဘူး၊ ဘာမှလဲ မသိချင်ဘူး၊ သဲသဲဟာ သဲသဲ ဖြေချင်ဖြေ၊ မဖြေချင်နေ၊ ပြီးရင် ကိုယ့်ခုတင်ကိုယ် ပြန်ပြီး အေးအေးဆေးဆေး သွားအိပ်တော့"

"ဟင့် ... မသွားသေးပါဘူး၊ သဲသဲ ပြောတဲ့ အမျိုးသားနှစ်ယောက်က ကိုကိုသူရိတို့ကို ပြောတာ"

"ဟင် ... သူတို့ ရောက်နေတယ် ဟုတ်လား"

"ဟုတ်တယ် ... သူတို့လည်း သဲသဲတို့နဲ့ တစ်နေ့တည်းပဲ တူတူ ရောက်တာတဲ့ ...

သဲသဲတို့ မတွေ့လိုက်လို့ ဖြစ်မှာပါ၊ သူတို့က သဲသဲတို့ အဆောင်ရှေ့က ဖြတ်သွားသေးတယ်တဲ့၊ သဲသဲတို့ ရောက်နေမှန်း မသိလို့ပါတဲ့၊ နို့မို့ဆို သူ သဲသဲတို့ကို ဝင်နှုတ်ဆက်ပါတယ်တဲ့ ...

သူက သဲသဲတို့အဆောင်ရဲ့ ဘယ်ဘက်ခြမ်းမှာ နေတာဆိုတော့ မနက်ဖြန် သူ အဆောင်ရှေ့က ဖြတ်သွားရင်းနဲ့ သဲသဲတို့ကို ဝင်နှုတ်ဆက်မယ်လို့တော့ ပြောသွားတာပဲ ...





သဲသဲတို့ကို လှမ်းခေါ်လိုက်မယ်တဲ့၊ သဲသဲက သူ့ကို ထွက်ပြီး နှုတ်ဆက်ရမယ်နော်တဲ့"

"အောင်မယ် ... သူ့ကိုများ အားအားယားယား ကိုယ်က စောင့်ပြီး နှုတ်ဆက်ရမယ်တဲ့၊ ဟင်း ဟင်း ... မသကာ ကြုံတုန်းမို့ နှုတ်ဆက်ရတာက ဟုတ်တုတ်တုတ် ရှိဦးမယ်"

"ဪ ... အန်တီကေသီရယ်၊ ကိုကိုသူရိက သူ့ကိုစောင့်ပြီး နှုတ်ဆက်ခိုင်းတဲ့သဘော မဟုတ်ပါဘူး၊ သူက သဲသဲတို့အဆောင်ကို သတိထားပြီး ကြည့်သွားမယ်လို့ ပြောတာပါ ...

သဲသဲကို နှုတ်ဆက်ဖို့ ပြောသလိုလိုနဲ့ အန်တီကေသီကို နှုတ်ဆက်ချင်တာလားမှ မသိတာ"

"ဟဲ့ ... သူက အန်တီကေသီပါမှန်း ဘယ်လိုလုပ် သိမှာလဲ"

"အောင်မယ်လေး ... သိပြီးပါ့၊ သူက မေးတယ်လေ၊ ဘယ်သူတွေနဲ့ လာတာလဲတဲ့ ...

အဲဒီတော့ အန်တီကေသီ ပါလာတဲ့အကြောင်း ပြောလိုက်ရတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"သဲသဲလေးတစ်ယောက်ကတော့ ဘယ်တော့မှ နှုတ်ကိုမစောင့်ဘူး"

"အိုး ... နှုတ်မစောင့်လည်း သူက သိမှာပဲမို့လား၊ ကမ်းခြေတစ်လျှောက် လျှောက်သွားနေကြတဲ့သူ အချင်းချင်း တစ်နေ့မဟုတ် တစ်နေ့တော့ တွေ့ကြမှာပဲဟာ"

"သူက ဘယ်သူနဲ့ လာတာတဲ့လဲ"

"သူ့သူငယ်ချင်း တစ်ယောက်တော့ တွေ့တယ်၊ ကျန်တာတော့ သဲသဲလည်း မသိဘူး ...

ဩော် ... မနက်ဖြန် မနက်စောစော သဲသဲတို့ ဟိုးဘက်နားမှာ အေရိုးဗစ်လုပ်ဖို့ သွားမလို့၊ ဟိုမမလှလှလေးတွေကိုလည်း ချိန်းထားတယ်၊ အန်တီလည်း လိုက်ခဲ့ပါလားဟင်"

"မလိုက်ချင်ပါဘူး၊ စောစောစီးစီး အိပ်ရေးပျက် မခံနိုင်ပါဘူး"

"ဒါဆိုလည်း ပြီးရော"







ဂျင်းဘောင်းဘီအရှည်လေးနှင့် ဆွယ်တာအဖြူလေးကို ဝတ်ထားကာ ဆံပင်ကို အုပ်လုံးသိမ်း၍ ခပ်မြင့်မြင့်လေး စုစည်းထားသော ရှင်စောဦးမှာ အမှန်တကယ်ပင် ရင်းရှင်းသန့်သန့်လေးနှင့် ချစ်ဖို့ကောင်းလှပါသည်။

ဤသည်ကို သတိထားမိသော သဲသဲက ရှင်စောဦးကို စူးရူးစိုက်စိုက်လေး ကြည့်နေမိပါသည်။

"မမစောက သိပ်ချစ်ဖို့ ကောင်းတာပဲနော်၊ သဲသဲလေ မမစောလို သိပ်လှချင်တာပဲ ...

တချို့ဆို ပြင်ဆင်ထားမှ လှတာ၊ မမစောကတော့ မပြင်မဆင်ဘဲနဲ့ကို ချစ်ဖို့ကောင်းတာ သိလား ...

ဩော် ... တစ်ခုတော့ မှာထားရဦးမယ်၊ ကိုကိုသူရိနဲ့တွေ့ရင် ရှက်ကိုးရှက်ကန်းကြီး လုပ်မနေနဲ့နော်၊ သူတို့



www.burmeseclassic.com

www.burmeseclassic.com



က လူလည်တွေ၊ သူတို့အတွက် မိန်းကလေးဆိုတာ ဘာမှအဆန်းမဟုတ်ဘူး ...

တော်ကြာ ကိုယ်က ရှက်ကိုးရှက်ကန်း ဖြစ်နေရင် သူက မာနတက်နေဦးမယ်၊ အားလုံးကို ဖွတ်ကျားလိုသာ သဘောထားလိုက် ...

သဲသဲက အကောင်းပြောတာ၊ မမစောက သိပ်လှတာမို့လား ...

သူတို့အသိုင်းအဝိုင်းတွေထဲမှာ မမစောလောက်လှတဲ့သူ ရှိနိုင်မှာ မဟုတ်ဘူး ...

ဒါကြောင့် သူ မမစောကို မြင်တော့ မျက်လုံးတွေပြူးထွက်မတတ် ကြည့်နေတာ သဲသဲ သိတယ် ...

ကိုယ့်ဘက်က မာနနဲ့ ရဲရဲတင်းတင်းကြီး နေလိုက်ရင် အဲဒီလူတွေ ပျော့ခွေပြီး နောက်ကောက်ကျသွားလိမ့်မယ်"

"သဲသဲ ... သဲသဲ အသက်က ဆယ့်ငါးနှစ်မှ ဟုတ်ရဲ့လား ဟင်၊ အသက်သုံးဆယ်ကျော် မိန်းမတစ်ယောက် ဆယ့်ငါးနှစ် အယောင်ဆောင်ထားတာများလား"





"ဟင်း ဟင်း ဟင်း ... မမစောကတော့ ပြောရှာမယ် ... ကဲ ... လာ သွားကြမယ်"

"ကက်ဆက်ကော ပါရဲ့လား သဲသဲ"

"ပါပါတယ်"

မနေ့ကအတိုင်း ချိန်းထားတဲ့သူ အားလုံး ရောက်နေကြပါပြီ။

ပါလာတဲ့ သီချင်းတွေဖွင့်၍ က,ပြီးသည့်အဆုံးမှာ အားလုံး သဲသောင်ပြင်ပေါ်တွင် လှဲချ၍ အနားယူလိုက်ကြပါသည်။

"မနက်ပြန် မမတို့ ပြန်တော့မယ် ညီမလေး"

"ဟယ် ... စိတ်မကောင်းစရာပဲ၊ သဲသဲတို့ ခင်လို့မှတောင် မဝသေးဘူး၊ တစ်ရက်၊ နှစ်ရက်လောက် ဆက်နေပါဦးလား မမရယ်"

"နေတော့ နေချင်တာပေါ့ ညီမလေးရယ်၊ ဒါပေမဲ့ လူကြီးတွေက ပြန်တော့မယ်ဆိုတော့လည်း ဘယ်နေလို့ရပါတော့မလဲ"

"ရန်ကုန်ရောက်လို့ မမတို့ကို တွေ့ရင်ခေါ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"အန်တီတို့လည်း ပြန်တော့မယ်နော် သမီး၊ အန်တို့နာမည်က ဒေါ်ခင်မမပြုံး၊ ဒီက အန်တီက ဒေါ်ခင်သန္တါတဲ့၊ လမ်းတွေ့ရင်လည်း အန်တီတို့ကိုခေါ်နော် သမီး"

"ဟုတ် ... ဟုတ်ကဲ့ပါ အန်တီ ...

မနက်ဖြန်ကျရင်တော့ ဘယ်သူမှ မရှိတော့တာမို့ သဲသဲ ဒီနေရာကို မလာတော့ပါဘူး ...

ဝမ်းနည်းစရာကြီးနော်"

"က,လို့ပြီးကြပြီလား"

"ဟင် ... ကိုကိုသူရိတို့ ဘယ်တုန်းက ရောက်နေတာလဲ"

"ကြာလှပေါ့"

"ဟင် ... ဒါဖြင့် သဲသဲတို့ က,နေတာကို ကိုကိုသူရိကြည့်နေတာပေါ့၊ ဟုတ်လား၊ ရှက်လိုက်တာ"

"ဟင့်အင်း ... သဲသဲတို့ကို ကြည့်မနေပါဘူး"

"ဒါဖြင့် ဘယ်သူ့ကို ကြည့်နေတာလဲ"

"ဟိုးခပ်လှမ်းလှမ်းက ရေပြင်ဖွေးဖွေးကြီးကနေပြီး လှိုင်းလုံးကြီးတွေ ဖွေးခနဲ ဖွေးခနဲ တက်လာတာကို ကြည့်ကောင်းကောင်းနဲ့ ကြည့်နေတာပါ ...





ဒါနဲ့ ရှင်စောဦးကော မကဘူးလား"

ဟိုး ခပ်လှမ်းလှမ်းက ရေပြင်ကြီးကို ကြည့်ပြီး သဲသဲတို့ ကစားနေတာကို ထိုင်စောင့်နေသော ရှင်စောဦးကို မြတ်သူရိက မေးလိုက်ပါသည်။

"ဟင်း ... မ ေစာလား က,မှာ၊ သူက မွေးတည်းက အရှက်အိုးကြီးကို ရင်မှာပိုက်ပြီး မွေးလာတာလားမှ မသိတာ၊ အရှက်ကိုကြီးတယ်၊ သိပ်ကိုမုန်းဖို့ကောင်းတာပဲ"

"သူတို့ကကော သဲသဲ အစ်မတွေပဲလား"

"ဪ ... ဒီက မမတွေလား၊ ဟုတ်တယ် သဲသဲရဲ့ ဒီရောက် အစ်မတွေလေ၊ ဒီရောက်မှ ရလာတဲ့ အစ်မတွေပေါ့ ...

အရမ်းလိမ္မာတာပဲ၊ ချစ်ဖို့လည်း ကောင်းတယ်၊ သဲသဲနဲ့အတူ ဝိုင်း'က''ပေးကြတာလေ"

"သဲသဲ အစ်ကိုလားဟင်၊ တို့နဲ့ မိတ်ဆက်ပေးဦးလေ"

"ဪ ... ဟုတ်သားပဲ၊ ဒါက သဲသဲရဲ့အစ်ကို ကိုမြတ်သူရိပါ"

"ဟုတ်ကဲ့ ... ဒီကနာမည်က မြတ်လေးပွင့်ပါ"



www.burmeseclassic.com

www.burmeseclassic.com



ဟိုက် ... သဲသဲ မျက်လုံးပြူးသွားပါသည်။

"ညီမနာမည်က တင့်တင့်ဆန်းပါ"

ဘုရား ... ဘုရား ... အံ့သြစရာပဲ၊ သဲသဲ တစ်ယောက် ကျိတ်၍ ရေရွတ်နေမိပါသည်။

"ကျွန်မ နာမည်က နန်းဖုန်းသွယ်ပါ"

ဟင်း ... ငါတော့ နောက်ဆို ဗေဒင်တွက်စားရင် ရတော့မယ် ထင်တယ်။

သဲသဲ တစ်ယောက် သူမှည့်ထားသော နာမည်များနှင့် ကောင်မလေးများ၏ နာမည်က တော်တော်လေးကို ကာရန်ကိုက်ညီနေသောကြောင့် ကိုယ့်ကိုယ်ကိုယ်ပင် မယုံကြည်နိုင်လောက်အောင် အထင်ကြီးသွားမိပါသည်။

"အစ်ကို ... ညီမတို့ကို ရန်ကုန်မှာ ပြန်တွေ့ရင် ခေါ်ပါနော်"

"အစ်ကို့ကို ညီမတို့က သိပါတယ်"

"ဟာ ... ဒါတော့ မဖြစ်နိုင်ဘူး"

"အို ... သိပါတယ်ဆိုနေကာမှ ဘာလို့ မဖြစ်နိုင်ရမှာလဲ"

"ကျွန်တော်က နာမည်ကြီး ရုပ်ရှင်မင်းသားမှ မဟုတ်တာ"





"မင်းသား မဟုတ်ပေမဲ့ အစ်ကို့နာမည်ကို ညီမတို့က ကြားဖူးတယ်လေ၊ အစ်ကိုက ခင်ဖို့ကောင်းပါတယ်၊ နောက်တွေ့ရင်လည်း ညီမတို့ကို ခေါ်နော်"

"ခေါ်မှာပေါ့ဗျာ"

"သဲသဲရေ ... သဲသဲ မမကို တို့ သွားနှုတ်ဆက်လိုက်ဦးမယ်နော်"

"ကိုမြတ်သူရိရှင့်၊ ညီမတို့ ပြန်လိုက်ပါဦးမယ်နော်"

"ကောင်းပါပြီ ခင်ဗျာ"

မိန်းကလေး သုံးယောက်က ရှင်စောဦး အနားသွားကာ ...

"သဲသဲကိုတော့ နှုတ်ဆက်ပြီးပြီ ...

ဒီက မရှင်စောကို နှုတ်ဆက်တာပါနော်၊ တို့ မနက်ဖြန် ပြန်တော့မယ်"

"ဟယ် ... ဟုတ်လား၊ ဒါဆို မနက်ဖြန်မတွေ့ရတော့ဘူးပေါ့နော်"

"နောက် ရန်ကုန်မှာ တို့ကိုတွေ့ရင် ခေါ်နော်၊ တို့နာမည်နဲ့ လိပ်စာတွေ ရေးပေးခဲ့မယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေး သုံးယောက်က ရှင်စောဦးကို နှုတ်ဆက်ပြီး ထွက်သွားကြပါသည်။

"ကိုကိုသူရိတို့ ဒီမှာ ခဏနေဦးနော်၊ သဲသဲ မမစောကို သွားခေါ်လိုက်ဦးမယ်"

"မမစောရယ်၊ တကယ် ... တကယ်ကိုမှ အံ့သြစရာပဲ"

"ဘာများလဲ သဲသဲရဲ့"

"ဟိုမမသုံးယောက်ရဲ့ နာမည်တွေကို မမစော သိပြီးပြီလား"

"ဟင့်အင်း ... မသိသေးဘူး"

"အဖြူရောင် ဝတ်ထားတဲ့ မမ မအေးပွင့် နာမည်က မြတ်လေးပွင့်တဲ့ ...

အနက်ရောင် မမက တင့်တင့်စန်းတဲ့၊ အဝါရောင် မမက နန်းဖုန်းသွယ်တဲ့"

"ဟယ် ... ဟုတ်လား၊ အံ့သြစရာပဲ သဲသဲရယ်"

"ဒါနော် ... မမစောလည်း အသိပဲ၊ သဲသဲ သူတို့နာမည် သိပြီးလို့၊ ဒီနာမည် ကောက်မှည့်တာ မဟုတ်ဘူးနော်၊ ဗီဒီယိုထဲကနာမည်ကို မှည့်ထားတာ၊ တိုက်ရိုက်ကို တန်းတူနေတာပဲ ...





မအေးပွင့်တို့ မြင့်မြင့်စန်းတို့က လာကာရန်ကိုက်တာ ထားဦး၊ လမ်းသုံးဆယ်ကပါ နန်းဖုန်းသွယ်နဲ့ သွားကိုက်တာ အံ့သြစရာပဲနော် ...

သဲသဲ ကိုယ့်ကိုယ်ကိုယ်တောင် မယုံကြည်နိုင်လောက်အောင် အထင်ကြီးသွားတယ် ..."

"ဩော် ... မမစောကိုလည်း သူတို့လိပ်စာလေးတွေ ရေးပေးခဲ့သေးတယ်၊ ရန်ကုန်မှာ ပြန်တွေ့ရင် ခေါ်ပါတဲ့၊ သူတို့သုံးယောက်စလုံး အရမ်းချစ်စရာ ကောင်းတာပဲနော်"

"မှန်းစမ်း၊ မမစောကို သူတို့ပေးထားတဲ့ လိပ်စာ စာရွက်၊ သဲသဲတို့နဲ့နီးရင်တော့ ခဏခဏသွားပြီး အပြတ်ကို ရှိုးပစ်လိုက်မယ် ..."

သဲသဲက စာကို ဖွင့်ဖတ်လိုက်ပါသည်။

မေသီခိုင် ... အမှတ်(--)အင်းယားလမ်း ...

ဖြိုးဖြိုးကျော် ... အမှတ်(--)သုခဝတီလမ်း ...

သီတာဂု ... အမှတ်(--)ခုနစ်မိုင်ခွဲ ...

အခုပေးထားတဲ့ နာမည်တွေနဲ့ လိပ်စာတွေက တကယ့်အမှန်အကန်တွေပါ ...



www.burmeseclassic.com

www.burmeseclassic.com



တို့နာမည်တွေကို ရှင်စောနဲ့ သဲသဲတို့ မှည့်ခဲ့တုန်းက အဲဒီနားမှာ တို့မောင်လေးတစ်ယောက် ရှိတယ်၊ သဲသဲ တို့က အမှတ်တမဲ့ ဖြစ်နေလို့ မသိလိုက်တာပါ၊ ဒါကြောင့် မို့ မအေးပွင့်၊ မြင့်မြင့်စန်းနဲ့ လမ်းသုံးဆယ် နာမည်ကို နမူနာယူပြီး သဲသဲကို စလိုက်တာပါ ...

ခွင့်လွှတ်နော်

မေသီနိုင်

ဖြိုးဖြိုးကျော်

သီတဂူ

"ဟာ ... ရက်စရာကြီးပါလား၊ ဒီမှာ မမစော ကြည့်စမ်း။ သဲသဲတို့ အဘတ်ခံသွားရပြီ"

"ကောင်းတယ်၊ လူပါးပုလင်းထိ ဆိုတာ ဒါမျိုးပဲ ဖြစ်မှာ"

"သွား ... မမစောကို မုန်းတယ်"







"ဪ ... ရှင်စောနဲ့ သဲသဲကို မိတ်ဆက်ပေးရဦးမယ်၊ သူက တို့သူငယ်ချင်း မော်တင်ထွန်း ...

အရမ်းသီချင်းဆိုကောင်းတာ၊ ရှေ့နှစ်ခါလောက်ဆိုရင် သူ့ Series ထွက်ဖို့ရှိတယ်"

"ဟာ ... တော်လိုက်တာ၊ သဲသဲက သီချင်းနားထောင်ရတာ အရမ်းဝါသနာပါတာပဲ"

"လာပြန်ပြီ၊ သဲသဲကတော့လေ၊ သူ ဝါသနာမပါတာ ဘာမှမရှိတော့ဘူး"

သူတို့နှစ်ဦးသား မြတ်သူရိ၏ ခေါ်ဆောင်ရာနောက်ကို တကောက်ကောက် လိုက်ခဲ့ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီနေရာက ရေချိုးလို့တော့ မကောင်းဘူး၊ ကျောက်တုံး ကျောက်ဆောင်တွေ ပေါလို့လေ၊ ဒါပေမဲ့ ဒီကနေကြည့် ရင်တော့ မြင်ကွင်းက အရမ်းလှတာပဲ ..

ရှင်စောနဲ့ သဲသဲတို့ နှစ်ယောက်ကို အားမယ်ဆိုရင် တို့ နောက်နေ့တွေကျရင်လည်း လိုက်ပြစရာတွေ ရှိသေး တယ် ...

ဟိုးခပ်လှမ်းလှမ်းက မြင်နေရတာကတော့ ဖိုးကုလား ကျွန်းလေ၊ အဲဒီမှာက ခရုတွေ ပိုများတာ၊ ဝင်ကစွပ်ကော င် တွေဆိုတာမှ ခြေချစရာ မရှိလောက်အောင် ကမ်းခြေတစ်မ လုံး အပြည့်ပဲလေ ....

သစ်ပင်တွေမှာ ဆိုရင်လည်း ဝင်ကစွပ်တွေက အပြည့်ကို ပွတ်ကပ်နေတာပဲ ...

ဒီကနေ လှေလေးနဲ့သွားမှ ရတာ၊ သဲသဲတို့ ရှင်စော တို့ သွားချင်ရင် တို့လိုက်ပို့ပေးမယ်"

"ဟင့်အင်း ... နေပါစေတော့၊ ဒီကနေ မြင်နေရရင်ပြီ တာပဲ"





"ဟင်း ... ဟင်း ... ရှင်စော ကြည့်ရတာ တော်တော် ဗဟုသုတ လိုချင်တယ် ထင်ပါရဲ့"

"မ ... မဟုတ်ပါဘူး၊ ရှင်စော ပတ်ဝန်းကျင် အလှအပ မြင်ကွင်းတွေကို အရမ်း ဝါသနာ ပါပါတယ်၊ တော် ကြာ လေးလေးမိုးတို့က ရှင်စောတို့ကို ဆူနေမှာ စိုးလို့ ပါ"

"ကျောက်မောင်နှမကိုတော့ ပို့တော့ ပို့ပေးချင်ပါတယ်၊ ကားနဲ့သွားရင် ရတယ်ဆိုပေမဲ့ လမ်းက နည်းနည်းကြမ်း တယ် ...

သွားချင်ရင်တော့ တို့ လိုက်ပို့ပေးမယ်၊ တစ်နေ့ ချိန်းကြတာပေါ့၊ ဟုတ်လား"

"ဟုတ်ကဲ့ပါ ကိုသူရိ"

"ကိုကိုသူရိ ညကျရင် သဲသဲတို့ အဆောင်ရှေ့မှာ သီချင်း လာဆိုပါလား"

"ဟ ... ကိုကိုသူရိမှ သီချင်းကောင်းကောင်း မဆိုတတ် တာ"



www.burmeseclassic.com

www.burmeseclassic.com



"အောင်မယ် ... ဆိုတတ်ပါတယ်နော်၊ အရင်တုန်းက ကိုကိုသူရဲ့ သီချင်းဆိုတာ အရမ်းနားထောင်လို့ ကောင်းတာပဲ ...

ပြီးတော့ ကိုကိုသူရဲ့ သူငယ်ချင်း ဒီအစ်ကိုရဲ့ အသံကိုလည်း နားထောင်ချင်လို့ပါ"

"ကဲ ... ဒီလိုဆို ကိုကိုသူရိတို့ ညကျရင် လာခဲ့မယ်၊ သဲသဲတို့က စားစရာတွေ လုပ်ထား၊ များများလုပ်ထားနော်"

"စိတ်ချ၊ ဒီတာဝန်တွေကို အန်တီကေသီ့ကို ပေးလိုက်မယ်၊ ကိုကိုသူရိသာ လာမယ်ဆိုရင် အန်တီကေသီက စားစရာ ဖွယ်ဖွယ်ရာရာတွေ လုပ်ထားမှာ သေချာတယ်"

"သဲသဲဟာလေ၊ တော်တော် မဟုတ်တာ ပြောတယ်၊ တို့အတွက် လာဘ်ပိတ်နေဦးမယ်၊ ဒီလိုဆို တို့ မလာတော့ဘူး"

"အောင်မယ် ... သူကများ ယောက်ျားလေးလုပ်ပြီး ကြီးကျယ်နေလိုက်တာ၊ မလာရင်နေပေါ့"

"အေးနော် ... ဒါဆိုမလာတော့ဘူး"





"အလကား စတာပါ ကိုကိုသူရိရယ်၊ လာခဲ့ပါ၊ ဆက်ဆက်လာနော်၊ ဩော် ... သဲသဲတို့ အခုလျှောက်လည်တဲ့အကြောင်း အန်တီကေသီကို မပြောနဲ့နော် ...

သွားပြီ ... ဘိုင့်ဘိုင် ..."

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၅၅၊ ၁၉-လမ်း၊ လသာမြို့နယ် သို့
ရေးသားပေးပို့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





သဲသဲနှင့် ရှင်စောဦးတို့ နှစ်ယောက် အပြင်မထွ
သေးသည်မို့ ကေသီ တစ်ယောက် အိပ်ရာထဲမှာပင် အိပ်ချင်ဟ
ဆောင်နေရပါသည်။

မနေ့ကတော့ သူတို့နှစ်ယောက် ဘယ်အချိန်
ထွက်သွားမှန်း မသိအောင် ကေသီ အိပ်မောကျနေခဲ့သော်လ
ဒီနေ့တော့ သူတို့ထက်အရင် အိပ်ရာမှ စောလျင်စွာ နိုးနေ
သည်။

သူနိုးနေမှန်း သိလျှင် ဟိုလျှာရှည်မလေး သဲသ
တကျီကျီ ခေါ်နေတော့မည် ဖြစ်ပါသည်။ ဒါကြောင့် အိပ်ချင်ဟ
ဆောင်နေရတာ ဖြစ်ပါသည်။

ဒီနေ့မှ နှစ်ယောက်သား တော်တော်နှင့်ကို ထွ
မသွားနိုင်ကြပါ။





ကေသီခမျာ၊ သဲသဲနှင့် ရှင်စောဦး အသွားကို
တ်မိုတ်ခ်စားရင်း စောင့်နေရပါသည်။

သူတို့နှစ်ယောက် ထွက်သွားသံကြားတော့ အိပ်ရာ
ထတော့မည် အလုပ်၊ အပြင်မှ တံခါးဖွင့်သံ ကြားရပြန်တော့
စ်ဖန် ပြန်လှဲချလိုက်ရပြန်သည်။

သဲသဲ တစ်ယောက် တစ်ခုခု မေ့ကျန်လို့ ပြန်ဝင်
တာ ဖြစ်မည်။ သူတို့နှစ်ယောက် လုပ်ပုံနှင့် ကေသီက သူ့အစီ
စဉ်တွေ လွဲချော်သွားမည်ကိုလည်း စိုးရိမ်လှပါသည်။

ဒီတစ်ခါ ပြန်ထွက်သွားပြီး စိတ်ချရလောက်မှ
သီ အိပ်ရာထဲမှ ကမန်းကတန်း ထလိုက်ပါသည်။

မျက်နှာသစ်၊ ရေမိုးချိုး၊ လိမ်းခြယ်ပြီး အဝတ်အစား
ပပလေးကို ဝတ်လိုက်ပါသည်။ နေပူလျှင် အကာအကွယ်ရ
င် ခေါင်းတွင် ပဝါအနီရောင်ပါးပါးလေးကိုလည်း စည်းထား
က်ပါသည်။

ပြီးမှ အခန်းသော့ခတ်ကာ အဆောင်၏အရှေ့ သဲ
င်ပြင်တွင် ပလတ်စတစ်ခုံလေးတစ်ခု ချကာ စာကို အကျ
 ထိုင်ဖတ်နေပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ ကေသီ ခေါင်းထဲတွင် ဖတ်နေ
စာများက တစ်လုံးမှ မဝင်ပါ။ သူမ ခေါင်းထဲတွင် ရှိနေသ
မြတ်သူရိကိုပင် ...

မနေ့က သဲသဲ ပြောပြလို့ မြတ်သူရိ ရော
ကြောင်း သူမ သိခဲ့ရပါသည်။ ပြီးတော့ မြတ်သူရိက
အဆောင်၏ ဘယ်ဘက်ခြမ်းရှိ အဆောင်များတွင် နေ
ဘယ်နည်းနှင့်မဆို မြတ်သူရိ အပြင်ထွက်လျှင် သူတို့အ
ရှေ့မှ ထွက်ရမည်မှာ သေချာပါသည်။

ဒါကြောင့် မြတ်သူရိကို သူမ နှုတ်ဆက်ရ
ထွက်စောင့်နေခြင်းသာ ဖြစ်ပါသည်။

"ဘယ်မှ မသွားဘူးလား၊ ကေသီ သမီးကော"

"မနက်အစောကြီးတည်းကပဲ ရှင်စောနဲ့ ထွက်သွ
မမထား ...

ကေသီကိုတောင် သူတို့နဲ့ လိုက်ခဲ့ဖို့ ခေါ်သေး
အိပ်ရာက မထချင်တာနဲ့ ကေသီလည်း မလိုက်
တာ"

"လာလေ ... ဒါဖြင့် လမ်းလျှောက်ရအောင်"





"နေပါစေ မမထားတို့ပဲ လျှောက်တော့၊ ကိုမိုး ပါတယ်မို့
လား ...

ကေသီ ဒီစာအုပ်လေး ဖတ်လိုက်ဦးမယ်"

"အေး အေး ... ဒါဖြင့် မမထားတို့ သွားတော့မယ်နော်၊
ပြော် ... သမီး သဲသဲ လာရင် ဘယ်မှမသွားနဲ့ဦးလို့ ပြော
ထားဦး၊ တော်ကြာ ထမင်းထွက်စားရင် သူတို့ကို စောင့်
နေရဦးမယ်"

"ဟုတ်ကဲ့ပါ မမထား"

နေကလည်း အတော်လေး မြင့်လာပါပြီ၊ မြတ်သူရိ
ကို အရိပ်အယောင်တောင် မတွေ့ရသေးပါ။

ဟိုနားဒီနား ထွက်ရာလျှင်လည်း လွဲသွားနိုင်မည်မို့
အောင့်အည်း၍ စောင့်နေရပါသည်။

ဟိုးခပ်လှမ်းလှမ်းမှ သဲသဲနှင့် ရှင်စောဦးက ကေသီ
ကို တွေ့သော်လည်း ကေသီက သူတို့နှစ်ယောက်ကို သတိမထား
မိပါ။

"ဟိုမှာ မမစော ကြည့်ပါလား၊ အန်တီကေသီရယ် ...
သဲသဲ မပြောဘူးလား၊ သူ သဲသဲတို့နဲ့ မလိုက်တာ
ကိုကိုသူရိကို စောင့်နေလို့လေ ...



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ ကိုကိုသူရိက ဟိုညာဘက်က အဆောင်မှာ နေတာလေ ...

သူနေတဲ့နေရာနဲ့ တခြားစီပဲ၊ သဲသဲက တမင်တကာ၊ သူက ဘယ်ဘက်ခြမ်းမှာနေတယ်၊ အပြင်ထွက်ရင် သဲသဲတို့ အဆောင်ရှေ့က ဖြတ်သွားရမှာလို့ လိမ်ပြီး ပြောခဲ့တာ"

"ဟယ် ... ဒီလိုပြောတာတော့ ဘယ်ကောင်းပါ့မလဲ သဲသဲရယ်၊ မမကေသီ သနားပါတယ်"

"မသနားနဲ့ မမစော၊ သူ ဒုက္ခပေးလို့ သဲသဲ ခံရတာတွေလည်း များလှပြီ၊ အန်တီကေသီနဲ့ သဲသဲက အမြီးကျက် အမြီးစား၊ ခေါင်းကျက် ခေါင်းစားပဲ"

"တော်တော် ယုံကြည်ဖို့ ကောင်းတဲ့ တူဝရီးနှစ်ယောက်ပဲ"

ရှင်စောဦးနှင့် သဲသဲတို့နှစ်ယောက် စကားတပြောပြောနှင့် လျှောက်လာလိုက်ကြတာ ကေသီ ထိုင်နေရာသို့ ရောက်ရှိသွားပါတော့သည်။





"အန်တီကေသီ"

"လန့်လိုက်တာဟယ်"

"အန်တီက ဘာတွေ တွေးနေလို့ လန့်နေရတာလဲ ...

နေတွေလည်း ပူလာပြီ။ အထဲဝင်ကြရအောင်လေ"

"သဲသဲတို့ဟာ သဲသဲတို့ ဝင်ချင်ဝင်တော့လေ၊ အန်တီကေသီ လိုက်လာခဲ့မယ်"

တကတည်းမှပဲ သူ စောင့်နေတဲ့သူက မြတ်သူရိ၊ ရောက်လာတဲ့သူက အကုသိုလ်ဂြိုဟ်ဆိုးမလေး နှစ်ယောက်။

သိပ်ကို မုန်းဖို့ကောင်းတာပဲ။

"မမထားက ပြီးရင် ထမင်းသွားစားမယ်တဲ့၊ အပြင်ထွက်မသွားနဲ့တော့တဲ့"

"ဟုတ်ကဲ့ပါ အန်တီကေသီ ...

မမစော ရေအရင်သွားချိုးထားလိုက်၊ သဲသဲ လိုက်လာခဲ့မယ် ...

အန်တီကေသီ"

"ဘာတုံး"



www.burmeseclassic.com

www.burmeseclassic.com



"ဖြည်းဖြည်းထူးလည်း ရပါတယ်၊ အန်တီကေသီရယ်၊ သဲသဲ နားမကန်းသေးပါဘူး ...

သဲသဲတို့ မနက်တုန်းက ကမ်းခြေမှာ အေရိုးဗ သွားလုပ်တာလေ ...

ပြီးလည်းပြီးရော သဲသဲတို့ က,နေတာကို ဘယ်သ ကြည့်နေတယ်မှတ်လဲ"

"ဘယ်သိပါ့မလဲ"

"ကိုကိုသူရိရယ်လေ၊ ဘယ်အချိန်က ကြည့်နေမှန်း မသ ပါဘူး၊ ရုက်ဖို့ကောင်းလိုက်တာ ...

သဲသဲတို့ က,နေတဲ့ နေရာနဲ့ သူ့အဆောင်နဲ့က တယ်တဲ့ ...

သဲသဲက သူပြောတာကို အကြားမှားသွားတ အန်တီကေသီရဲ့၊ တကယ်တော့ သူ့အဆောင်က သဲသဲ အဆောင်ရဲ့ ညာဘက်ခြမ်း ...

အခု သဲသဲတို့ သွားတဲ့နေရာရဲ့ ခပ်လှမ်းလှမ်း မှာတဲ့"





"ဩော် ... ဒါဖြင့် သဲသဲ ပြောတဲ့ စကားက သိပ်တော့ မမှားပါဘူး၊ တောင်နဲ့မြောက်၊ အရှေ့နဲ့အနောက်လောက်ပဲ မှားတဲ့သဘောပေါ့၊ ဟုတ်လား"

"ဟဲ ... ဟဲ ...

ဩော် ... ကိုကိုသူရိက မှာလိုက်သေးတယ်၊ အန်တီကေသီတို့ကိုလည်း သူ နှုတ်ဆက်ရအောင် လာခဲ့ဦးမယ်တဲ့"

"သတိရဖော်ရတာကိုပဲ ကျေးဇူးတင်ပါတယ်လို့၊ ဒီတစ်ခါ သူ့ကိုတွေ့ရင် ပြောလိုက်၊ ဟုတ်လား"

"အန်တီကေသီကလည်း ... ကိုကိုသူရိက အကောင်းပြောတာပါ ...

သူ့မှာ သူငယ်ချင်း အဆိုတော်တစ်ယောက်လည်း ပါလာတယ် အန်တီကေသီရဲ့ ...

ဒါကြောင့် သဲသဲက လာမယ်ဆိုရင် ညကျရင်လာခဲ့ပါလားလို့ ဖိတ်ခဲ့တယ် ...

သဲသဲတို့အဆောင်နဲ့ မလှမ်းမကမ်းမှာ သီချင်းလေး တစ်ပုဒ်သာ ဆိုလိုက် ...



www.burmeseclassic.com

www.burmeseclassic.com



သဲသဲတို့ ထွက်လာခဲ့မယ်လို့ ပြောလိုက်တယ်၊ ပြီးတော့ ဂစ်တာလည်း ယူခဲ့ဖို့ မမေ့နဲ့ဦးလို့လည်း မှာလိုက်တယ် ...

ဟိုတစ်ခါတုန်းကလို ညဘက် သီချင်းဆိုရတာ အရမ်းပျော်ဖို့ ကောင်းတာပဲနော် အန်တီကေသီ ...

အခု သူနဲ့ ပါလာတဲ့ သူငယ်ချင်းက စီးရီးထုတ်ဖို့ တောင် လုပ်နေတာတဲ့ ...

အရမ်းကို ပျော်ဖို့ကောင်းမှာပဲနော် ...

ဩော် ... ကိုကိုသူရိက မှာလိုက်သေးတယ်၊ ညကျရင် သူစားဖို့ ဖွယ်ဖွယ်ရာရာတွေ လုပ်ထားလိုက်ပါတဲ့"

"အောင်မယ် ... ကြီးကျယ်နေလိုက်တာ"

"တကယ်ပြောတာ အန်တီကေသီရဲ့၊ မယုံရင် မမစောကို မေးကြည့်"

"သဲသဲက ကိုသူရိနဲ့ ရှင်စောကိုကော မိတ်ဆက်ပေးလိုက်ရဲ့လား"

"မိတ်ဆက်ပေးလိုက်ပါတယ် ...





ရယ်စရာ ပြောရဦးမယ်၊ သဲသဲက မမစောကို ကိုကိုသူရိနဲ့ မိတ်ဆက်ပေးလိုက်တော့ ...

ကိုကိုသူရိ မျက်နှာကတော့ ခပ်မှန်မှန်ပဲပေါ့လေ ...

မမစော မျက်နှာကြီးကတော့ ဘယ်လိုကြီး ဖြစ်သွားမှန်းကို မသိဘူး ...

သူ့ကြည့်ရတာ တော်တော်ရှက်သွားပုံလည်း ရတယ်၊ မျက်နှာကို ကိုကိုသူရိဘက်ကိုလည်း မလှည့်ဘဲ ...

ရေပြင်ကြီးဘက်ကို ကြည့်ပြီး သိရတာ ဝမ်းသာပါတယ်တဲ့ ...

စကားသံတွေကလည်း မှုမမှန်တော့ဘူးလေ၊ တုန်တုန်အက်အက်ကြီးနဲ့ ဘယ်လိုကြီး ဖြစ်နေမှန်းမသိဘူး ... ဟင်း ဟင်း ... ရယ်ရတယ်နော် ...

အဲဒီနေရာမှာတော့ အန်တီကေသီနဲ့ သဲသဲတို့လို မြို့သူတွေနဲ့ တခြားစီပဲနော် ...

သဲသဲတို့ အန်တီကေသီတို့ ဆိုရင် တစ်ယောက်နဲ့ တစ်ယောက် မိတ်ဆက်ပေးရင် ...



www.burmeseclassic.com

www.burmeseclassic.com



နောက်လမ်းတွေ့လည်း ခေါ်ပါ၊ အိမ်ကိုလည်း လာလည်ပါ၊ အမျိုးမျိုးပေါ့နော်။ အခေါ်အပြောလေးတော့ ရှိရမှာပေါ့ ...

ခုဟာက မိတ်ဆက်ပေးတဲ့သူရော၊ မိတ်ဆက်ခံရတဲ့ သူကော အကြောင်ကြီး ကြောင်ပြီး ...

အကုန်လုံး မအီမလည်ကြီး ဖြစ်သွားကြတာပေါ့၊ ဒါနဲ့ပဲ ကိုကိုသူရိက အရှက်ကို ပြန်ထိန်းတဲ့အနေနဲ့ သဲသဲ ဘက်ကိုလှည့်ပြီး သူ့သူငယ်ချင်း ဟိုအဆိုတော်လုပ်မယ် ဆိုတဲ့ အစ်ကိုကြီး မော်တင်ထွန်းနဲ့ မိတ်ဆက်ပေးတယ်"

"နာမည်က မော်တင်ထွန်းတဲ့လား"

"ဟုတ်တယ် ... သီချင်းဆိုရင်တော့ ဘာနာမည်နဲ့ ဆိုမလဲ မသိဘူးလေ"

"သူ့ပုံက ဘယ်လိုနေလဲ ရွှေသဲလေး"

"အင်း... ဆိုးတော့ မဆိုးပါဘူး၊ ပိန်ပိန်ပါးပါးပါပဲ၊ အရပ် ကလည်း ခပ်တန်တန်ပဲ၊ အသားကဖြူဖြူ ပြီးတော့ မေး စေ့က နည်းနည်းချွန်တယ်၊ မျက်နှာပုံသဏ္ဌာန်က အကြမ်း





အားဖြင့်တော့ တြိဂံပြောင်းပြန်ပုံစံပေါ့လေ၊ အသားကလည်း နည်းနည်းပါးတယ်၊ လူပုံသဏ္ဌာန်က ပြားကပ်ကပ်ပေါ့ ... အင်း ..."

"တောပြီ ရွှေသဲလေး၊ သူ့အကြောင်းကို အန်တီကေသီ ဒီလောက်သိစရာ အကြောင်းမရှိဘူး၊ တွေ့ရင်သာ ကြောင် တောင်တောင် ဖြစ်နေမှာမှာစိုးလို့ အကြမ်းအားဖြင့်သိရင် ရပြီ"

"ဟင် ... သူကပဲ မေးပြီးတော့၊ ရတယ်၊ နောက် သဲသဲ ကို ဘာမှ လာမမေးနဲ့တော့၊ သွားတော့မယ်၊ ဟိုမှာ မမစောတောင် ရေချိုးပြီးလာပြီ"

"တော်တော်ဆိုးတဲ့ ကောင်မလေး"

သူတို့အဆောင်ရှေ့ကို ဒေါ်ခင်ထားလတ်နှင့် ဦးမိုး ကျော်သူတို့ ထမင်းစားရန် လာခေါ်မှ သဲသဲတို့သုံးယောက်သား အဆောင်ထဲက ထွက်လာပါတော့သည်။

"ဘယ်တွေ လျှောက်သွားနေတာလဲ သမီးရယ်၊ နေပူထဲ သိပ်မထွက်နဲ့နော်၊ အသားတွေလည်း မည်းနေပြီ ...



www.burmeseclassic.com

www.burmeseclassic.com



ရှင်စောကော ပျော်ရဲ့လား"

"ပျော်ပါတယ် အန်တီထား"

"ရှင်စော ပျော်လား မပျော်လားတော့ မသိဘူး၊ ကေသီ သိရသလောက်ကတော့ သဲသဲ တစ်ယောက် ရှင်စောကို သူ့အရုပ်များ မှတ်နေလား မသိဘူး၊ ရှင်စော ခမျာ သူ ခြယ်လှယ်တာမှန်သမျှကို လိုမ့်ခံနေရတယ် မမထားရေ့"

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၅၅၊ ၁၉-လမ်း၊ လသာမြို့နယ် သို့
ရေးသားပေးပို့နိုင်ပါသည်။







ထမင်းစားပြီးအပြန်မှာ ကေသီတို့သုံးဦးသား ခေါင်းချင်းရိုက်ကာ အစားအသောက်များကို ဝယ်ခြမ်းနေပါသည်။ ခါတိုင်းနှင့်မတူ ဒီနေ့ ထူးထူးခြားခြား မုန့်ပဲသားရည်စာများကို ဝယ်နေသည်မို့ ဒေါ်ခင်ထားလတ်က သူတို့ကို အကဲခတ် ကြည့်နေမိပါသည်။

ဝယ်ခြမ်းသည့် ပစ္စည်းမှန်သမျှကို ကေသီက စိုက်ထုတ်ပေးခဲ့ပါသည်။

ရှင်စောဦးကတော့ သဲသဲနှင့် ကေသီတို့ နှစ်ဦးရဲ့ ကိုင်ပင်ဖော် သဘောသက်သက်သာ ဖြစ်ပါသည်။

ကြက်ကင်နဲ့ ငါးကင်ကိုတော့ သူတို့ ဝယ်စားနေကျ ကောင်လေးကို ညနေစောင်းမှ ပူပူနွေးနွေးလေးလုပ်ပြီး လာပို့ဖို့ မှာခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင်စော လက်ဖက်သုပ်တတ်တာ သေချာတယ်နော် ...

မမကေသီက လက်ဖက်ကို အစပ်အဟပ်တည့်အောင် မသုပ်တတ်ဘူး ရှင်စောရဲ့"

"ရပါတယ်၊ ရှင်စော လက်ဖက်ကောင်းကောင်း သုပ်တတ်ပါတယ်၊ ဪ ... ငရုတ်သီးစိမ်းနဲ့ သံပရာသီးလေးပါ ဝယ်မယ်နော်၊ ချဉ်ချဉ်စပ်စပ်လေးသုပ်မှ ကောင်းတာ မမကေသီရဲ့"

"ဟဲ့ ... နင်တို့ ဘာလို့ အစားတွေ ဒီလောက်အများကြီး ဝယ်နေရတာလဲ"

"မေမေကလည်း အသာနေစမ်းပါ၊ ပြီးမှ သဲသဲ ပြောပြမယ် ...

အန်တီကေသီ ပိုက်ဆံအိတ်ထဲက ပိုက်ဆံတွေ ယိုဖိတ်ကျနေတုန်း သဲသဲ စားချင်တာတွေ လှိမ့်ပြီး ပွဆာနေတာ ...

အန်တီကေသီ ဝယ်ကျွေးတဲ့ မုန့်က စားရခဲတယ်မို့လား မေမေရဲ့"

"ဟဲ့ ... သဲသဲ၊ ဘာတွေ ပြောနေတာလဲ"





"ဒီလိုပါ မေကြီးရဲ့၊ ခု ကိုကိုသူရိတို့ ဒီကို ရောက်နေတယ်၊ သဲသဲတို့နဲ့ တွေ့ပြီးခဲ့ပြီ၊ အဲဒါ ကိုကိုသူရိတို့က ညကျရင် လာခဲ့မယ်တဲ့၊ အန်တီကေသီ့ကိုလည်း သူတို့ နှုတ်မဆက်ရသေးဘူးတဲ့ ...

ညကျရင် ဂစ်တာသံနဲ့ သီချင်းဆိုသံကြားရင် မေမေတို့ ထွက်မလာနဲ့နော်"

"ဟဲ့ ... ဘယ့်နှယ်ပါလိမ့်၊ သီချင်းဆိုသံကြားရင် မေမေတို့ပါ ထွက်ခဲ့ပါလို့ ဖြစ်ရမဲ့ဟာ"

"ဟာ ... လူကြီးတွေ ပါလာတာ ရှုပ်တာပေါ့ မေမေရ၊ သူတို့ဟာသူတို့ လူငယ်ချင်း စကားပြောကြ ပျော်ကြတာပဲ ကောင်းတာပေါ့ ...

မေမေတို့ ပါလာရင် အနေအထိုင် အပြောအဆိုတွေ ဆင်ခြင်နေရဦးမယ် ...

ကိုကိုသူရိတို့ကလည်း မေမေတို့ကို လာနှုတ်ဆက်ရဦးမှာပဲ၊ အဲဒီတော့မှ ထွက်ခဲ့ပေါ့နော်"

"ကောင်းပါပြီတဲ့ရှင်"

"မေမေ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ သမီး"

"သဲသဲတော့ အန်တီကေသီ့ကို ညာတာပါတေးနဲ့ မုန့်တွေ ဝယ်ခိုင်းထားတာ ငါးထောင်ကျော်ဖိုးလောက်တောင် ရှိနေပြီ ...

ကြက်ကင်ကို နှစ်ကောင့်ဝယ်ခိုင်းထားတယ်၊ သဲသဲတို့စားရင် တစ်ကောင်ဆို ပြိုက်ခနဲ ကုန်သွားတာမို့လား ...

သူတို့ အပျို့လူပျို့တွေ ရှက်ကိုးရှက်ကန်းနဲ့ စကားတွေ ပြောနေတဲ့အချိန်မှာ သဲသဲကတော့ အကုန်လုံးကို တစ်ယောက်တည်း ဖိစားပစ်လိုက်မယ်၊ ကြက်တစ်ကောင်လောက်ကတော့ သဲသဲဗိုက်ထဲကို အသာလေးရောက်မှာ သေချာတယ် ... ဟင်း ... ဟင်း"

"ငတ်ကြီးကျလှချည်လား သမီးရယ်"

"ရှင်စော ... ဟိုမှာတွေ့တယ်မို့လား၊ သဲသဲရယ် သူ့အမေကို ချော်တွန်း လုပ်နေတာလေ၊ အဲဒီကောင်မလေးကို ကြည့်ပေါင်းနော် ရှင်စော၊ အရမ်းဗရုတ်ကျတဲ့ ကောင်မလေး"





သဲသဲ၏ ပြောပြချက်အရ ကေသီ တစ်ယောက်ကာတွေ လုပ်နေတယ်ဆိုတာကို ဒေါ်ခင်ထားလတ်က သိနေဟန်ဖြင့် ကေသီ့ကို လှမ်း၍နောက်လိုက်ပါသည်။

ကေသီက ရှက်ကိုးရှက်ကန်းလေးဖြင့် သူ့အစ်မ၏ပခုံးကို လှမ်း၍ ပုတ်လိုက်ပါသည်။

"ညကျရင် မမထားတို့ပါ လာစားမယ်နော်"

"လာရမှာပေါ့၊ မုန့်တွေမှ အများကြီး ဝယ်ထားတာ၊ အဲဒီကောင်မလေး နှိပ်စက်ထားတာလေ ...

ဧည့်သည်က စားတောင်မှ နည်းနည်းပဲ စားမှာပါ၊ သူ့အတွက် ကေသီ့ကို သက်သက်ညှဉ်းဆဲတာပါ မမထားရယ်"

"ဒီလိုလည်း မပြောနဲ့ဦး ကေသီမရဲ့၊ နောက်မှ ရွှေသဲလေးကျေးဇူးကို မမေ့ပါဘူး ဖြစ်နေဦးမယ်"

"အောင်မယ် ကြည့်စမ်း။ သူတို့သားအမိနှစ်ယောက်ကတစ်စိတ်တည်းပဲ ...

သူ့သမီးအကြောင်းကို တိုင်ကာမှ မအေကလည်းသမီးအတိုင်းပဲ ထွက်လာတာပဲ ...

www.burmeseclassic.com



ဒါကြောင့် ရွှေသဲလေးက မမထားသမီး ပီသတာပေါ့၊ သိပ်မုန်းစရာကောင်းတဲ့ သားအမိ”

“အပြောမကြီးပါနဲ့ ကေသီမရယ် ...

ကဲ ကဲ ... ဝယ်စရာရှိလည်း မြန်မြန်ဝယ်ကြ၊ နေပူပြီ၊ အိမ်ပြန်နားကြရအောင်”

ဝေဖန်စာ၊ အကြံပြုစာ၊ စိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၅၅၊ ၁၉-လမ်း၊ လသာမြို့နယ် သို့
ရေးသားပေးပို့နိုင်ပါသည်။







“မယ်မဒီလေးလား မှားမိတယ် ... သူကကွယ် သိပ်ချောချောလွန်းတယ် ...

ကေသာလေးက ပိတုန်းရောင်ခြယ် ... လှနိုင်လွန်းတဲ့ ... ကာရန်လေးရယ် ... အကြင်နာကြည့်နဲ့ သူ့မျက်လုံးတွေ ...

မြင်သူတကာတိုင်းလည်း ‘စွဲကျန်လိမ့်မယ် ...

မှုန်မခြယ်ဘဲနဲ့ လှတဲ့အလှကို ... ကဗျာတွေဖွဲ့လည်း မမီနိုင်ဘူးကွယ်၊ မြင်သူတကာတိုင်း လည်ပြန်ကာငေး အခြေမခိုင်နိုင် ယိုင်လဲနေ ...

ကိုယ်တစ်ယောက်လည်း သည်လိုပါပဲ ...

သိပ် သိပ် သိပ် သိပ် သိပ် သိပ် ချစ်နေပြီကွယ်”



www.burmeseclassic.com

www.burmeseclassic.com



"ဟော ... အန်တီကေသီ၊ ကိုကိုသူရိတို့ ရောက်နေပြီထင်တယ် ...

သီချင်းသံတွေ ကြားတယ်မို့လား"

သဲသဲက ပါးစပ်ထဲတွင် ပေါင်မုန့်တွေ ပလုတ်ပလောင်းဖြင့် ပြောနေပါသည်။

"အင်း ... ဟုတ်တော့ ဟုတ်မယ်ထင်တာပဲ"

"ဟုတ်ပါတယ်၊ သေချာပါတယ်"

ပြောပြောဆိုဆို လက်ထဲတွင် တစ်ဝက်နီးပါးကျန်နေသော ဟမ်ဘာဂါကြီးကို သဲသဲက အကုန်လုံး ပါးစပ်ထဲသွပ်ထည့်လိုက်ပါတော့သည်။

"လာ လာ ... သွားကြမယ်"

သဲသဲ တစ်ယောက် အဆင်သင့် ထုပ်ပိုးထားသော အစားအသောက်များနှင့် ဓာတ်ဘူးထဲတွင် အဆင်သင့် ထည့်ထားသော ကော်ဖီနှင့် ရေနွေးကြမ်းများ ထည့်ထားသည့် ခြင်းတောင်းကို လှမ်းဆွဲလိုက်ပါသည်။

"ဖြည်းဖြည်းလည်း လုပ်ပါဦး သဲသဲရယ်၊ ပါးစပ်က အစားတွေနဲ့ တော်ကြာ နင်ပြီး သေနေဦးမယ်"





"ဟယ် ... အန်တီကေသီရယ်၊ ကိုယ့်တူမလေးကို ပြောရက်တယ်နော်၊ ဒီကတော့ သူ့အတွက် စီစဉ်ပေးနေလိုက်ရတာ၊ သူကတော့ သဲသဲကို အစားတွေနင်ပြီး သေနေဦးမယ်တဲ့၊ ရပါတယ် ... ရပါတယ်"

"ကဲပါ ... လျှာကလည်း ရှည်လိုက်တာ၊ လာ ... သွားကြမယ်"

"ခဏလေး ... ခဏလေး ...

သီချင်းလေးက အရမ်းကောင်းတာပဲနော်၊ အဲဒါ မျိုးကျော့မြိုင် ဆိုထားတဲ့ 'ကာရန်လေး' သီချင်း၊ သဲသဲ သိပ်ကြိုက်တာ ...

တော်ကြာ သွားနေရင်းနဲ့ နားထောင်ရင် အရသာပျက်သွားဦးမယ်၊ အဲဒီသီချင်းက ငြိမ်ပြီး ဖီလင်လေးနဲ့ မှိန်းပြီး နားထောင်မှ ကောင်းတာ ...

အဲဒီလူက သီချင်းဆိုတာ မဆိုးဘူးနော်"

"အောင်မယ် ... သူကများ ကြီးကြီးကျယ်ကျယ်လုပ်ပြီး မဆိုးဘူးလေး ဘာလေး လုပ်နေသေးတယ်၊ သဲသဲ ပြောတော့ အဲဒီလူက စီးရီးထွက်တော့မယ်ဆို"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်လေ၊ ဒါကြောင့် သူ့အသံက ကောင်းတယ်၊ အောင်မြင်မယ်လို့ သဲသဲက ဝေဖန်နေတာပါ ...

အဲ ... အဲဒီနားက သိပ်ကောင်းတာ၊ ဘာလဲ ... သိပ် ... သိပ် ... သိပ် ... သိပ် ... သိပ် ချစ်နေပြီကွယ် ဆိုတာလေ ...

အဲဒါ ကိုကိုသူရိ ဆိုခိုင်းတာပဲ ဖြစ်မယ်၊ ဟိုလူက တော့ သဲသဲတို့နဲ့ ပတ်သက်ပြီး ဘာမှသိသေးတာ မဟုတ် ဘူး၊ ဟုတ်ပါပြီ၊ ကိုကိုသူရိပဲ ဖြစ်မှာပါ ...

ဘယ်သူ့ကိုများ ချစ်နေတာလဲ မသိဘူးနော် ...

ဟော ... တွေ့လား အန်တီကေသီကြီး ခေါင်းငိုက် စိုက် ကျသွားပြီ ...

သဲသဲ သိပါတယ်၊ သီချင်းနားထောင်ရင်းနဲ့ အန်တီ ကေသီ့ မျက်ဝန်းထဲက ဘာအဖြေတွေ ထွက်လာမလဲလို့ အကဲခတ်ကြည့်နေတာ"

"ကဲ ပြောစမ်း၊ အခုတော့ ဘာအဖြေတွေ ထွက်လာလဲ"

"အင်း ... အဖြေအတိအကျတော့ မထွက်သေးပါဘူး၊ ဒါပေမဲ့ သဲသဲ တွက်ထားတဲ့အတိုင်းတော့ မှန်မှာပါ"





"အပေါ်မလေး"

"လာပါ မမစောရဲ့၊ ဟိုမှာ အန်တီကေသီ ခြေလှမ်းတွေ က သစ်ကုလားအုပ်ကြီးတွေ လမ်းသွားသလို သွက်သွက် လက်လက်နဲ့ ခရီးရောက်နေသလို မမစောကတော့ ဟို ကိုရီးယားမင်းသမီးတွေ ဆင်းရဲတဲ့အခန်းမှာ သရုပ်ဆောင် သလိုမျိုး၊ ပခုံးနှစ်ဖက်ကို ကပ်၊ ခါးကိုလည်းကုန်းပြီး ကုပ်ချိ ကုပ်ချိနဲ့ သွားနေသလိုပဲ"

"ကဲ ... ဒါဖြင့် မမကေသီ နောက်ကို သဲသဲ အမြန်လိုက် သွား၊ မမစော နောက်က ဖြည်းဖြည်းချင်း လိုက်လာခဲ့ မယ်"

"မရပါဘူး၊ မမစောကိုပဲ သဲသဲ အတူစောင့်ခေါ်သွားမယ်၊ တွေ့လား၊ ဟိုမှာ အန်တီကေသီတို့ ရယ်မောနှုတ်ဆက်နေ ကြပြီ ...

သဲသဲတို့ ရောက်လာရင်တောင် သူ့ကို နှောင့်ယှက် တယ်ဆိုပြီး စိတ်ဆိုးရင် ဆိုးနေမှာ"

ကေသီက မြတ်သူရ အနား သွားရပ်လိုက်ပြီး ...

"ကိုသူရိ ရောက်နေတာ နှစ်ရက်ရှိပြီပေါ့နော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ကေသီရဲ့"

"ကေသီတို့ကိုတောင် နှုတ်ဆက်ဖော် မရဘူး"

"ဩော် ... ကေသီတို့ ရောက်နေတာ သိမှမသိဘဲကိုး၊ မနေ့ကမှ သဲသဲနဲ့ တွေ့လို့ သိရတာလေ ...

ခုလည်း ... ကေသီတို့ တူဝရီးနှစ်ယောက်ကို ဖျော်ဖြေဖို့ အခမ်းအနားနဲ့ လာခဲ့တာလေ ...

ဒါက ကျွန်တော့်သူငယ်ချင်း မော်တင်ထွန်း ...

သူက တို့နဲ့ မိဘတွေလက်ထက်တည်းက အရမ်းခင်တဲ့ ကေသီ"

"ဟုတ်ကဲ့ ... တွေ့ရတာ အရမ်းဝမ်းသာပါတယ် မကေသီ"

"ကေသီ ... တို့ကို မုန့်ကျွေးရမယ်နော် ...

ဒီမှာ အဆိုတော်တစ်ယောက်လုံးကြီး ခေါ်လာတာ၊ ကေသီတို့ကျွေးတဲ့ မုန့်တွေမကုန်မချင်း မရပ်မနား တစ်ညလုံးကို သီချင်းတွေ ဆိုပစ်လိုက်မယ်၊ မကောင်းဘူးလား"

"သိပ်ကောင်းတဲ့ အစီအစဉ်လေးပေါ့၊ ဟင်း ဟင်း"

"အဲဒါ သဲသဲ စီစဉ်တာ ကေသီရဲ့၊ ကျွန်တော့်ကိုလည်းတွေ့ရော သူက လိုက်လှဲဝမ်းသာစွာ နှုတ်ဆက်တယ်လေ ...





ကျွန်တော်က မော်တင်ထွန်းနဲ့ မိတ်ဆက်ပေးလိုက်တော့ ...

ညကျရင် သူတို့အဆောင်ရှေ့မှာ သီချင်းလာဆိုဖို့ သူက ဖိတ်လိုက်တာ ...

ပြီးတော့လည်း အန်တီကေသီ့ကို ကိုကိုသူရိတို့ကို ကျွေးဖို့ မုန့်တွေဝယ်ခိုင်းထားမယ်လို့ ပြောသွားသေးတယ်"

"ဟင်း ဟင်း ... အရမ်းဆိုးတဲ့ ကောင်မလေး ကိုသူရိရဲ့ ...

တစ်အိမ်လုံး သူ့စိတ်၊ သူ့သဘောကြီးပဲ၊ ကေသီကတော့ သူနဲ့ အကြာကြီး မနေနိုင်ပါဘူး ...

ခုလည်း အိမ်မှာ သူ့အဖေဘက်က အစ်မဝမ်းကွဲလေးတစ်ယောက် ရောက်နေလို့ ကေသီ့ကိုတောင် သိပ်မခင်တော့ဘူး ...

ကေသီက သူ့ကို အလိုမလိုက်ဘူး မို့လား၊ အဲဒါကြောင့် သူ့ကို အလိုလိုက်တဲ့ သူ့အစ်မနဲ့ ပိုပြီး ကြည်နေတယ်လေ ...

ဟော ... ဟိုမှာ ပြောရင်း ဆိုရင်း ရောက်လာကြပြီ"



www.burmeseclassic.com

www.burmeseclassic.com



"သဲသဲ အတင်းတွေ ပြောနေတာမို့လား"

"ဟုတ်တယ်"

"ထင်သားပဲ"

သဲသဲက မြတ်သူရိန်နှင့် မော်တင်ထွန်းတို့ကြားရှိ အနီးပင်တွင် ထောင်ထားသော ဂစ်တာလေးဆီ မျက်စိရောက်သွားပါသည်။

"ဟယ် ... ဂစ်တာလေးက လှလိုက်တာ၊ သဲသဲလည်း ဖေဖေ့ကို ဂစ်တာလေး တစ်လက်လောက် ဝယ်ခိုင်းရဦးမယ် ...

တကယ်လို့ သဲသဲနဲ့ အန်တီကေသီတို့ ဒီမှာရောက်မနေဘူး ဆိုရင်ရော၊ ကိုကိုသူရိန်နဲ့ ဦးမော်က ဒီဂစ်တာကို ဘယ်မှာတီးမှာလဲဟင်"

"ဟဲ့ ... သူတို့ဟာသူတို့ ဘယ်နေရာတီးတီး ရွှေသဲလေးနဲ့ ဘာဆိုင်လဲ"

"မဟုတ်ပါဘူး၊ သဲသဲ သိချင်တာက ဒီဂစ်တာလေးကို ကိုကိုသူရိတို့ဟာ ကိုကိုသူရိတို့ အဆောင်မှာတီးဖို့ ယူလာတာလား ...





ဒါမှမဟုတ် မိန်းကလေးလှလှလေးတွေနဲ့ တွေ့ရင် သူတို့နားမှာ တီးဖို့ဆိုပြီး ယူလာတာလားလို့ ...

ရည်ရွယ်ချက်ကို သိချင်တာ"

"သဲသဲ တစ်ယောက်တော့ ခက်နေပြီ ...

ကဲ ကဲ ... ဒီနားမှာပဲ ထိုင်ကြတာပေါ့နော် ...

ထိုင်လေ ရှင်စော ...

ရှင်စောကတော့ သဲသဲရဲ့ အရုပ်ကြီးလို့လည်း ဆိုနိုင်တယ်လေ ...

သြော် ... ကိုသူရိကို ရှင်စောနဲ့ မိတ်ဆက်ပေးရဦးမယ်"

"အန်တီကေသီ နောက်ကျသွားပြီ၊ မနေ့က တွေ့တုန်းက သဲသဲ မမစောနဲ့ ကိုကိုသူရိကို မိတ်ဆက်ပေးပြီးပြီ၊ အဲဒါ အန်တီကေသီ့ကိုတောင် ပြန်ပြောပြသေးတယ်လေ ...

ကိုကိုသူရိကတောင်မှ ဦးမော်နဲ့ သဲသဲတို့ကို မိတ်ဆက်ပေးပြီးသွားပြီ"

"မော်ကြီးက တို့ထက်တောင် အသက်ငယ်ပြီး ရှေ့က ဦးတွေ ဘာတွေတပ်ပြီး အခေါ်ခံရတော့ ဘယ်ဆိုးလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



“ကိုကိုသူရိထက် ဦးမော်က ငယ်မှန်း သဲသဲ သိပါတယ်...

ဒါပေမဲ့ မေမေက ကိုယ်နဲ့ သိပ်မခင်သေးတဲ့သူဆိုရင် အလေးတစားခေါ်တဲ့သဘောနဲ့ ဦးတပ်ပြီး ခေါ်ရမယ်ဆိုလို့ပါ”

“ကောင်းတာပေါ့ကွာ၊ သဲသဲက ယဉ်ကျေးလိမ္မာတဲ့ ကလေးလေးပဲ ...

အဲဒီခြင်းတွေက ဘာတွေလဲ”

“ဟင်း ... ကိုကိုသူရိပဲ ညကျရင် သီချင်းလာဆိုမယ်တဲ့၊ သဲသဲတို့က မုန့်တွေအများကြီး လုပ်ထားရမယ်ဆို”

“ဪ ... ဟုတ်သားပဲ”

“ဒီမုန့်တွေ အားလုံး အန်တီကေသီ့ကို ဒကာခံခိုင်းတာ...

အန်တီကေသီတောင် ပိုက်ဆံတွေ တော်တော်ကုန်သွားတယ်”

“ဟာ ... အားနာစရာကြီး”

“ဘာမှ အားနာစရာ မလိုဘူး ကိုကိုသူရိ၊ အန်တီကေသီက အရမ်းကပ်စေးနည်းတာ၊ ဒါကြောင့်မို့ သဲသဲက သူ့ကိုကြုံရင်ကြုံသလို နှိပ်ထည့်လိုက်တာ ...





ဒီည ညလုံးပေါက် သီချင်းဆိုမယ်နော် ကိုကိုသူရိ”

“အားနာလိုက်တာ ကိုသူရိရယ်၊ သဲသဲ တစ်ယောက် ဘာတွေလျှောက်ပြောနေမှန်းကို မသိဘူး ...

ဟိုနှစ်ကလို ကိုသူရိနဲ့ ကေသီတို့ ခုလိုညမျိုးမှာ တွေ့တုန်းက မမထားနဲ့ ကိုမိုးတို့လည်း ရှိတယ်မို့လား ...

ခုလည်း သူ့အမေက ထွက်လာခဲ့မယ်လို့ ပြောတာကို မရွှေသဲရယ် ထွက်မလာနဲ့လို့ အတင်းတားတယ်လေ ...

သူ့မုန့်တွေကိုများ သူ့အမေစားမှာ ကြောက်နေလို့လား မသိဘူး”

“အောင်မယ်လေး... မဟုတ်ရေးချ မဟုတ်ပါနော်၊ သဲသဲက စေတနာနဲ့ မေမေ့ကို မလာခိုင်းတာပါ ...

သဲသဲတို့ လူငယ်တွေချည်းပဲ စကားပြောရ၊ သီချင်းဆိုရတာ ပိုကောင်းတာပေါ့၊ သူတို့ပါရင် အနေကျပ်လို့ပါ”

သဲသဲက ပြောပြောဆိုဆို အနားတွင်ရှိသော ဂစ်တာ တစ်ချက် နှစ်ချက် ခေါက်ကြည့်လိုက်ပါသည်။

“ဦးမော်ကြီးက ကိုယ်တိုင်တီးပြီး အရင်ဆို ...



www.burmeseclassic.com

www.burmeseclassic.com



သဲသဲလည်း ဆိုမယ်၊ ကိုကိုသူရိန့် အန်တီကေသီ လည်း ဆိုရမယ် ...

ဟင်း ... သိပြီ၊ ကိုကိုသူရိန့် အန်တီကေသီက ဖြိုးကြီးနဲ့ မေဆွိ ဆိုတဲ့ လေကိုဆန် ပျံစို့လား စုံတွဲသီချင်း ဆို"

"သဲသဲတော့နော် ..."

ကေသီက သဲသဲကို ရိုက်လိုက်ရာမှာ သဲသဲက ရှောင်၍ထွက်ပြေးသွားပါတော့သည်။ ထွက်ပြေးသွားသော သဲသဲ နောက်ကို ကေသီက အတင်းပြေးလိုက်ကာ လက်ကလည်းမိလျှင် လှမ်းရိုက်ရန် အဆင်သင့် ရွယ်ထားပါသည်။

သူတို့ တူဝရီးနှစ်ယောက်ကို သဘောကျစွာဖြင့် ရှင်စောဦးက လက်ခုပ်လက်ဝါးတီးကာ ဆွေ့ဆွေ့ခုန် ပျော်မြူး ကြည့်နေပါသည်။

ရှင်စောဦး၏ မြူးတူးပျော်ရွှင်နေပုံကို မြတ်သူရိန် ငေးမော၍ ကြည့်ရှုနေရာ မော်တင်ထွန်း၏ ခေါ်သံကြားမှ လန့် ဖျပ်၍ သွားပါသည်။

"ငေးလှချည်လားကွ၊ ဖိုးသူရိန်ရ"





"အေးကွာ ငကြောင်၊ ငါ့ကို ငကြောင်လို့ပဲ ခေါ်လိုက် တော့ ...

ဒီကောင်မလေး ရယ်နေတာကို အမှတ်တမဲ့ မြင်လိုက် တော့ ငါ့မျက်စိတွေက ကြောင်ပြီး သူ့ဆီကနေ ခွာမရ အောင် ဖြစ်သွားတယ်ကွာ ...

တကယ့်ကို ချစ်စရာ ကောင်းတဲ့ ကောင်မလေး ပဲ"

"ဒါကတော့ မင်းအထင်ကိုး"

"အဲဒီကောင်မလေးက လှတာထက် ချစ်စရာကောင်းတာ က ပိုပြီးများတယ်ကွ ...

နေဦး၊ ငါ သူ့နား ခဏသွားပြီး စကားလေးတစ် ခွန်း နှစ်ခွန်းလောက် ပြောကြည့်ဦးမယ်"

မြတ်သူရိန်က သူနှင့် မလှမ်းမကမ်းတွင် ရှိနေသော ရှင်စောဦး အနားသို့ တန်းတန်းမတ်မတ်ကြီး သွားလိုက်ပါသည်။

"ကျွန်တော်တို့နဲ့ လာထိုင်ပါလား ရှင်စောဦး"

"ဩော် ... ဟုတ်ကဲ့၊ ကျွန်မ သူတို့တူဝရီး ရောက်လာရင် လာခဲ့မယ်နော် ..."



www.burmeseclassic.com

www.burmeseclassic.com



"ရယ်ရတယ်နော် ... အမြဲတမ်း သူတို့နှစ်ယောက်က ဒီလို ပဲလား"

"ဟုတ်တယ်၊ သဲသဲကလည်း သူ့အဒေါ်ကိုဆို ဘယ်တော့မှ မညာဘူး၊ အမြဲတမ်း လိုက်စတယ် ...

ပြီးတော့ သူတို့နှစ်ယောက် တစ်ရက် နှစ်ရက်လောက် စကားမပြောဘဲ နေကြရော"

"ဒီမှာ နေရတာ အဆင်ပြေလား ရှင်စောဦး"

"ဟုတ်ကဲ့၊ ပြေပါတယ်၊ အထူးသဖြင့် ဒီညီမလေး သဲသဲ ရှိနေတဲ့အတွက် ကျွန်မ ရန်ကုန်မှာ နေဖြစ်တော့မယ်လို့ ထင်တာပဲ"

"ကျွန်တော့်ကိုလည်း ရှင်စောဦးရဲ့ မိတ်ဆွေတစ်ဦးအနေနဲ့ သတ်မှတ်ပေးပါနော် ...

အကူအညီလိုရင် တို့ကို သတိရပါ ...

ရှင်စောဦးကို ညီမလေးတစ်ယောက် အနေနဲ့ ကူညီဖို့ အဆင်သင့်ပါပဲ"

"ကျေးဇူးတင်ပါတယ် ကိုသူရိ"

"ရှင်စောဦးက ပြင်ဦးလွင်ကနော်"





"ဟုတ်ကဲ့"

"အဲဒီမှာ ကိုယ်တို့အမျိုးတွေ အများကြီးရှိတယ်လို့ မေမေက ပြောတာပဲ ...

တို့ကတော့ အလည်တော့ ရောက်ဖူးပါတယ်၊ ဒါပေမဲ့ အမျိုးတွေနဲ့ ပတ်သက်လို့တော့ သိပ်မသိဘူး၊ မော်ကြီးလည်း ပြင်ဦးလွင် ဇာတိပဲလေ"

"ရှင်စော ဒီတစ်ခါပြန်ရင်တော့ မမကောင်ဒီနဲ့ သဲသဲက လိုက်လည်ဦးမယ်လို့ ပြောတာပဲ၊ ကိုသူရိတို့ လည်း လိုက်လည်ဖို့ ရှင်စော ဖိတ်ပါတယ်"

"တကယ်နော် ... ဒါဖြင့် တို့ပါ လိုက်လည်မယ် ...

ဒီပြင်လူ ဖိတ်တာဆိုရင်တော့ တို့ စဉ်းစားချင်မှ ဝင်စားမှာ၊ ဒါပေမဲ့ ရှင်စော ဖိတ်တာဆိုရင်တော့ တို့ လာဖြစ်မှာပါ"

စကားအဆုံးမှာ ခေါင်းငုံ့ကျသွားသော ရှင်စောဦးကို မြတ်သူရိက စိုက်၍ကြည့်နေမိပါသည်။

တကယ့်ကို ချစ်စရာကောင်းသော ကောင်မလေး သူမ၏ မျက်နှာလေးမှာ အခြယ်အသ ကင်းမဲ့စွာဖြင့် ရှင်းလုပလို့ နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အသားအရေက နူးညံ့အိစက်၍ နှင်းစက်များဖြင့် ပက်ဖျန်းထားသလို ဖြူဝင်းမွတ်ညက်လို့ နေပါသည်။

မျက်ဝန်းနက်နက်ကလည်း စွန်းလဲ့စို၍ တကယ့်ကို လှပသော မျက်နှာပိုင်ရှင်မလေး ဖြစ်သည်ဟု မြတ်သူရိထင်မိပါသည်။

ပေးစာ၊ အကြံပြုစာ၊ စိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၅၅၊ ၁၉-လမ်း၊ လသာမြို့နယ် သို့
ရေးသားပေးပို့နိုင်ပါသည်။







ရှင်စောဦး၏ ခေါင်းလေး ပြန်မော့လာသည့်အထိ မြတ်သူရိ၏ မျက်လုံးများက သူမကို ငေး၍ကြည့်နေမိပါသည်။

"ဟယ် ...

ကိုကိုသူရိတော့ ထိပေါက်တော့မယ် ...

မမစောက ကိုကိုသူရိနဲ့ စကားပြောနေတယ်၊ ဟုတ်လား"

"ကိုကိုသူရိက ပြောတာပါ၊ သဲသဲအစ်မကတော့ ခေါင်းကြီးငုံ့ပြီး 'ဟုတ်ကဲ့ရယ်'၊ 'ကျေးဇူးတင်ပါတယ်ရယ်' ကလွဲရင် ဘာမှ ထူးထူးခြားခြား မပြောသေးပါဘူးကွာ"

"မပူပါနဲ့ ကိုသူရိရယ်၊ ဒီညီမနဲ့ ပေါင်းနေမှတော့ ရှင်စောနောက်ကျရင် စကားတွေ အရမ်းတတ်လာမှာပါ"

"ကဲ ... ဒီနားလေးမှာပဲ ထိုင်ကြရအောင်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ဦးမော်က အရင်ဆို၊ ဟို မာရဇ္ဇရဲ့ 'မင်းသနားမှ' သီချင်း ရမှာပါနော်။ အဲဒီသီချင်းကို သဲသဲ သိပ်ကြိုက်တာပဲ ...

သူ့ရဲ့အသံနဲ့ သီချင်းက အရမ်းလိုက်ဖက်တာပဲ၊ အဲဒီသီချင်းကို ဆိုနော်"

မော်တင်ထွန်းက ဂစ်တာကြိုးကို ညှိလိုက်ပြီး ...

"ကိုယ့်ရဲ့အသည်းလေးထဲ မင်းတစ်ယောက်သာ စိုးမိုးလို့ အမြဲတမ်း မင်းမှုနေ ... ချစ်သူရေ ... တကယ်ပဲ တုပမရတဲ့ အချစ်များနဲ့ ချစ်ပါတယ် ... ပြောပြတဲ့ ကိုယ့်စကားလေးကြောင့် မင်း ရယ်တယ် ချစ်သူရေ ... နှလုံးသားခွဲကြည့်ပါကွယ် ... အချစ်ဆိပ်တက်တဲ့ သွေးများတွေ့လိမ့်မယ် ... တားဆီးထိန်းချုပ်မရနိုင်အောင် ... စွဲစွဲလမ်းလမ်း အရူးမူး ချစ်မိတယ် ... အချစ်လေးရေ ... မင်းသနားမှ ကိုယ့်ဘဝက ချမ်းသာလှပရမှာပါ"

မော်တင်ထွန်းရဲ့ အသံက ကြည်လင်ပြတ်သားပြီး မာရဇ္ဇ အသံနည်းတူ နားထောင်လို့ ကောင်းလှပါသည်။

ကန်ရေပြင်ကျယ်ကြီးကို ဖြတ်တိုက်လာသော လေပြည်လေညင်းတို့ကလည်း လူအပေါင်းတို့၏ စိတ်ကို ကြည်လင်အေးချမ်းမှု ပေးနိုင်ခဲ့သလို ...





ထိန်ထိန်သာနေသော လမင်းကြီးနှင့် အခြွေအရံကြယ်စုလေးများ၏ အလင်းရောင်ကလည်း သူတို့ငါးဦးအပေါ် ဖြာကျကာ အလင်းရောင်ကို ပေးစွမ်းနိုင်ခဲ့ပါသည်။

သည်လို သာယာလှပမှုအပေါင်းနှင့် ပြည့်စုံနေသော အချိန်မှာ မော်တင်ထွန်း၏ တည်ငြိမ်အေးချမ်းသော အသံက နားထောင်နေသော လူလေးဦးကို ခံစားမှု၊ ငြိမ်သက်မှုများကို ပေးစွမ်းစေခဲ့ပါသည်။

"သိပ်ကောင်းတာပဲ ဦးမော်ရယ် ...

သဲသဲတော့ ဦးမော်ကို အရမ်း အထင်ကြီးသွားပြီ ...

နောက် အမောပြေရင် တစ်ပုဒ်ပြန်ထပ်ဆိုပြဦးနော် ...

ခု ကိုကိုသူရိ အလှည့်"

"မဆိုပါရစေနဲ့ သဲသဲရာ၊ တို့ ရှက်လွန်းလို့ပါ"

"ဟင့်အင်း ... မရဘူး၊ ဟိုးတစ်ခါတုန်းကလည်း ကိုကိုသူရိ ဆိုတာပဲမို့လား"

"ဟာ ... ခု ရှင်စောဦးပါ ရှိနေပြီမို့လား၊ တို့ရှက်တယ် သဲသဲရာ"

"မရဘူး ... ဆိုရမှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကဲပါ ဖိုးသူရိရာ၊ မင်း 'စာသားကစ' အမှန်တကယ်ရတဲ့ တစ်ပုဒ်တည်းသော သီချင်းကိုပဲ ဆိုလိုက်ပါတော့ကွာ ... ငါ စလိုက်တော့မယ်နော်"

"နေဦးမော်ကြီး၊ ဒီကောင်မလေးကို ငါ မေးခွန်းတစ်ခု မေးလိုက်ဦးမယ် ...

ကဲ ... သဲသဲရေ၊ ကိုကိုသူရိ လွတ်လွတ်ကျွတ်ကျွတ် ရတဲ့ တစ်ပုဒ်တည်းသော သီချင်းက ဘယ်သီချင်းဖြစ်မယ် ထင်သလဲ၊ ဖြေနိုင်ရင် ကိုကိုသူရိက ဟောဒီက ချော့က လက်ကို လက်ဆောင်ပေးမယ်"

ပြောပြောဆိုဆို မြတ်သူရိက သူ့ဘောင်းဘီအိတ် ပွပွကြီးထဲက ထုတ်လိုက်သော ချော့ကလက်ဘူးကို ထောင်၍ပြ လိုက်ပါသည်။

"ဒါဖြင့် ပေးလိုက်တော့၊ သဲသဲ ဖြေမယ်"

"ဒီလိုတော့ ဘယ်ရမလဲ သဲသဲရ၊ အမှန်ကို ဖြေနိုင်မှ ပေးမှာပေါ့"

"အို ... သဲသဲကလည်း အဖြေမှန်ကို ဖြေနိုင်မှာမို့ ယူတာပေါ့"





"ကဲ ... ဒါဆို အရင်ဖြေ"

"ရှင်သန်ခြင်း"

"တော်လိုက်တဲ့ သဲသဲ၊ မှန်တယ်ဗျာ၊ ရော့ ... ရော့ ... ယူလိုက်"

"အကြိုက် ...

မမစောရေ ဒီအစီအစဉ်က F.M က အစီအစဉ်ထက် ပိုကောင်းတယ်နော် ...

အဖြေမှန်တာနဲ့ တကယ့်ကို လက်တွေ့ချက်ချင်း ရတော့တာပဲ"

"ဟုတ်တယ်နော် သဲသဲ"

"ဟင် ... သဲသဲတို့ ဘာတွေပြောနေတာလဲ၊ ကိုကိုသူရိ ဘာမှ နားမလည်တော့ဘူး"

"နားမလည်ဘူးလား၊ ဒါဆို သဲသဲ ရှင်းပြမယ် ...

City F.M က စနေနေ့ နေ့လယ်တစ်နာရီဆို ပဟေဠိ မေးခွန်းတွေ မေးတယ်မို့လား ...

မေးခွန်းငါးပုဒ်စလုံး ဖြေနိုင်တဲ့သူကို ဆုအဖြစ် Coffee Mix တို့ Calsome ကွေကာတို့ လက်ဆောင်ပေးတယ်လေ ...



www.burmeseclassic.com

www.burmeseclassic.com



မေးခွန်းဖြေပြီးတာနဲ့ အဖြေကို ချက်ချင်း F.M ကို ဖုန်းဆက်ဖြေရတယ်လေ ...

တစ်နာရီမှာမေးပြီး နှစ်နာရီခွဲအထိ အဖြေတွေကို လက်ခံတယ်လေ ...

အဖြေမှန်ရတဲ့ သူတွေထဲက အရင်ဆုံး ဖုန်းဆက်တဲ့ သုံးဦးကို ခုန သဲသဲ ပြောတဲ့ ကော်ဖီမစ်တို့ ကယ်(လ်)ဆမ် ကွေကာတို့ကို ဆုအဖြစ် ပေးတာပေါ့ ...

သဲသဲနဲ့ မမစောက လှမ်းလှမ်းပြီး ဖြေတာ နှစ်ခါ တောင် အမှန်ရတယ် ကိုကိုသူရိရဲ့ ...

ဒါပေမဲ့ ပထမတစ်ခါက ကိုးယောက်မြောက် ဖြစ် နေပြီး ဒုတိယတစ်ခေါက်က ဆယ့်လေးယောက်မြောက် ဖုန်းဆက်တဲ့သူ ဖြစ်နေတယ်လေ ...

အဲဒါကြောင့် ဆုကြီးနဲ့ ဝေးခဲ့ရတာပေါ့ ကိုကိုသူရိ ရယ် ...

သူတို့ မေးခွန်းတွေကို ဖြေဖို့ သဲသဲတို့မှာ ပင်ပန်း လိုက်တာ ...



BURMESE CLASSIC .com



ဟိုး ဘိုးဘိုးတို့ ဘွားဘွားတို့ လက်ထက်က ခေတ် ဟောင်းသီချင်းစာအုပ်ကြီးကိုလည်း ရှာထားရသေးတယ် လေ ...

အားလုံးဖြေနိုင်ဦးတောင်မှ အမြန်ဆုံး ဖြေနိုင်တဲ့သူ သုံးဦးပဲ ရမှာမို့လား ...

သိပ်ကို မဖြစ်နိုင်တဲ့ ကိစ္စမို့ မျှော်လင့်ချက်နဲ့ ဝေး ရတာပေါ့လေ ...

ဟော ... ခုတော့ ကိုကိုသူရိ မေးခွန်းက ဖြေလို့ လည်း လွယ်တယ် ...

ချက်ချင်းဖြေ ချက်ချင်းဆုရပဲ၊ ဘယ်လောက် ကောင်း လိုက်သလဲ ...

ချက်ချင်းပဲ စားလိုက်တော့မယ်နော်”

သဲသဲက ပြောပြောဆိုဆို ချော့ကလက်စက္ကူပတ်ကို ခွာပြီး ချိုးဖဲ့ကာ စားလိုက်ပါတော့သည်။

“ဒီကောင်မလေးဟာလေ၊ အရှက်အကြောက်ကို မရှိဘူး”

“ဟုတ်တယ်လေ၊ အရှက်အကြောက် မရှိဘူး၊ အရှက် အကြောက်ရှိရင် ငတ်မှာပေါ့၊ ကြည့်လေ ... သဲသဲက



www.burmeseclassic.com

www.burmeseclassic.com



အန်တီကေသီကို စားမလားမေးရင်၊ ဟင့်အင်း မစားတော့ဘူးလို့ ဖြေမှာပဲ ...

မမစောကို မေးရင်လည်း မစားဘူးလို့ပဲ ဖြေမှာပဲ ...

အဲဒီတော့ ဒီလောက်ကောင်းတဲ့ ချော့ကလက်ကို အန်တီကေသီကော မမစောကော မစားလိုက်ရတော့ဘူး မို့လား"

သဲသဲ၏ စကားကြောင့် ကေသီနှင့် ရှင်စောဦးတို့ နှစ်ယောက် ဘာစကားဖြင့် ချေပရမှန်း မသိအောင် ရှက်ကိုးရက်ကန်းဖြင့် ရယ်ရမလို တည်ရမလိုကြီး ဖြစ်သွားကြပါသည်။

"ကဲပါ ... ဗိုက်ဆာလာပြီ။ ကိုကိုသူရို အရင်စဆိုတော့ကွာ ...

ပြီးရင် အန်တီကေသီဖြစ်ဖြစ် မမစောဖြစ်ဖြစ်ဆို ...

ပြီးရင် မုန့်စားမယ်"

"အောင်မယ် ... တို့ မဆိုပါဘူးနော်၊ ကိုသူရို ဆိုပြီးရင် သဲသဲဆို"

"ဆိုမှာပါ၊ ခုတော့ ဗိုက်ဆာသေးတယ်၊ အစားစားပြီးမှ အားရပါးရ ဆိုမယ်"





"ဘယ်လိုလဲ ဖိုးသူရို၊ စ,လိုက်တော့မယ်"

"လုပ်ကွာ"

မော်တင်ထွန်းက ဂစ်တာစတီးလိုက်ချိန်မှာတော့ မြတ်သူရိုကလည်း သီချင်းစဆိုလိုက်ပါသည်။

"မလှပခဲ့တဲ့ နေ့တို့လည်းရှိ ...

မခွဲဘဲ တို့နှစ်ယောက် သွားမယ်နော် ...

အချိုးအကွေ့ များတဲ့ နေ့တို့လည်းရှိ ...

အတူတူ ကူးဖြတ်သွားမယ်နော် ...

စမ်းသပ်လို့မရ အလွမ်းနေ့များလည်းရှိ ...

လက်တွဲထိုးဖောက်လို့ သွားမယ်နော် ...

ပန်းခင်းထားတဲ့ နေ့တို့လည်းရှိ ...

အတူတူ လျှောက်လို့သွားမယ်နော်"

အဆိုတော်တွေလောက် အသံမကောင်းလှသော်လည်း သူ့ကိုးနှင့်သူ အံဝင်ခွင်ကျ ဆိုနေသော မြတ်သူရိုကို ကေသီနှင့် ရှင်စောဦးတို့က ငေးစိုက် ကြည့်နေမိပါသည်။

အသားမဖြူမညို၊ အရပ်မနိမ့်မမြင့်နှင့် တောက်ပရွှန်းရှုသော မျက်လုံးများတွင် အပြုံးရိပ်လေးများကလည်း သမ်းနေပါသည်။



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



မြတ်သူရိသည် တခြားယောက်ျားလေးများလို အလွန်ချောမောသည့် ခန့်ချော,ချောသည်ဟု မဆိုနိုင်သော်လည်း အားလုံးခြုံ၍ကြည့်လျှင် စွဲမက်စရာကောင်းသော ယောက်ျားတစ်ဦး ဖြစ်ပါသည်။

ဖြောင့်တန်း၍ နဖူးပေါ်သို့ ဝေ့ဝဲကျဆင်းနေသော ဆံပင်များကလည်း လေ၏အသိမ်းမှာ ဘယ်ညာယိမ်းလို့ နေပါသည်။

သည်မျက်နှာကို အကြိမ်ကြိမ် မြင်ဖူးနေသော ကေသီက မြတ်သူရိကို မျက်တောင်မခတ်တမ်း ငေးမော၍ ကြည့်နေပါသည်။

အခုမှ မြတ်သူရိ၏ ဆွဲဆောင်မှုကို ရှာဖွေတွေ့ရှိသွားသော ရှင်စောဦးက မြတ်သူရိ၏ မျက်နှာနှင့် ရေပြင်ကျယ်ကြီးကို အလှည့်ကျ ကြည့်နေမိပါသည်။

သည်ကြားထဲတွင် အလုပ်ရှုပ်နေသူက သဲသဲ၊ ကေသီ၏ မြတ်သူရိကို ကြည့်ပုံကို အကဲခတ်ရသလို၊ ရှင်စောဦး၏ တွေတွေငေးငေးလေး အကြည့်ကိုလည်း မသကာစရာတွေ တွေ့ရှိရပါသည်။





မြတ်သူရိက သီချင်းဆိုရင်း သူ့အား ငေးငေးမောမော ကြည့်နေသော ကေသီ့ကို အကြည့်ချင်းဆုံတိုင်း ပြုံးပြတတ်သလို၊ သူ့ကိုကြည့်နေသော ရှင်စောဦးနှင့် မျက်နှာချင်း ဆုံမိသည့်အခါ အရယ်အပြုံး မရှိသော်လည်း ရှင်စောဦး အတွက် ရည်ရွယ်ပြီး သီဆိုထားသည့်ပုံမျိုးဖြင့် ငေးငေးငိုင်ငိုင်လေးကြည့်ကာ သီဆိုနေလိုက်ပါသည်။

ဒါကို သတိထားမိသော ကေသီ၏ မျက်နှာက တစ်ချက် တစ်ချက် ပျက်၍ ပျက်၍ သွားပါသည်။

"ရှင်သန်ခြင်း"ဆိုသော သီချင်းအမည်နှင့်လိုက်အောင် ကေသီနှင့် ရှင်စောဦးတို့၏ ရင်ထဲတွင် မြတ်သူရိသည် ထာဝရရှင်သန်တည်ရှိနေတော့မည် ဖြစ်ပါသည်။

ကေသီက ခြင်းတောင်းထဲတွင် ပလတ်စတစ်အိတ်ဖြင့် ထည့်ယူလာသော ကြက်ကင်နှစ်ကောင်ထဲမှ တစ်ကောင်ကို ထုတ်ယူလိုက်ပြီး ...

ရှင်စောဦး ကမ်းပေးလိုက်သော ပန်းကန်ပြားထဲသို့ ထည့်၍ မြတ်သူရိနှင့် မော်တင်ထွန်းတို့ စားရန် လှမ်းပေးလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျန်တစ်ကောင်ကိုတော့ သူတို့မိန်းကလေးသုံးဦး စားရန် ပန်းကန်ထဲ ထည့်လိုက်ပါသည်။

"ဩော် ... ကိုသူရိ၊ ဒီမှာ အချဉ်ပုလင်း၊ ကြက်ကင်က အချဉ်နဲ့ တို့စားမှ ကောင်းတာ ...

ငါးကင်လည်း ရှိတယ်နော်၊ ကိုသူရိတို့ အခုစားမယ် ဆိုရင် ခြင်းထဲမှာ အဆင်သင့်ပဲ၊ ယူသာ ယူစားလိုက်"

"အိုး ... တို့အကြိုက်တွေချည်းပဲ ...

ကျေးဇူးပဲ ကေသီ"

"အောင်မာ ... ကျေးဇူးတင်ရမဲ့သူက သဲသဲပါနော် ...

ဒါတွေအကုန်လုံး ကိုကိုသူရိ ကြိုက်မယ်ထင်လို့ အန်တီကေသီ့ကို သဲသဲ ကိုယ်တိုင် ဝယ်ခိုင်းထားတာ"

"တော်ကယ် ... ဒါကြောင့် တို့ညီမလေး သဲသဲကို အားကိုးတာ"

"ဟယ် ... ဟိုမှာ ဖေဖေနဲ့မေမေတောင် လိုက်လာပြီ"

"တော်တော်ပျော်ရဲ့လား သမီး"

"သိပ်ပျော် ...





ဒါ ကိုကိုသူရိ သူငယ်ချင်း မေမေ၊ ကိုမော်တင်ထွန်းတဲ့၊ သီချင်းဆိုတာ အရမ်းကောင်းတာပဲ"

"ဟုတ်လား"

"ဦးမော် ... ဒါက သဲသဲရဲ့ ဖေဖေနဲ့ မေမေလေ"

"ကဲ ... စားလို့ကော ပြီးကြပြီလား၊ မေမေတို့ဖို့ကော ကျန်သေးရဲ့လား"

"အင်း ... ကုန်သလောက်တော့ ရှိသွားပြီ မေမေရဲ့၊ အန်တီ ကေသီနဲ့ မမစောတို့က ရှက်ကိုးရှက်ကန်းနဲ့ တို့ကနန်း ဆိတ်ကနန်း စားနေတုန်း သဲသဲ တစ်ယောက်တည်း လိမ့်စားပစ်လိုက်တာ၊ ဘာရမလဲ၊ ကြက်တစ်ကောင်လုံးနီးနီး၊ သဲသဲ ဗိုက်ထဲကို ရောက်သွားရောပဲ ...

မေမေတို့ စားချင်ရင် လက်ဖက်ရည်၊ ကော်ဖီရယ်ပဲ ကျန်တော့တယ်"

"ကော်ပြီ၊ မစားတော့ပါဘူး သမီးရယ်၊ မေမေတို့က သမီးမှ ပျော်ရဲ့လားလို့ လာကြည့်တာပါကွယ် ...

မနစ်က သူရိနဲ့ မမထားတို့ မတွေ့လိုက်ဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် မမထားရဲ့၊ မနစ်က ကျွန်တော် ဒီကို မလာ ဖြစ်ဘူး ...

စင်ကာပူကို မေမေနဲ့ လိုက်သွားနေရလို့လေ၊ သူနဲ့ အတူ လုပ်ငန်းတွေ လေ့လာဖို့တဲ့ ...

ကျွန်တော့်ကိုလည်း မေမေ့ခမျာ သွန်သင်ပြသရှာ ပါတယ်၊ ဒါပေမဲ့ ကျွန်တော်ကတော့ တစ်ခုမှ စိတ်မဝင် စားဘူး"

"ဒီလိုလည်း မလုပ်နဲ့ပေါ့ သူရိရယ်၊ မမက စီးပွားရေး ဘက်မှာဆို အရမ်းလာဘ်မြင်တာမို့လား၊ မမထားတို့ဆို မမနွယ်ကို အရမ်းအားကျတာလေ ...

ဒီလို အမေမျိုးရဲ့ သွန်သင်ဆုံးမမှုကို ရတာ သူရိ အတွက် အရမ်းကံကောင်းတယ်လို့ ဆိုရမှာပါ ...

နောက်ဆို ဒီလုပ်ငန်းတွေကို သူရိကိုယ်တိုင် စီမံ အုပ်ချုပ်ရမှာမို့လား"

"ဟုတ်ကဲ့ပါ မမထား"

"ကဲ ... ညဥ့်နက်လှပြီ၊ မသိမ်းကြသေးဘူးလား"

"သမီးတို့က ညလုံးပေါက်နေမှာ မေမေရဲ့"





"ဟဲ့ ... ဒီလိုတော့ ဘယ်ဖြစ်ပါ့မလဲ သမီးရဲ့၊ ခဏနေရင် သိမ်းကြတော့ပေါ့၊ ဟုတ်လား"

"မေမေ ... ဦးမော် သီချင်းဆိုတာကို နားထောင်ပြီးမှ ပြန် လေ ...

ဦးမော် ... မေမေ့ကို သီချင်းလေး တစ်ပုဒ်လောက် ပျော်ဖြေပေးပါနော်"

ကြည်လင်ပြတ်သားပြီး စီစီညံညံ အသံလေးနှင့် သီဆိုလိုက်သော "ဆေးပေါင်းခတဲ့ည"သီချင်းလေးက အနားတွင် ရှိသော လူသားအားလုံးအတွက် သာယာလှပသော ညချမ်းလေး တစ်ခုအဖြစ် ဖန်တီးပေးလိုက်ပါသည်။

ဇော်ဝင်းထွဋ် ကိုယ်တိုင် သီဆိုထားသော ဒီ "ဆေး ပေါင်းခတဲ့ည"သီချင်းက နားထောင်ရသူတိုင်းအတွက် အသည်းစွဲ ဖြစ်ခဲ့ရသလို ခု မော်တင်ထွန်း၏ အသံမှာ ဇော်ဝင်းထွဋ်ကို မမီ ပေမဲ့ တော်တော်လေးကို နားထောင်လို့ ကောင်းနေပါသည်။

မိခင်ဖြစ်သူက ညဥ့်နက်လှပြီ၊ သိမ်းကြရန်ပြောလို့ သာ သိမ်းလိုက်ရသည် သဲသဲ ပါးစပ်က ပွစိ ပွစိဖြင့် မကျေမနပ် ဖြစ်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့တွင် ပါလာသော ခြင်းတောင်နှစ်လုံးကို မြတ်သူရိန်နှင့် မော်တင်ထွန်းတို့ နှစ်ယောက်က တစ်လုံးစီ ဆွဲပေး လာကြပါသည်။

သဲသဲကတော့ မော်တင်ထွန်း၏ ဂစ်တာကြီးကို ထမ်း၍ လာပါသည်။

သဲသဲ၏ဘေးက ရှင်စောဦးက ကပ်လိုက်လာပြီး မြတ်သူရိန်နှင့် ကေသီက နောက်ဆုံးမှ စကားတပြောပြောနှင့် ပါလာခဲ့ပါသည်။

သဲသဲတို့ အဆောင်ရှေ့ရောက်တော့ အသံစာစာဖြင့် သဲသဲ၏ နှုတ်ဆက်သံလေးက ထွက်ပေါ်လို့ လာပါသည်။

"အားလုံးပဲ ... ဘိုင့်ဘိုင်"

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၅၅၊ ၁၉-လမ်း၊ လသာမြို့နယ် သို့
ရေးသားပေးပို့နိုင်ပါသည်။







အိပ်ခန်းထဲတွင် တစ်ယောက်အိပ်ခုတင် သုံးလုံး တန်းစီရှိသည့် အထဲတွင် သဲသဲက အလယ်ခုတင်မှာ အိပ်သည်။

ကေသီက ပြတင်းပေါက်ရှိသည့် နေရာကို ကြောက် သည်ဟုဆိုကာ ရေချိုးခန်းနှင့် ကပ်လျက်သား ခုတင်တွင် အိပ် သည်။

ရှင်စောဦးကတော့ ပြတင်းပေါက်ဘက်ရှိ ခုတင်တွင် အိပ်သည်။

ပျော်စရာကောင်းသော ညချမ်းလေးရဲ့ အဖြစ်နှင့် ပတ်သက်၍ အတွေးကိုယ်စီနှင့် အိပ်မပျော်အောင် ရှိနေကြပါသည်။

အစားတွေ တစ်ယောက်တည်း တဝကြီးစားထား သော သဲသဲ တစ်ယောက် ရင်ပြည့်ကာ အိပ်၍မပျော်နိုင်အောင် ဖြစ်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သဲသဲက တကယ်အိပ်ပျော်နေဟန်ဖြင့် မျက်လုံးကို စုံမှိတ်ကာ ညာဘက်ရှိ အန်တီကေသီ၏ ခုတင်ကို တိတ်တခိုး ကြည့်လိုက်ပါသည်။

နဖူးပေါ် လက်တင်ကာ မျက်တောင်ပုတ်ခတ် ပုတ်ခတ်ဖြင့် မျက်နှာကြက် ဖြူဖြူကြီးကို ကြည့်နေသော ကေသီ၏ ပုံမှာ အမှန်တကယ်ပင် မျက်နှာကြက်ပေါ်တွင် မြတ်သူရိ၏ပုံ သဏ္ဍာန် ထင်ဟပ်နေဟန် ရှိပါသည်။

တကယ်တော့ သဲသဲ ကိုယ်တိုင်လည်း သူမ၏ အန်တီကေသီမှာ မြတ်သူရိကို စွဲလမ်းတပ်မက်နေမှန်း သိပါသည်။

ဥစ္စာလည်းပေါ၊ ရုပ်လည်းချောသော မြတ်သူရိကို မိန်းကလေး အတော်များများကလည်း သည်းသည်းလှုပ် ရှိကြသလို၊ ထိုမိန်းကလေးများထဲတွင် ကေသီ တစ်ယောက်လည်း အပါအဝင် ဖြစ်ခဲ့ရပါသည်။

သဲသဲက သူမ၏ ဘယ်ဘက်တွင်ရှိသော ရှင်စောဦးကို မသိမသာ ခိုးကြည့်လိုက်ပါသည်။





ခါတိုင်းဆိုလျှင် အိပ်ပြီဆိုသည်နှင့် တစ်ချက်မှ မလှုပ်ဘဲ မိုးလင်းအထိ တောက်လျှောက်အိပ်နိုင်သော ရှင်စောဦး တစ်ယောက် တလွန့်လွန့် တလူးလူး ဖြစ်နေပါသည်။

ဒါဟာ ဘာကြောင့်များပါလိမ့်။ ခါတိုင်းဆို သူမနှင့် အတူအိပ်သော မမစောမှာ အရေးအကြောင်းရှိ၍ နှိုးလျှင်တောင် တော်တော်လေးကို နှိုးယူရတာ ...

တကယ်ပင် မမစော တစ်ယောက် အိပ်ပျော် မပျော်ကိုလည်း သူ သိချင်လှပါသည်။

“အောင်မယ်လေး”

မလှမ်းမကမ်းရှိ သူတို့၏ လက်ဆွဲခြင်းထဲမှ ကြွက် တစ်ကောင် ခုန်ထွက်ပြေးသွားတာမို့ သဲသဲ အလန့်တကြား အော်ချလိုက်ပါသည်။

“ဟဲ့ ... ရွှေသဲလေး၊ ဘာဖြစ်တာလဲ”

“သဲသဲ ... ညီမလေး ဘာဖြစ်လို့လဲ”

“ကြွက် ... ကြွက် ...

ဟင်း ဟင်း ... လန့်လိုက်တာ အန်တီကေသီရယ် ...



www.burmeseclassic.com

www.burmeseclassic.com



သဲသဲ အရမ်းကို အိပ်မောကျသွားတာ၊ ပြီးတော့ အိပ်မက်တွေကလည်း မက်နေသေးတယ်၊ နီးလို့ မျက်လုံးလည်း ဖွင့်ကြည့်လိုက်ရော ကြွက်ကြီး ခုန်ထွက်သွားတာနဲ့ တန်းတိုးတော့တာပဲ”

“ရော့ ... ရော့ ... ညီမလေး ရေသောက်လိုက်”

“သဲသဲ အိပ်မက်တွေ မက်နေတာ ...

အိပ်မက်ထဲမှာ အန်တီကေသီက ပန်းလေးကို ကိုင်လို့ ကမ်းခြေမှာ လျှောက်သွားနေတယ်”

“အောင်မယ် ... သဲသဲ အိပ်မက်က မဆိုးပါလား၊ အန်တီကေသီက လှကော လှရဲ့လား”

“လှတယ်၊ အရမ်းလှတာပဲ၊ အင်္ကျီက အဖြူရောင်လေးနဲ့ ပဝါလေးကလည်း လေထဲမှာ လွင့်နေတယ်လေ”

“အနားမှာ ဘယ်သူပါသေးလဲ”

“ဘယ်သူမှတော့ မပါဘူး အန်တီရဲ့၊ ခပ်လှမ်းလှမ်းမှာ သဲသဲ ရှိနေတယ် ...

သဲသဲက အန်တီကေသီကို ကြည့်ကောင်းကောင်းနဲ့ ကြည့်နေတုန်း ...





ဘာပြောကောင်းမလဲ”

“အောင်မယ်လေး ... ငါ ဘာများဖြစ်သွားလဲ ရွှေသဲလေး၊ မြန်မြန်ပြောလေ၊ ရင်ထိတ်လိုက်တာ”

“တစ်ခါတည်း မျောက်ဝံကြီးက အန်တီ့နောက်က အတင်းလိုက်ဆွဲတာ ...

သဲသဲလည်း လန့်ပြီး အတင်းအော်တာ၊ အော်လို့ကို မရဘူး ...

အန်တီကေသီကလည်း ရှေ့ကနေပြေးတာမှ ကော့နေတာပဲ”

“လုပ်တော့မယ်၊ ငါ့ကို ရုပ်ပျက်အောင်”

“တော်သေးတယ် အန်တီကေသီရယ်၊ မျောက်ဝံကြီးက အန်တီ့ပခုံးကို လှမ်းအဆွဲလိုက်မှာ သဲသဲ လန့်ပြီး နိုးသွားတာ ...

နိုးလည်းနိုးရော ကြွက်ကြီး ခုန်ထွက်လာတာနဲ့ တန်းတိုးတော့တာပဲ၊ လန့်လိုက်တာ ... ကလူ ... ကလူ”

“အေးပါ ... ဒီကတော့ ကိုယ့်အိပ်မက်ကောင်းတွေကို ဖျက်ပြီး သူ့ဆီ အပြေးအလွှား လာရတာ၊ လာရကျိုးနပ်တာပေါ့ ရွှေသဲလေးရယ်”



www.burmeseclassic.com

www.burmeseclassic.com



"ဆောရီးပဲ အန်တီကေသီရယ်၊ အန်တီကေသီလည်း အိပ်မက် မက်နေတယ် ဟုတ်လား"

"ဟုတ်တယ်၊ အန်တီ့အိပ်မက်ကတော့ သဲသဲနဲ့ တခြားစီပဲ ...

အန်တီက ကိုရီးယားကို ရောက်သွားလို့တဲ့၊ ဟိုမှာ ထယ်စောက်ကော၊ ဒေါက်တာရင်ကိုကော တွေ့တယ်၊ ပြီးတော့မှ ချားဆွန်ဂျွန်ကို တွေ့တာ အန်တီလည်း အရမ်း ဝမ်းသာနေတာပေါ့ ...

ဒါနဲ့ သူ့ကို အန်တီ့လက်ထဲက အော်တိုစာအုပ်လေး ထုတ်ပေးပြီး လက်မှတ်ထိုးခိုင်းတယ် ...

ပြီးတော့ လူတွေက သူ့ကို သေပြီလို့ ပြောနေတာတွေဟာ မဟုတ်ကြောင်း၊ ကိုယ်တိုင် ချားဆွန်ဂျွန်ကို ကျန်းကျန်းမာမာ လှလှပပနဲ့ တွေ့ခဲ့ကြောင်း၊ မြန်မာပြည် ရောက်ရင် ပြန်ပြောမယ်ဆိုပြီး ...

သူနဲ့ စကားရောဖောရော လုပ်နေတုန်းမှာ သဲသဲရဲ့ အသံဆိုး၊ အသံနာကြီးက ဝက်ကွဲထွက်လာတော့တာပဲ"





"ဟယ် ... အန်တီ့ အိပ်မက်လေးက နှမြောစရာကြီးနော်၊ သဲသဲလည်း ဒီလိုအိပ်မက်မျိုး မက်ချင်လိုက်တာ ...

သဲသဲ အပေါ်ထားတဲ့ အန်တီကေသီရဲ့ မေတ္တာတရားကို အသိအမှတ် ပြုလိုက်ပြီ"

"အောင်မာ ... လူက လက်တောက်လောက်နဲ့ စကားတွေက ကြီးကြီးကျယ်ကျယ်တွေ"

"ဟုတ်တယ်၊ သဲသဲသာဆို အဲဒီလို အိပ်မက်မျိုး မက်နေလို့ကတော့ ကိုယ့်တူမအရင်းမကလို့ ဘာကြီးပဲဖြစ်နေဖြစ်နေ လုံးဝမထဘူး ...

အိပ်မက်ကိုပဲ ပြီးအောင် အရင်မက်ခိုင်းမှာပဲ ...

သဲသဲသာ လန့်မအော်လိုက်ဘူးဆိုရင် အန်တီကေသီ ဒေါက်တာရင်နဲ့တောင် လက်ထပ်ရတဲ့အထိ ဆက်မက်ချင် မက်နေဦးမှာနော်"

"သဲသဲဟာလေ၊ ငါ လုပ်ထည့်လိုက်ရ"

"ဟုတ်တယ်လေ၊ အန်တီကေသီပဲ သဲသဲကို ပြောဖူးတယ် မို့လား၊ ဒေါက်တာရင်ကို အသေရရ အရှင်ရရ ယူမယ် ဆို"



www.burmeseclassic.com

www.burmeseclassic.com



"ဪ ... ဒါကတော့ ရှေသဲလေးရယ်၊ အန်တီကေသီ တစ်ယောက်တည်း မဟုတ်ပါဘူး၊ ဘယ်သူမဆို ဒီလိုပဲ ပြောကြမှာပဲ"

"မမစောကော အိပ်မက် မက်သေးလား"

"ဘယ်ကသာ လာပြီးမက်ရမှာလဲ သဲသဲရဲ့၊ မမစောက အိပ်ရာပေါ်မှာ ခေါင်းချလိုက်တာနဲ့ တန်းခနဲကို အိပ်သွားလိုက်တာ၊ အိပ်မက် လာပေးမဲ့သူကတောင် သူ အိပ်မက်တွေကို ပေးလည်း အလကား ဖြစ်မှာပဲ၊ နမြောတယ်ဆိုပြီး ပြန်ယူသွားတာ နေမှာပေါ့"

"ဟုတ်မယ်၊ ဟုတ်မယ်၊ မမစော အိပ်နေတာမှ တုံးနေတာပဲ၊ သဲသဲ တစ်ခါ တစ်ခါ နိုးလို့ မျက်လုံးဖွင့်ကြည့်လိုက်တိုင်း မမစောက လှုပ်တောင် မလှုပ်ဘူး"

"အလကားကြီး ... မမစော ညာနေတာ သဲသဲ သိတယ်"...။ ဒီစကားကတော့ သဲသဲ တစ်ယောက်တည်း ရင်ထဲက တိတ်တိတ်ပြောတဲ့ စကားပါ၊ တကယ်တော့ သဲသဲ ကိုယ်တိုင် မှသားပြောလိုက်တာပါ။ အိပ်မပျော်၍ အိပ်ပျော်ချင်ဟန်ဆောင်ပြီး ကေသီနဲ့ ရှင်စောဦးတို့ကို တစ်လှည့်စီ အကဲခတ်နေခြင်းသာ ဖြစ်ပါသည်။





အန်တီကေသီ့ကို သူမ အိပ်မက် မက်သည်ဆိုသည်မှာလည်း အလကားကြီး အာဖန်ကွီး လုပ်လိုက်ခြင်းပါ။

အန်တီကေသီ ကိုယ်တိုင်ကလည်း သူ မက်နေသော အိပ် မက်ကို ပြောပြနေသည်မှာ တကယ်မဟုတ်နိုင်ပါ။

အမှန်တကယ်တော့ အန်တီကေသီ အိပ်၍မပျော်မှန်း သဲသဲ အသိဆုံးပါ။

ခု သဲသဲတို့ကို ပြောလိုက်သည့် အန်တီကေသီ၏ အိပ်မက်ကို ရှင်စောဦးသာ ယုံလျှင်ယုံမည် ဖြစ်သော်လည်း သဲသဲကတော့ မယုံပါ။

သူမ၏ အန်တီကေသီမှာ ဒီအချိန်မှာ အိပ်မက်မက်ဖို့ပင် မဆိုထားနှင့် တစ်ရေးမျှ အိပ်ပျော်ဦးမည် မဟုတ်ပါ။ ဒါကမင်သက်သက် လုပ်ကြံအိပ်မက်ကြီးမှန်း သဲသဲ သိပါသည်။

ကံကောင်းချင်တော့ ရှင်စောဦးသာလျှင် သဲသဲ၏ ချောက်တွန်းခြင်းကို မခံလိုက်ရပါ။ သူမက အိပ်မောကျရုံသာကျ၍ ကာအိပ်မက်မှ မမက်ပါဘူးတဲ့။

တကယ်တော့ ရှင်စောဦး အိပ်လျှင် မလှုပ်စတမ်း မြှိမ်၍ အိပ်တတ်မှန်း သဲသဲ သိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ခုတော့ ရှင်စောဦး၏ ခန္ဓာကိုယ်လေးမှာ ဘယ်ညာ လှုးလွန့်နေသည်ကိုကြည့်၍ အိပ်၍မပျော်မှန်း သဲသဲ သိပါသည်။

"ကဲ ... အစောကြီး ရှိသေးတယ်၊ ခုမှ လေးနာရီခွဲပဲ ရှိသေးတာ၊ ပြန်အိပ်ကြရအောင်နော်"

"မနက်ကျရင် အစောကြီးမထဘူးနော် မမစော၊ ခုနစ်နာရီ လောက်မှ ထမယ် ...

ပြီးတော့ ကမ်းခြေကို လျှောက်ပတ်မယ်၊ ဒီတစ်ခါ အန်တီကေသီပါ လိုက်ခဲ့ပါလားဟင်၊ သဲသဲတို့ နှစ်ယောက် တည်းဆို ပျင်းတာပေါ့"

"သွားစမ်းပါ၊ အန်တီက အေးအေးဆေးမှ အိပ်ရာကထ မယ်၊ ပြီးတော့ ရေမိုးချိုးဦးမယ်၊ သဲသဲတို့လို ညစ်ညစ်ပတ် ပတ်ကြီးနဲ့ လျှောက်မလည်ချင်ဘူး"

"ဒါကတော့ အန်တီက ရှိုးထုတ်ချင်တာကိုး၊ သဲသဲတို့က တော့ ညစ်ညစ်ပတ်ပတ်နဲ့ လျှောက်လည်မယ်၊ ဟော ပြန် လာတော့ သန့်သန့်ပြန့်ပြန့်လေးဖြစ်အောင် ရေချိုးလိုက် မယ် ...

ဘယ်လောက် ကောင်းလိုက်သလဲ ...





အန်တီကေသီကတော့ လှလှပပ ဝတ်စားပြီး လျှောက်လည်၊ ဟော... ပြန်လာတော့ ချွေးစော်တွေ နံပြီး ညစ်ညစ်ပတ်ပတ်ကြီးနဲ့"

"သြော် ... ဒါကတော့ ရွှေသဲလေးတို့လို ရေချိုးပျင်းတဲ့ လူတွေအတွက်တော့ ဖြစ်ချင်ဖြစ်မှာပေါ့ ...

သဲသဲတို့က တစ်နေ့ကို ရေတစ်ခါ အလွန်ဆုံးချိုး လှမှ နှစ်ခါပဲမို့လား၊ ဒီထက်ပိုချိုးဖို့က အပျင်းကြီးတယ် လေ ...

အန်တီကေသီတို့ကတော့ လှဖို့ သန့်ဖို့ အတွက် ဆိုရင် ရေကို တစ်နေ့ ဆယ်ခါပဲ ချိုးရ ချိုးရ မပျင်းရေး ချ မပျင်း"

"ဒါဆို ... မနက်ဖြန် အန်တီကေသီကို မနှိုးတော့ဘူး နော်"

"အေး ... မနှိုးနဲ့၊ မနှိုးတဲ့အပြင် ခြေသံလေးကိုလည်း ခပ် ဖော့ဖော့ နင်းကြဦးနော်၊ တော်ကြာ နှိုးသာမနှိုးတာ ဝုန်း ဝုန်းဒိုင်းဒိုင်းတွေ လုပ်ခဲ့တော့ ဒီက ဓိမ်ခံချင်တဲ့သူက နိုး ပြီး ကျန်နေတော့လည်း အလကား ဖြစ်ရော"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချ လိုက်တော့ အန်တီကေသီရေ"

သုံးယောက်သား ကိုယ့်ခုတင်ပေါ် အရောက်မှာ ပစ်လှဲ ချလိုက်ပါတော့သည်။

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၅၅၊ ၁၉–လမ်း၊ လသာမြို့နယ် သို့
ရေးသားပေးပို့နိုင်ပါသည်။







"မမစော ... ပျော်လားဟင်"

"ပျော်တာပေါ့ သဲသဲရယ်၊ ပျော်လို့သာ ဒီနေရာကို တကူးတက လာကြတာပေါ့၊ ဟုတ်ဘူးလား"

"မနက်ဖြန် သန်ဘက်ခါဆို ပြန်ရတော့မယ်တဲ့ မမစောရဲ့ ..."

သဲသဲက နေချင်သေးတယ်လို့ အတင်းပူဆာတာကို ဖေဖေက အလုပ်တွေ ရှိသေးတယ်တဲ့၊ ဒါတောင် ရန်ကုန်က ဖုန်းလာရင် မနက်ဖြန်တောင် ပြန်ချင်ရင် ပြန်ရတော့မှာ ...

သဲသဲတို့ အိမ်ကြီးသာ ဒီကမ်းခြေမှာရှိရင် သိပ်ကောင်းမှာပဲနော် ...



www.burmeseclassic.com

www.burmeseclassic.com



သဲသဲတော့ ကျောင်းလည်း မသွားတော့ဘူး … ဒီမှာပဲ ပျော်ပျော်ကြီးကို နေပစ်လိုက်မှာ၊ မနက်ဆို လမ်းလျှောက်မယ်၊ ကစားမယ်၊ ပြီးတော့ အုန်းပင်ရိပ်လေးတွေအောက်မှာ ဝတ္ထုတွေ ဖတ်မယ် …

အဲ … ပြီးတော့ ကိုကိုသူရိတို့ ဦးမော်တို့လို အိမ်နားနီးချင်းတွေ ရှိလို့ကတော့ ပိုတောင် ကောင်းသေး …

ညကျရင် သီချင်းဆိုမယ် …"

"ရည်ရွယ်ချက်တွေ ကြီးမားလှချည်လား သဲသဲရယ်"

"အောင်မာ … မမစောက သဲသဲကို နှိမ်တာပေါ့လေ၊ ဟုတ်လား"

"မဟုတ်ရပါဘူး ညီမလေးရယ်၊ သဲသဲ ပြောတာကို မမစော ထောက်ခံပါတယ် …

ဘယ်သူက အလုပ်တွေကို အပင်ပန်းခံပြီး လုပ်ချင်ပါ့မလဲ …

ဒါပေမဲ့ ဒီလိုပဲ တစ်ချိန်လုံး ပျော်ပျော်ပါးပါး နေလိုက်ခဲ့မယ်ဆိုရင် ကြီးလာတဲ့အခါကျတော့ ပုရွက်ဆိတ်နဲ့ နှံကောင် ပုံပြင်ထဲကလို …"





"တော်ပြီ … မမစော၊ ဒီပုရွက်ဆိတ်နဲ့ နှံကောင်ပုံပြင် ဥပမာကလွဲပြီး မမစော ကျန်တဲ့ဥပမာ အကုန်ပေးလို့ရတယ် …

ခုဟာက တစ်ခါလာလည်း ဒီပုရွက်ဆိတ်နဲ့ နှံကောင်၊ တစ်ခါလာလည်း ဒီပုရွက်ဆိတ်နဲ့ နှံကောင် …

သဲသဲကို စာစီစာကုံး ရေးပေးခိုင်းရင်လည်း မမစော ရေးတဲ့ စာစီစာကုံးထဲမှာ ဒီပုရွက်ဆိတ်နဲ့ နှံကောင် မပါရင် မပြီးဘူး"

"ဟင်း … ဟင်း … သဲသဲကတော့ မမစော အရှက်ကို ခွဲနေပြန်ပြီ …

သဲသဲလိုပဲ မမစောလည်း ဒီကမ်းခြေမှာ အမြဲနေချင်တာပေါ့၊ ဒီသာယာလှပတဲ့ ရှုမျှော်ခင်းတွေက လူတွေရဲ့ စိတ်ကို ကြည်နူးအေးချမ်းစေတယ်၊ အပေါင်းအသင်းအသစ်တွေနဲ့လည်း ခင်မင်ရင်းနှီးခွင့် ရတယ်၊ ပျော်ရတယ်ပေါ့ နော်၊ ဒီလိုပဲ အမြဲတမ်း မမစောလည်း ပျော်ချင်တာပေါ့"

"ဟို မအေးပွင့်၊ မြင့်မြင့်စန်း၊ လမ်းသုံးဆယ်တို့နဲ့ ရန်ကုန်မှာ မမစော တွေ့ရင် ခေါ်မှာလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



"သူတို့ခေါ်ရင် မမစော ခေါ်မှာပေါ့၊ သူတို့သုံးယောက်စလုံး သဘောကောင်းတာပဲ"

"သဲသဲကတော့ တွေ့မှ ခေါ်မှာတင် မဟုတ်ဘူး၊ မတွေ့ တွေ့အောင်ကို လိုက်ရှာမှာ၊ သူတို့ လိပ်စာတွေလည်း ရေးထားပေးတာပဲ မို့လား ...

ရန်ကုန်ရောက်ရင် အရင်ဆုံး ဖုန်းဆက်မယ်၊ ပြီးတော့ အိမ်ကိုဖိတ်ပြီး မုန့်တစ်ခုခု လုပ်ကျွေးမယ်"

"အောင်မာ ... တယ်ဟုတ်ပါလား"

"သြော် ... နောက်ပြီး ကိုကိုသူရိန်နဲ့ ဦးမော်ကိုလည်း ဖိတ်ရဦးမယ်၊ ဒါပေမဲ့ မအေးပွင့်တို့နဲ့ တူတူရောဖိတ်လို့တော့ မဖြစ်ဘူး မမစောရဲ့ ...

မအေးပွင့်၊ မြင့်မြင့်စန်း၊ လမ်းသုံးဆယ်တို့က ကြည့်ရတာ အပျံစား အလည်စားတွေ ...

တော်ကြာ ကိုကိုသူရိန်နဲ့ ဦးမော်ကြီးတို့ကို ပါးပါးလိုးပြီး သုပ်စားသွားကြမှာ"

"အဲလိုဆိုတော့လည်း ဟင်းတစ်ခွက် တိုးတာပေါ့ သဲသဲရယ်၊ မဟုတ်ဘူးလား၊ ဟင်း ဟင်း"





"အောင်မယ်လေး ... ဒီလိုများ ဖြစ်လာလို့ကတော့ အန်တီကေသီက သဲသဲကို ခဲနဲ့ အပြတ်ထုမှာ မမစောရဲ့"

"နေပါဦး သဲသဲရဲ့၊ မမစော မသိလို့ မေးတာ၊ မမကေသီနဲ့ ကိုသူရိန်က ကြိုက်နေတာလား"

"အဲ ... အဲဒီမေးခွန်းကို သဲသဲ မဖြေချင်တာ၊ သူတို့နှစ်ယောက် ဘယ်အခြေအနေ ရှိနေမှန်းကို သဲသဲမသိတာ ...

ဒါပေမဲ့ အန်တီကေသီကတော့ ကိုကိုသူရိန်ကို သဘောကျနေတာကတော့ သေချာတယ် ...

စဉ်းစားရတော့ ခက်တာပေါ့ မမစောရယ်၊ တချို့တွေများဆို မြင်မြင်ချင်း ကြိုက်သွားကြပြီး ချစ်သူတွေဘဝကို ရောက်ခဲ့ကြတာမို့လား ...

ခု သူတို့နှစ်ယောက်ကတော့ တွေ့တဲ့အခါ ခေါ်လိုက်ကြ၊ ပြောလိုက်ကြနဲ့ ...

မတွေ့ကြတော့လည်း ဒီလိုပဲ ပြီးသွားတာပဲ၊ ဒါကတော့ သဲသဲ အထင်နော်၊ သူတို့ချင်း တစ်နေရာရာမှာ ဆုံကြ တွေ့ကြမလား ဆိုတာကိုတော့ သဲသဲလည်း မသိဘူး ...



www.burmeseclassic.com

www.burmeseclassic.com



ညတုန်းက သိပ်ပျော်စရာ ကောင်းတာပဲနော် မမစော၊ မမစောကော ပျော်လားဟင်”

“ပျော်တာပေါ့ သဲသဲရယ်”

“မနစ်တုန်းက သဲသဲတို့ လာတုန်းက ကိုကိုသူရိတို့ ရောက်မလာဘူး၊ ခုမှ သိတယ်လေ၊ သူက စင်ကာပူသွား နေတာတဲ့ ...

အဲဒီတုန်းကလည်း အန်တီကေသီ ကိုကိုသူရိ လာ မလားလို့ မျှော်နေသေးတာ သဲသဲ သိတယ်”

“ဒါဖြင့် သဲသဲတို့က ကိုသူရိတို့နဲ့ တူတူချိန်းလာကြတာ လား”

“ချိန်းလာတာတော့ မဟုတ်ပါဘူး၊ ဒါပေမဲ့ ဒီအချိန်က ကုမ္ပဏီမှာ အလုပ်က နည်းနည်းအားသွားကြတော့ လာ တာချင်းက တိုက်ဆိုင်သွား၀ဲ့၁ပါ ...

သဲသဲ ပြောပြီးပကော၊ တစ်နှစ်တုန်းက ကိုကိုသူရိ တို့နဲ့တွေ့တော့ ပျော်တယ် ...

မနစ်တုန်းကတော့ ကိုကိုသူရိတို့နဲ့လည်း မတွေ့တဲ့ အပြင် အန်တီကေသီ ရတ်ရတ်ရတ်ရတ်လုပ်လို့ ပြန်ခဲ့ရ ပါတယ်ဆိုနေမှပဲ ...





ဒီညလည်း ကိုကိုသူရိတို့လာရင် သိပ်ကောင်းမှာနော်၊ ဒါပေမဲ့ လာနိုင်မယ် မထင်တော့ဘူး”

“တွေ့ရင် သဲသဲက ခေါ်ကြည့်ပါလား”

“ဘာလို့ ခေါ်ရမှာလဲ၊ မိန်းကလေးဈေးအကျခံလို့”

“အောင်မယ်၊ သူကများ ကြီးကြီးကျယ်ကျယ် မိန်းက လေး ဈေးကျတယ်တဲ့၊ ရယ်စရာကောင်းလိုက်တာ ...ဟင်း ဟင်း ဟင်း”

“ဘာရယ်စရာကောင်းတာလဲ၊ မမစောလည်း ကိုကိုသူရိ တို့ကို လာစေချင်နေတာပဲမို့လား ...

မမစောက လာစေချင်ရင် မမစောဟာမမစော ခေါ်ပေါ့ ...

သဲသဲကို လာဆွဲ မထည့်ပါနဲ့နော်၊ သဲသဲက ကိုယ်မဟုတ်ရင် ဘယ်တော့မှ ခေါင်းငုံ့ခံနေမှာ မဟုတ် ဘူး ...

အင်း တကယ်လို့ မမစောက သဲသဲကို ကိုသူရိတို့ကို ညကျရင် သီချင်းလာဆိုခိုင်းဖို့ ခေါ်ပေးပါလားဟင် ...



www.burmeseclassic.com

www.burmeseclassic.com



မမ်စော သိပ်ပျော်တယ်၊ မမစောလေ သူ့မျက်နှာကို မြင်ချင်လွန်းလို့ပါ ...

သူ သီချင်းဆိုတာက မကောင်းဦးတောင် မမစော ကောင်းအောင်ဖြည့်စွက်ပြီး နားထောင်ပါ့မယ် ...

ဩော် ... ပြီးတော့ ညကျရင် အကျွေးအမွေးအတွက်လည်း မမစော တာကာခံပါ့မယ်ဆိုရင်တော့ သဲသဲ ခေါ်ပေးမယ် ... ကဲ ဘယ်လိုလဲ ...

အချိန်တစ် မိနစ်ပေးမယ်၊ အမြန်ဖြေ၊ ဝမ်း ... တူး... သရီး ... ဖစ်ဖတီနိုင်း ... စစ်စတီ"

"အရှုံးမလေး သေဖို့သာပြင်ပေတော့"

ငါးဆယ့်ကိုးကို အော်ပြီးတည်းက သဲသဲက ပြေးဖို့ရာ အဆင်သင့် လုပ်ထားပြီးသားမို့ တန်းနေအောင် ပြေးပါတော့သည်။

သဲသဲနောက်က ရှင်စောဦးကလည်း တန်းနေအောင် လိုက်ပါတော့သည်။ ဒါပေမဲ့ အပြေးသန်လှသော သဲသဲကို ရှင်စောဦးက မမီပါ။





တော်တော်လေး ဝေးသည်အထိ ပြေးပြီးမှ သဲသဲ၏ ကမ်းခြေတစ်လျှောက် ပြေးနေသော လမ်းကြောင်းမှာ အတွင်းဘက် သဲသောင်ပြင်များပေါ်သို့ ဦးတည်၍ ပြောင်းလဲသွားပါသည်။

မောနေပါသော်လည်း သဲသဲ၏ နောက်သို့ ရှင်စောဦး စွတ်၍ ပြေးလိုက်သွားပါသည်။

သဲသဲက တစ်နေရာမှာ ရပ်တန့်သွားတော့ ရှင်စောဦးလည်း ရပ်လိုက်ပါသည်။

"ဟူး ... မောလိုက်တာ"

"ဟယ် ..."

သဲသဲ၏ ဘေးတွင် မြတ်သူရိန်နှင့် မော်တင်ထွန်းတို့နှစ်ယောက် ရပ်နေပါသည်။

တကယ်တော့ သဲသဲတစ်ယောက် ပြေးနေရာမှ တစ်ဖက်က မြတ်သူရိန်နှင့် မော်တင်ထွန်းကို တွေ့လိုက်ရာ လမ်းကြောင်းက သူတို့ဘက်သို့ ဦးတည်လိုက်ခြင်းပင် ဖြစ်ပါသည်။

တော်တော်လျင်သည့် ကောင်မလေးပင်။



www.burmeseclassic.com

www.burmeseclassic.com



"သဲသဲတို့ ညီအစ်မနှစ်ယောက် လိုက်တမ်းပြေးတမ်း ကစားနေကြတာလား ...

ရယ်ရတယ်နော်၊ တို့ အဝေးကနေ လှမ်းမြင်တယ်၊ ကြည့်ကောင်းကောင်းနဲ့ ဒီကနေ ရပ်စောင့်ပြီး ကြည့်နေတာ ...

ကိုယ့်အစ်မကို ဒီလို မလုပ်ပါနဲ့ သဲသဲရယ်၊ ဟိုမှာ ရှင်စောဦး တော်တော်မောနေရှာတယ် ထင်ပါရဲ့"

"အို ... သူက လိုက်ရိုက်လို့ သဲသဲက ထွက်ပြေးရတာပါနော်"

"ဒါဆို သဲသဲက သူ့ကို စလိုက်လို့ဖြစ်မှာပေါ့"

"ဟုတ်တယ်၊ မမစောက ပြောတယ်၊ ညကျရင်တဲ့"

"ဟဲ့ ... သဲသဲ၊ ဘာတွေ လျှောက်ပြောနေတာလဲ"

"မမစောက ပြောတယ်၊ ညကျရင်တဲ့"

"တော်တော့ သဲသဲ၊ မမစော သွားတော့မယ်"

လျှင်လိုက်သည့် သဲသဲ သူမ၏ မမစော လက်ကို ဖျတ်ခနဲ ဖမ်းယူဆုပ်ကိုင်ထားလိုက်ပါတော့သည်။





"ပြောလေ သဲသဲရဲ့ ... သဲသဲ မမစောက ဘာပြောလို့လဲ"

"ဩော် ... မမစောက ညကျရင် သဲထဲက ဂဏန်းတွေ ထွက်လာတယ်မို့လား ...

အဲဒါတွေကို ဖားအုပ်ဆောင်းနဲ့ ထွက်ဖမ်းရအောင်တဲ့၊ နောက်နေ့ကျတော့ မဆလာလေးအုပ်ပြီး မန်ကျည်းမှည့်လေးနဲ့ ချက်စားရင် ကောင်းမှာပဲတဲ့"

"အလကား ကိုသူရို၊ သူ မဟုတ်က ဟုတ်ကတွေ လျှောက်ပြောနေတာ"

"ဟား ဟား ဟား"

သဲသဲ စကားကို ကြားတော့ မြတ်သူရိက ခွက်ထိုးခွက်လန် ရယ်လိုက်သလို မော်တင်ထွန်းပင် ပြုံးမိသွားပါသည်။

ရှင်စောဦး၏ စကားကို အမှန်တကယ် မပြောချလိုက်၍ ကျေးဇူးတင်ရဦးမည်ဆိုသော်လည်း ...

သူ တစ်မျိုး လှည့်ပြောလိုက်သည့် စကားကလည်း ရှက်စရာကြီးပါ။



www.burmeseclassic.com

www.burmeseclassic.com



ဂဏန်းဟင်းစားချင်လို့ ထွက်ဖမ်းရဦးမယ်တဲ့။ ပြီးတော့ ဖားအုပ်ဆောင်းကပါ ပါလိုက်သေးသည်။

သဲသဲ သူ့အရှက်ကို ခွဲလိုက်သည်မို့ ရှင်စောဦး မျက်နှာက တကယ်ပင် ပျက်ကျသွားပါသည်။

"အလကား စတာပါ မမစောရယ်၊ အလကား ကိုကိုသူရိ၊ ခုန သဲသဲ စကားတွေက တစ်ခုမှ မမှန်ဘူး၊ အကုန်လုံး လုပ်ကြံပြောတာတွေချည်းပဲ ...

စိတ်မဆိုးနဲ့နော် မမစော၊ ဟိုမှာ ကိုကိုသူရိကော ဦးမော်ကော ရှိနေကြတာ၊ တော်ကြာ သဲသဲတို့ ညီအစ်မနှစ်ယောက် ရန်ဖြစ်နေတော့ နွားကွဲရင် ကျားဆွဲဆိုတဲ့ စကားပုံအတိုင်း မမစော ကျားဆွဲခံနေရဦးမယ်"

"ဘယ်ရမလဲ၊ ကျားက သဲသဲကိုပဲ စွာလွန်းလို့ ဆွဲသွားမှာ"

"ရတယ်၊ သဲသဲတို့ကတော့ နွားပဲကွဲကွဲ၊ ကျားပဲဆွဲဆွဲ မကြောက်ရေးချမကြောက်"

"ကဲပါ သဲသဲရယ်၊ ဟိုမှာ ရှင်စောဦး စိတ်ကောက်နေတာ သနားပါတယ်ကွာ၊ တော်တော့နော်"





"ညကျရင် ကိုကိုသူရိနဲ့ ဦးမော် လာဦးမှာလားဟင်"

"ဒီနေ့တော့ မလာနိုင်တော့ဘူး ထင်ပါရဲ့ သဲသဲရယ်၊ တို့သူငယ်ချင်းတွေနဲ့ မြို့ထဲမှာ စားသောက်ဖို့ ချိန်းထားတာလေး ရှိလို့နော်၊ သဲသဲက လိမ္မာပါတယ်"

"ကိုကိုသူရိ မကောင်းဘူးကွာ၊ သဲသဲက ဦးမော်သီချင်းဆိုတာကို နားထောင်ချင်လို့ပါ၊ ကိုကိုသူရိ အသံကြီးကိုတော့ မကြိုက်ပါဘူး"

"တွေ့လား ရှင်စော၊ သူ့ကို မလာနိုင်ဘူးလို့ ငြင်းလိုက်တာနဲ့ တို့ကို အပုပ်ချတော့တာပဲ၊ ရန်ကုန်ရောက်ရင် သဲသဲတော့ တွေ့မယ်"

"အောင်မယ်၊ ရန်ကုန်မှာ သဲသဲနဲ့ ကိုကိုသူရိ တစ်ခါမှလည်း မတွေ့ဖြစ်ပါဘူးနော်"

"အေးမှတ်ထား၊ ဒီတစ်ခါတော့ သဲသဲကို တွေ့ဖြစ်အောင်ကို လာတွေ့မယ် ဟုတ်လား"

"ဟင် ... ဘယ်လိုစကားကြီးပါပေမိ့ ...

သဲသဲတော့ ကြားက ဓားစာခံ ဖြစ်ပြီထင်ပါရဲ့"



www.burmeseclassic.com

www.burmeseclassic.com



သဲသဲက ဘယ်လိုသဘောပေါက်၍ ပြောချလိုက်သည်မသိပါ။ မြတ်သူရိကော ရှင်စောဦးပါ တစ်ယောက်မျက်နှာ တစ်ယောက် မကြည့်ရဲအောင် ဖြစ်နေပါသည်။

"ကဲ ကဲ … သဲသဲတို့ ညီအစ်မတွေလည်း မောလှပြီ၊ အဆောင် ပြန်နားကြတော့နော်"

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၅၅၊ ၁၉-လမ်း၊ လသာမြို့နယ် သို့
ရေးသားပေးပို့နိုင်ပါသည်။







သည်နေရာလေးက ချောင်းသာ၏ အလှဆုံး မြင်ကွင်းလေးဟု ကေသီ ထင်မိပါသည်။

ကေသီတို့ အဆောင်နှင့် အနည်းငယ်ဝေးသော်လည်း မြတ်သူရိတို့ မော်တင်ထွန်းတို့ တည်းသော အဆောင်နှင့်ကတော့ ထိုနေရာလေးနှင့် နီးပါသည်။

မြတ်သူရိတို့ အဆောင်ကနေပဲ အပြင်ထွက်သည်ဖြစ်စေ၊ ပြန်လာသည်ဖြစ်စေ သည်နေရာကို ဖြတ်ပြီးမှ သွားရပါသည်။

ဘာရယ်တော့မသိပါ။ ကေသီတစ်ယောက် မနက်က အစ်မဖြစ်သူ ခင်ထားလတ်နှင့်အတူ လမ်းလျှောက်ဖို့ရာ ငြင်းဆန်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမတစ်ယောက်တည်း အုန်းပင်ခြေရင်းတွင် ဝ္ထု
စာအုပ်လေးတစ်အုပ်ကို အဖော်ပြု၍ နေခဲ့ပါသည်။

တစ်ခါတစ်ရံတော့လည်း ပတ်ဝန်းကျင်မှ လူတွေ၏
အသွားအလာကို တိတ်တခိုး လှမ်း၍ကြည့်မိပါသည်။

"တစ်ယောက်တည်းလား ဂေသီ၊ ဘယ်မှ လျှောက်မလည်
ဘူးလား"

"ဩော် ... ကိုသူရိ ... မလည်ဘူး ကိုသူရိ၊ ဂေသီ တစ်
ယောက်တည်း နားအေးပါးအေးပဲ နေချင်လို့လေ ...

ဟိုကောင်မလေးကို အနားမှာထားရတာ နားငြီးလွန်း
လို့ ခုလို နားအေးပါးအေးရှိတဲ့ နေရာကို တစ်ယောက်
တည်း ထွက်လာခဲ့တာလေ"

"ကိုသူရိကော ဘယ်မှ မသွားဘူးလား"

"မနက်တုန်းကတော့ လမ်းလျှောက် ရေကူးပြီးသွား
ပြီ၊ ခဏနေရင်တော့ အိမ်ပြန်နားလိုက်ဦးမယ်"

"ရန်ကုန်မှာ ဂေသီနဲ့ ကိုသူရိ သိပ်မတွေ့ဖြစ်ကြဘူးနော်"

"ဟုတ်တယ်ဗျ၊ ကျွန်တော်ကလည်း ဒီနှစ်တွေထဲမှာ မြန်မာ
ပြည်မှာကို သိပ်မနေလိုက်ရဘူး ...





မေမေက ကျွန်တော့်အတွက် ကုမ္ပဏီတစ်ခု ထပ်
ဖွင့်ပေးဖို့ Lesson တွေပေးနေတယ်လေ၊ ဒါကြောင့် သူနဲ့
အတူ ခေါ်သွားတဲ့အခါသွား၊ ကျွန်တော် တစ်ယောက်တည်း
လွှတ်တဲ့အခါလွှတ်နဲ့ လူ့ကို မနားရပါဘူး ...

မနှစ်ကဆို ဒီကို ရောက်တောင်မရောက်လိုက်ဘူး ...

ဒီနှစ်တော့ ဒီချောင်းသာကိုမှ လာခွင့်မပေးရင်
မေမေ့အလုပ်တွေကို မလုပ်တော့ဘူးလို့ ပြောတော့မှ လွှတ်
လိုက်တာ ...

ကျွန်တော့်မေမေက အရမ်းဆိုးတာဗျာ၊ ဒါတောင်
ကျွန်တော်က တစ်ဦးတည်းသောသားနော် ...

ဘယ်တော့မှ လူကို အနားမပေးဘူး၊ အစားတော့
ကောင်းကောင်းကျွေးပါတယ်၊ ဒါပေမဲ့ ဘယ်တော့မှ အနား
မရဘူး၊ အမြဲတမ်း အလုပ်တစ်ခုခုကို ခိုင်းဖို့ သူ့မှာ
အဆင်သင့် ရှိနေတယ်လေ ...

ကျွန်တော် အိပ်နေရင်လည်း အိပ်ချိန်ထက် ပိုသွား
လို့ကတော့ နှိုးတော့တာပဲ၊ နှိုးမရရင် အနားမှာရှိတဲ့
ပစ္စည်းတွေကို ဟိုရွှေ့လိုက်၊ ဒီရွှေ့လိုက်နဲ့ တဒုန်းဒုန်း



www.burmeseclassic.com

www.burmeseclassic.com



တခိုင်းခိုင်း လုပ်တော့တာပဲ၊ ရယ်ရတယ်နော်၊ မေမေ့
အကြောင်းကို ပြောပြတော့ ဘယ်သူကမှ မယုံကြဘူး ...

ဘယ်ယုံမလဲ၊ သူက ကျွန်တော် စားချင်တာကို
ဝယ်ကျွေးတယ်၊ ကျွန်တော် လိုချင်တာမှန်သမျှကိုလည်း
အကုန်ဝယ်ပေးတယ် ...

ဒါပေမဲ့ ကျွန်တော့်ရဲ့ အအိပ်ကြီးတာနဲ့ အပျင်းကြီး
တာကိုတော့ သူ လုံးဝ ခွင့်မလွှတ်ဘူး"

"သြော် ... ဒါကြောင့်လည်း ကိုသူရိတို့ ချမ်းသာနေတာ
ပေါ့ ...

ကော်သီက အန်တီနွယ်ကို အရမ်းအားကျတာ၊ အလုပ်
ကိုလည်း ကြိုးစားတယ်၊ ကိုယ့်ကိုယ်ကိုယ် လှလှပပလည်း
နေတတ်တယ်၊ ပိုက်ဆံလည်း အရမ်းချမ်းသာတယ် ...

ကဲ ... ဘဝမှာ ဘယ်လောက်လူဖြစ်ရကျိုးနပ်လိုက်
သလဲ"

"ဆက်ပြောဦးလေ ကော်သီရဲ့၊ သူ့မှာ ရှိတဲ့ သားလေးတစ်
ယောက်က လိမ်ကလည်းလိမ္မာ၊ ရုပ်ကလည်းချော၊ အဲဒါ
တွေ ကော်သီ ထည့်ပြောတဲ့ထဲမှာ လိုနေသေးတယ်လေ"





"ဟုတ်ပါတယ်၊ အဲဒါတွေလည်း ဟုတ်တာပဲ၊ ဒါပေမဲ့
သားချောလေးကို မိန်းကလေးတွေက ဝိုင်းဝိုင်းလည်နေတော့
တော်ကြာ မတော်တရော်တွေနဲ့ ဖြစ်မှာကို စိုးရိမ်နေတဲ့
အကြောင်းတွေလည်း ထည့်ပြောရဦးမယ်လေ"

"ကော်သီကဲ ကျွန်တော့်ကို အထင်သေးတယ်နော်၊ ကျွန်တော့်
မှာ ချစ်သူဆိုလို့ တစ်ယောက်မှ မရှိသေးဘူး၊ ကုန်ကုန်
ပြောမယ်ဗျာ၊ မူးလို့တောင် ရှူစရာမရှိသေးပါဘူး ...

ဒါကလည်း မေမေ့ကို ချစ်လို့ပါ ...

မေမေက ကျွန်တော့်ကို သူ သဘောတူတဲ့ မိန်း
ကလေးနဲ့မှ ပေးစားမယ်တဲ့ ...

သားဟာသား ကြိုက်တဲ့ မိန်းကလေးကို မေမေ
သဘောတူမှာ မဟုတ်ဘူးတဲ့၊ ဒါကြောင့် ရည်းစားမထား
ရဘူးလို့ စောစောတည်းက အပြတ်ကို ပြောထားတာ"

နှစ်ဦးသား စကားတပြောပြောနှင့် ကမ်းခြေတစ်
လျှောက် လျှောက်လာခဲ့ရာ အတော်လှမ်းလှမ်းကိုပင် ရောက်သွား
ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မြတ်သူရိတော့ မပြောတတ်ပါ။ ကေသီကတော့ ဒီလို ကြည်နူးရတဲ့ အဖြစ်မျိုးလေး ထာဝရ တည်တံ့နိုင်ပါစေလို့ ကျိတ်၍ ဆုတောင်းမိပါသည်။

ကေသီ၏ ခေါင်းတွင် စည်းထားသော ပဝါအနီလေးက လေထဲတွင် တလူလူ လွင့်၍နေပါသည်။ ဆံနွယ်လေးများက ဘယ်ညာယိမ်း၍ ကေသီ၏ အလှကို ဖော်ပြနေပါသည်။

ကေသီဟာ တကယ်ချောသော မိန်းကလေးပါ။ သို့ပေမဲ့ ကေသီ၏ အလှအပများက မြတ်သူရိကို ဆွဲဆောင်ရန် အလို့ငှာတော့ မတတ်နိုင်ရှာပါ။

ကေသီကို မြတ်သူရိ မိတ်ဆွေတစ်ဦးအနေနှင့်ကလွဲ၍ နည်းနည်းလေးမှ စိတ်ဝင်စားနိုင်စွမ်းအား မရှိပါ။

“ကိုသူရိ လက်ထဲက ပန်းလေးက သိပ်လှတာပဲနော်”

“ဟုတ်တယ် ကေသီ၊ ဘာပန်းဆိုလဲပဲ၊ တို့ မှတ်ထားတာ မေ့တောင်မေ့သွားပြီ၊ လမ်းမှာ ကလေးတစ်ယောက် လက်ထဲကိုင်ထားပြီး လျှောက်ရောင်းနေတာတွေ့လို့ ဝယ်လိုက်တာ”

“အဲဒီဈေးသည် ရှိသေးလား မသိဘူးနော်”





“မရှိတော့ဘူး ကေသီရဲ့၊ သူ့လက်ထဲမှာ ဆယ်ပွင့် ဆယ့်ငါးပွင့်လောက်ပဲပါတာ၊ တို့လည်း ခေါ်လိုက်ရော ...

အောင်မယ်လေး မိန်းကလေးတွေမှ ဘာပြောကောင်းမလဲ ရောက်လာလိုက်ကြတာ ...

တကယ်ပဲ ... အရင်စခေါ်တဲ့ သူကိုတောင် အားမနာတော့ဘူး၊ အတင်းဝင်ရွေးကြတော့တာပဲ ...

ကျွန်တော်က အတင်းဝင်ပြီး ရွေးရင်လည်း မိန်းမလို မိန်းမရနိုင်တယ်လို့ အပြောခံရဦးမယ်လေ ...

ဒါနဲ့ သူတို့ ရွေးတာကို စောင့်ပြီးမှ လက်ကျန်တစ်ပွင့်တည်းကိုသာ ရလိုက်တာ ...

သူတို့ ရွေးသွားတဲ့ ပန်းတွေဆို အရမ်းလှတာဗျ၊ တချို့အပွင့်ကြီးတွေဆို အကြီးကြီးပဲ”

“ကေသီလည်း ဒီပန်းကို ဒီတစ်ခါပဲ မြင်ဖူးတာ၊ မွှေးကော မွှေးလားဟင်”

“အဲဒါတော့ ကျွန်တော်လည်း မနမ်းကြည့်ရသေးတော့ မသိဘူးဗျ”

တကယ်တမ်းမှာတော့ ယောကျာ်းလေးဖြစ်တဲ့ မြတ်သူရိ လက်ထဲက တစ်ပွင့်တည်းသော ပန်းလေးဟာ ကေသီ



www.burmeseclassic.com

www.burmeseclassic.com



လက်ထဲတွင် ရှိနေပါလျှင် ပိုပြီး သဘာဝကျမည် ဖြစ်ပါသည်။

ကေသီ ဖြစ်စေချင်သည်ကတော့ သည်ပန်းလေးကို ကေသီ လိုချင် ယူလိုက်လေလို့ ပြောစေချင်၍ ရေလာမြောင်းပေး လုပ်လိုက်ခြင်း ဖြစ်ပါသည်။

သို့သော် မြတ်သူရိက ဘာမျှ မပြောဘဲ မိမိ၏ ပန်းကလေးကို ကိုင်မြဲအတိုင်း ကိုင်ထားသည်မို့ ကေသီ တောင်း ယူရန် ခက်နေပါသည်။

"ကေသီရေ ခရီးတော်တော်တောင် ရောက်လာပြီ၊ တော်ကြာ အဆောင်ပြန်လျှောက်ရင် ကေသီ မောနေဦးမယ်၊ ပြန်လှည့် ကြရအောင်နော်"

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၅၅၊ ၁၉-လမ်း၊ လသာမြို့နယ် သို့
ရေးသားပေးပို့နိုင်ပါသည်။







"ငါပြောတဲ့အတိုင်း သေသေချာချာ လုပ်နော် မော်ကြီး၊ ကေသီ ရှိနေတုန်းဆို ဒီစာနဲ့ ပန်းကို လုံးဝ မပြနဲ့၊ ကုန်ကုန်ပြောမယ်ကွာ၊ ငါ ကေသီ့ကို မသိစေချင်ဘူး"

မော်တင်ထွန်းတစ်ယောက် လက်ထဲတွင် ပန်းက လေးတစ်ပွင့် ကိုင်ရက်သားနှင့် သဲသဲထွက်အလာကို စောင့်နေရ သည်မှာ အတော်ကို ကြာနေပါပြီ။

အချိန်က နေ့လယ်ခင်းဆိုတော့ ချောင်းသာကမ်းခြေ တစ်လျှောက် လူသွားလူလာ အနည်းငယ်သာ ရှိပါသည်။

သဲသဲ တစ်ယောက် အိပ်ပျော်နေလျှင်တော့ သူ စောင့်ရတာ မောကြောရောပဲ ...

သဲသဲတို့နှင့် ကပ်လျက်သား အဆောင်မှာတော့ ဦးမိုးကျော်သူနှင့် ဒေါ်ခင်ထားလတ်တို့ နေကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်ခန်းမှ ဒေါ်ခင်ထားလတ်နှင့် ဦးမိုးကျော်သူ အပြင်သို့ ထွက်လာပါသည်။

မော်တင်ထွန်းက သူ၏ ခန္ဓာကိုယ်ကို အုန်းပင်တစ်ခု၏ ပင်စည်နောက်တွင် ကွယ်ဝှက်လိုက်ပါသည်။

မကြာခင်မှာပင် ကေသီ၊ ဦးမိုးကျော်သူနှင့် ဒေါ်ခင်ထားလတ်တို့ အပြင်သို့ ထွက်သွားကြပါတော့သည်။

သူတို့သုံးယောက် စီးသွားသော ပါဂျဲရိုကားကြီး အတော်လှမ်းလှမ်းကိုရောက်မှ မော်တင်ထွန်းက သဲသဲတို့ အဆောင်ရှိရာသို့ ချဉ်းကပ်လာပါသည်။

"သဲသဲရေ ... သဲသဲ"

"ဟယ် ... ဦးမော်"

"ငြိမ်ချက်သား ကောင်းလှချည်လား သဲသဲရယ်၊ တို့စောင့်နေရတာ ကြာပြီ"

"ဟင် ... ဒါဆိုလည်း လာခဲ့ရောပေါ့ ဦးမော်ရယ်၊ သဲသဲတို့ အထဲမှာ ရှိနေတာပဲဟာ၊ တံခါးခေါက်လိုက်ရင် ပြီးရော"





"ရပါတယ် သဲသဲရယ်၊ ဟိုနား ခဏသွားရအောင်နော်၊ ခဏလေး ပြောစရာရှိလို့"

"ရတယ်လေ၊ သဲသဲ မမစောကိုပါ ခေါ်လိုက်ဦးမယ်၊ အန်တီကေသီကတော့ အခုလေးတင် အပြင်ထွက်သွားတယ်"

"နေပါစေ သဲသဲ၊ ရှင်စောဦးကို မခေါ်နဲ့တော့၊ ဒီနားလေးတင်ပါ"

"ဒါဖြင့် သဲသဲ မမစောကို ပြောပြီး လိုက်ခဲ့မယ် ဟုတ်လား...

ဟင် ဦးမော် လက်ထဲကလည်း ပန်းကြီးနဲ့"

"အေးလေ ... ဒီပန်းကြီးကြောင့် ဒီမှာ စောင့်နေရတာ ပူလွန်းလို့ ခေါင်းပေါ်မှာ ငါးတောင်ကင်ရင် ကျက်သွားနိုင်တယ်"

"ဟင်း ဟင်း ဟင်း"

"ဒီမှာ သဲသဲရဲ့၊ မြတ်သူရိက ခုနတင် အရေးကြီးကိစ္စရှိလို့ ရန်ကုန်က လှမ်းခေါ်လို့ ပြန်သွားရပြီ"

"ဦးမော်က မပြန်သေးဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဦးမော်ကိုတော့ မြတ်သူရိက ဒီမှာ လုပ်စရာကိစ္စလေး ရှိလို့ နေခဲ့ပါဦးလို့ ပြောလို့ နေခဲ့ရတာ ...

ဒီအလုပ်ကတော့ သဲသဲနဲ့ တွေ့ပြီးရင် ပြီးသွားမှာပါ"

ဒီစာနဲ့ ပန်းလေးကို ပေးပေးဖို့ မြတ်သူရိက မှာသွားတယ်၊ ပြီးတော့ သဲသဲ လက်ထဲကို သေသေချာချာ ရောက်အောင် ပေးပေးဖို့ မှာထားခဲ့တာ"

"ဩော် ... ဒါဖြင့် သဲသဲက ဒီစာနဲ့ ပန်းကို အန်တီကေသီ ကို ပေးပေးရမယ်ပေါ့ ဟုတ်လား"

"မဟုတ်ဘူး သဲသဲရဲ့၊ ဟို ရှင်စောဦးကို ပေးပေးဖို့ ပြောတာ"

"ဟာ ... သဲသဲတော့ မှားပြီ၊ သဲသဲ ထင်ထားတာတွေ လုံးဝ မှားကုန်ပြီ ဦးမော် ...

မနက်တုန်းက သဲသဲနဲ့ မမစော လျှောက်လည်ကြ တယ် ...

ပြန်လာတော့ ဟိုးခပ်လှမ်းလှမ်းမှာ ကိုကိုသူရိန်နဲ့ အန်တီကေသီ လမ်းလျှောက်နေတာကို တွေ့လိုက်တယ် ...





သူတို့ကို အနှောင့်အယှက် ပေးရာရောက်မှာစိုးလို့ သဲသဲတို့တောင် လိုက်မသွားဘဲ အဆောင်ကို ပြန်လာခဲ့ တာ ...

သူက ညီချင်းတအေးအေးနဲ့ ရေမိုးချိုး အလှပြင်ပြီး အရမ်းကို တက်ကြွနေတဲ့ပုံပဲ ...

သဲသဲကတောင် မမစောကို အန်တီကေသီ ကိုကို သူရိန်နဲ့ အဆင်ပြေနေပြီ ထင်တယ်လို့ ပြောလိုက်သေး တယ်"

"မဟုတ်ဘူး သဲသဲရေ၊ ဦးမော် ထင်တော့ ဖိုးသူရိက မပြန်ချင်သေးဘူး ...

ရှင်စောဦးကိုလည်း နှုတ်ဆက်ပြီးမှ ပြန်ချင်တယ် ထင်ပါရဲ့ ...

ဒါကြောင့်မို့ သူ ရှင်စောဦးအတွက် ပေးဖို့ ဝယ်ထား တဲ့ ဒီပန်းလေးနဲ့ စာလေးကို ဆက်ဆက် ပို့ခိုင်းထား တာ"

"ဒါဖြင့် ဦးမော် တစ်ယောက်တည်း ဖြစ်နေတယ်ပေါ့၊ ပျင်းရင် သဲသဲတို့ဆီ လာလည်ပေါ့၊ သဲသဲတို့လည်း တစ်



www.burmeseclassic.com

www.burmeseclassic.com



ရက်နှစ်ရက်လောက် နေပြီးရင် ပြန်ရတော့မယ် ထင်ပါရဲ့...

ဦးမော် ပြန်ဖို့ အခက်အခဲရှိရင် သဲသဲတို့နဲ့ လိုက်ခဲ့ပါလား"

"ရတယ် သဲသဲ၊ ဦးမော်မှာ ကားပါတယ်၊ ဦးမော်က ပြည်ကနေ တနေ့ပြီး လာခဲ့တာ၊ ဖိုးသူရိနဲ့ ချောင်းသာမှာ ဆုံမယ်ဆိုပြီး ချိန်းလာတာလေ"

"ဪ ... ကောင်းတယ်၊ ကောင်းတယ်"

"ဇော်ချ သဲသဲ၊ ရန်ကုန်ရောက်ရင် ဦးမော်ရယ် ဖိုးသူရိရယ် သဲသဲရယ် ပြန်ဆုံဖို့အကြောင်းတွေ အများကြီးရှိသေးတယ် ...

ဦးမော် ပြန်တော့မယ်နော်"

"ဟုတ်"

စာအိတ်ပြာပြာလေးနှင့် လုပ်သော ပန်းလေးကို ကိုင်ပြီး သဲသဲ ခေါင်းငိုက်စိုက်လေးနှင့် ကျန်ရစ်ခဲ့ပါသည်။

တကယ်တော့ ဒီစာလေးကိုသာ အန်တီ ကေသီ ရရင် အရမ်းဝမ်းသာမှာ ...





အဒေါ်အရင်းခေါက်ခေါက် ဖြစ်နေသည်မို့လည်း အန်တီကေသီကို သူ ပျော်စေချင်ပါသည်။

ပြီးတော့ ဒီစာလေး ယူလာပေးသည့် အတွက်လည်း သူ့အပေါ် တင်ထားသည့် အကြွေးကို အန်တီကေသီ ဘယ်တော့မှ ဆပ်၍မကုန်နိုင်အောင် သူ ပူဆာလို့ရမည် ဖြစ်ပါသည်။

မမစောကို သူ သိပ်ချစ်ပါသည်။ သို့သော် အန်တီကေသီကို သဲသဲ သနားသည်။

"မမစော"

"လန့်လိုက်တာ သဲသဲရယ်၊ ဖြည်းဖြည်းခေါ်ပါ"

"ကိုကိုသူရိက အရေးကြီးလို့ ပြန်သွားပြီတဲ့၊ မမစောကို ဒီစာလေးနဲ့ ပန်းလေး ပေးခဲ့တယ်တဲ့ ...

သဲသဲတို့ ဖွင့်ကြည့်ရအောင်နော်"

"သဘောပဲ"

ရှင်စောဦးက သူမ၏ လက်ထဲသို့ ရောက်နေသော အနီရောင် ပန်းလှလှလေးကို မွှေးလိုက်ပါသည်။ စာကိုတော့ သဲသဲက ဖွင့်ဖတ်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ရှင်စောဦး

အရေးကြီးတဲ့ ကိစ္စရှိလို့ ကိုသူရိ ပြန်သွားပြီ၊ ရှင်စောဦးကို ကိုသူရိ ကိုယ်တိုင် နှုတ်ဆက်ပြီးမှ ပြန်ချင်တာပါ၊ ရှင်စောဦးအတွက် ပေးဖို့ ရည်ရွယ်ထားတဲ့ ပန်းလေး ကိုပါ ပေးလိုက်ပါတယ်၊ ရန်ကုန်ရောက်ရင် တို့ကို လက်ခံစကားပြောပါနော် ...

သဲသဲလေးကိုလည်း နှုတ်ဆက်ခဲ့တယ်လို့ ပြောပေးပါ ...

အမြဲတမ်း သတိရနေမဲ့ ...

သူရိ

"ကဲ ... ဘယ်လိုလဲ မမစောကြီး၊ စွံသွားပြီမို့လား"

"ဘာစွံသွားတာလဲ"

"အို ... ဒါမှ မစွံရင် ဘယ်ဟာကို စွံတယ်လို့ ခေါ်ရမှာလဲ၊ အင်း ... ကံကောင်းချင်တဲ့သူများကြတော့ မျက်လွှာကြီးချပြီး အရပ်အပြိုး မရှိ၊ ဣန္ဒြေကြီးနဲ့ နေတာကောင် လိုက်ကြိုက်တဲ့သူက အဆင်သင့် ...





ဟိုခမျာ သူ့ကို လိုချင်လွန်းလို့ နှစ်ပေါင်းအတော်ကြာကြီးပမ်းလိုက်ရတာ"

"ဘယ်ခမျာလဲ"

"မသိဘူးလား၊ သဲသဲလည်း ပြောထားပြီးသားပဲ၊ အန်တီကေသီလေ ...

အန်တီကေသီသာ သိရင် အရမ်း စိတ်မကောင်းဖြစ်မှာ ...

ရော့ 'မြိုင်နန်းစံမကြီး' ကိုယ့်စာကို ကိုယ် လုံခြုံအောင်သိမ်းထားပေတော့"

"သဲသဲနော် မမစောကို စိတ်ဆိုးအောင် မလုပ်နဲ့"

"ဒီပန်းလေးက ဒီအတိုင်းထားရင် နွမ်းသွားမှာ၊ သဲသဲရေစိမ်ပေးထားမယ်"

ပြောပြောဆိုဆို သဲသဲက သောက်ရေသန့်ဘူးလေးထဲတွင် ပန်းလေးကို ထိုးစိုက်ထားလိုက်ပါတော့သည်။

"ပန်းလေးက မွှေးလားဟင်"

"ကိုယ့်ဟာကိုယ် မွှေးကြည့်ပါလား"

"ဟင့်အင်း၊ သူများကို ပေးထားတဲ့ ပန်းကို မမွှေးချင်ဘူး"



www.burmeseclassic.com

ပြောပြောဆိုဆို ကားဆိုက်သံနှင့်အတူ ကေသီနှင့် ဒေါ်ခင်ထားလတ်တို့ အခန်းထဲ ဝင်လာပါတော့သည်။

"ပန်းလေးက လှလိုက်တာ၊ ဒါ ဘယ်ကရတာလဲ သမီး"

ဒေါ်ခင်ထားလတ်က သဘောရိုးနှင့် မေးသည်ဖြစ်သော်လည်း ကေသီ့ မျက်နှာက အတော်ပျက်နေပါသည်။

"အောင်မယ်လေး၊ ပန်းအကြောင်း မပြောပါနဲ့တော့၊ ကိုကိုသူရိ လက်ထဲက အတင်းလုလာခဲ့တာ ...

ဒီပန်းက သုံးလေးရက်လောက် ခံတာတဲ့၊ လှလွန်းလို့ သူ့အမေကို ပေးဖို့ ဝယ်ထားတာတဲ့၊ သူတောင်မှ ဒီတစ်ပွင့်တည်း ဝယ်လို့ရတာတဲ့၊ သူ့ပန်းအကြောင်း အမွှမ်းတင်နေတုန်း သဲသဲက မရဘူး၊ သဲသဲကို ပေးရမယ်ဆိုပြီး အတင်းလုပြေးတာ ...

လေကားအတက်မှာတောင် ခလုတ်တိုက်လဲခဲ့သေးတယ်"

"ငါ့သမီးကတော့လေ တကယ့်ကို လက်ရဲဇက်ရဲပဲ၊ မလုပ်ရဘူး သမီးရဲ့၊ အဲဒါမျိုးက လူမုန်းခံရတယ်"





ကေသီ့ရင်ထဲက အပူလုံးကြီးက ခုမှကျသွားပါသည်။ တကယ်တော့ ဒီပန်းဟာ မြတ်သူရိ လက်ထဲကနေ သဲသဲတို့ဆီ ရောက်လာတယ်ဆိုတော့ သူ ရင်တုန်ပန်းတုန် ဖြစ်ခဲ့ရပါသည်။ သဲသဲကလေးမို့ ထားဦး၊ ရှင်စောဦးနှင့် ပတ်သက်၍ ရင်ထဲမှာ ဗျာပါဒ ဖြစ်ရတာပါ။

"သူတို့က ဒီကို လာသွားတာလား သဲသဲ"

"ဟုတ်တယ်၊ ကိုကိုသူရိကတော့ အလုပ်က အရေးကြီးလို့ အခုပဲ ပြန်သွားပြီ၊ ဦးမော်ကတော့ ကျန်ရစ်ခဲ့သေးတယ်"

"ဩော် ... မေမေတို့လည်း မနက်ဖြန်ဆို ပြန်တော့မယ် သမီး၊ အားလုံး ပစ္စည်းတွေ သိမ်းစရာရှိတာ သိမ်းထားကြနော်"

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၅၅၊ ၁၉-လမ်း၊ လသာမြို့နယ် သို့
ရေးသားပေးပို့နိုင်ပါသည်။

www.burmeseclassic.com





ပထမဦးဆုံး စဖွင့်မည့်ကုမ္ပဏီရဲ့ မန်နေဂျင်းအဖြစ်လူများနှင့် မိတ်ဆက်ရမည်မို့ မြတ်သူရိ အနည်းငယ် စိတ်လှုပ်ရှားရပါသည်။

ဒီကုမ္ပဏီမှာ မိခင်ဖြစ်သူက သူ့အတွက် ဖွင့်ပေးခြင်း ဖြစ်ပါသည်။

သူငယ်ချင်းဘဝနှင့် တစ်သက်လုံး အတူနေခဲ့သော မော်တင်ထွန်းက မန်နေဂျာခန့်ထားခြင်း ခံရပါသည်။

မြတ်သူရိနှင့် အတူတွဲလုပ်ရန် လုပ်ရည်ကိုင်ရည်ရှိသော ဝန်ထမ်းကြီးများကိုလည်း မိခင်ဖြစ်သူ ဒေါ်ခင်လေးနွယ်က ရှာထားပေးပါသည်။

ကျန်ဝန်ထမ်းများကတော့ များသောအားဖြင့် အသစ်များသာ ဖြစ်ပါသည်။





ပထမဦးဆုံး မိတ်ဆက်မည့်နေ့မို့ ဝန်ထမ်းအားလုံး ရောက်ရှိလို့ နေပါသည်။

ဒေါ်ခင်လေးနွယ် အပါအဝင် မြတ်သူရိနှင့် မော်တင်ထွန်းက နောက်မှ ရောက်ရှိလာရာ မိမိတို့အတွက် အဆင်သင့်ခင်းကျင်းထားသော ထိပ်ဆုံးက ဆိုဖာခုံကြီးများပေါ်တွင် နေရာယူလိုက်ကြပါသည်။ ပထမဦးဆုံး ဒေါ်ခင်လေးနွယ်က မိတ်ဆက်စကားပြောကြားပြီး သားဖြစ်သူ မန်နေးဂျင်းဒါရိုက်တာ ဖြစ်သည့် မြတ်သူရိနှင့် မန်နေဂျာမော်တင်ထွန်းတို့နှင့် မိတ်ဆက်ပေးပါသည်။

ဒီဝန်ထမ်းထဲတွင် ကေသီ ပါလာမည်ဆိုသည်ကို မြတ်သူရိ သိထားပြီးသား ဖြစ်သော်လည်း ...

အမှတ်မထင် ရှင်စောဦး၏ မျက်နှာကို မြင်လိုက်ရသည်မို့ သူ အတော် အံ့သြသွားပါသည်။

ရှင်စောဦးကလည်း မြတ်သူရိကို မြင်ရသဖြင့် အလွန်တုန်လှုပ်သွားခဲ့မိပါသည်။

တကယ်တော့ သူက အလုပ်လုပ်ချင်တယ်ဆို၍သာ လေးလေးမိုးက အလုပ်ရှာပေးခဲ့ရသော်လည်း သူ့တူမလေးအား အလုပ်မလုပ်စေချင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ရှင်စောဦးအတွက်ကလည်း သည်အလုပ်ကို အလွယ်တကူ ရလိုက်ခြင်း ဖြစ်ပါသည်။

ဦးလေးဖြစ်သူ၏ ဆောင်မခြင်းဖြင့် ဓာတ်ပုံလေးသုံးပုံနှင့် ကိုယ်ရေးရာဇဝင်လေးကို ပေးလိုက်ခြင်းဖြင့် ဒီအလုပ်ကို ရရှိလိုက်ခြင်း ဖြစ်ပါသည်။

အလုပ်လုပ်ရမည့် ကုမ္ပဏီနှင့် ဝင်ရမည့်ရက်ကိုသာ သိရသော်လည်း မြတ်သူရိတို့နှင့် ပတ်သက်သော ကုမ္ပဏီမှန်း သူ မသိခဲ့ပါ။

ခုတော့ ဒီကုမ္ပဏီဟာ သူ့အတွက် စိမ်းနေမည် မဟုတ်တာတော့ သေချာသွားပါသည်။

သူ အရင်ဆုံး စမြင်လိုက်တာက ကေသီ၊ နောက် မြတ်သူရိနှင့် မော်တင်ထွန်း။

အဲဒီလူတွေအားလုံးက သူမနှင့် ရင်းနှီးပြီးသား ဖြစ်နေကြပြီလေ။

တကယ့်ကို အံ့သြစရာကောင်းတဲ့ အဖြစ်အပျက်ပါပဲ၊ ရန်ကုန်ရောက်လျှင် မြတ်သူရိနှင့် သူမ ကြုံတွေ့ဖို့ အခွင့်အရေးက အလွန်နည်းနေသည် မဟုတ်ပါလား။





သဲသဲ ကိုယ်တိုင် ဖွင့်ပြောခဲ့ဖူးသည်လေ။

ရန်ကုန်တွင် သူနှင့် မြတ်သူရိတို့က တွေ့ခဲ့လှသည်တဲ့။ ခုတော့ ချောင်းသာက ခွဲခဲ့ရလို့ တစ်လတောင် မပြည့်သေးပါ။ သူ မြတ်သူရိနှင့် ဆုံတွေ့ရပါတော့သည်။

ဝန်ထမ်းအားလုံးကို နှုတ်ဆက်ပြီး လူကြီးတွေ ပြန်သွားကြပါသည်။

ကုမ္ပဏီအကြီးအကဲ အနေနဲ့မို့ ဝန်ထမ်းများထဲက ရှင်စောဦးကို ကွက်၍ နှုတ်ဆက်ရန် မဖြစ်နိုင်သည်မို့ မြတ်သူရိက ရှင်စောဦးကို အပြုံးလေးဖြင့်သာ နှုတ်ဆက်သွားနိုင်ရှာပါသည်။

"ရှင်စော ဒီမှာ လုပ်မယ်ဆိုတာ မမကေသီတောင် မသိဘူး"

"ဟုတ်တယ်နော်၊ ရှင်စောလည်း လေးလေးမိုး သွင်းပေးလို့ ဒီအလုပ်ကို ရလိုက်တာ၊ ဒီရောက်တော့မှ မမကေသီရယ် ကိုသူရိနဲ့ ဦးမော်တို့ကို တွေ့တော့ အရမ်းကို အားတက်သွားတာပဲ"

"ရှင်စော အလုပ်လာလုပ်တော့၊ ဟို သံမီးကျည်ကော ပူညံ ပူညံ လုပ်သေးလား"

"အစကတော့ လုပ်တာပေါ့ မမကေသီရယ်၊ နောက် ဘာတတ်နိုင်မှာလဲ၊ သူလည်း ကျောင်းတက်နေရမှာပဲဟာ..."



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းပိတ်ရက် အလုပ်ပိတ်ရက်နဲ့ ညဘက်ကျရင် တွေ့ရရင် ပြီးရောပေါ့ မဟုတ်ဘူးလား ...

မမကေသီ အိမ်ကို မရောက်တာတောင် ကြာသွားပြီနော်၊ ဒီတစ်ခါ မမကေသီလာရင် ရှင်စော ကိုယ်တိုင် ဟင်းတွေ ချက်ထားမယ်နော်၊ ဖုန်းသာကြိုဆက်လိုက်ပါ”

ဝန်ထမ်းဝတ်စုံလေးနှင့် ကေသီဟာ အလွန်လိုက်ဖက်ပြီး ကြည့်ကောင်းလှသလို ဝါဝင်းစိုပြည်သော အသားအရေလေးနှင့် လိုက်ဖက်အောင် ရှင်စောဦး၏ မျက်ဝန်းနက်နက်လေးကလည်း ဝိုင်းစက်လို့နေပါသည်။ ဆံပင်ကို ပြောင်တင်းအောင် စုစည်းထားသော ရှင်စောဦး မျက်နှာလေးမှာ ဝန်ထမ်းအားလုံးတွင် အလှဆုံးဟု ဆိုလျှင်လည်း ရပါသည်။

သည့်မျှလောက် လှသည့် ဝန်ထမ်းနှစ်ဦး၏ အလှကို မည်သူမှ လိုက်မမီနိုင်မည် မဟုတ်ပါ။







“ကဲ ဖိုးသူရိ၊ မင်းက အရေးကြီးတယ်ဆိုလို့သာ လာရတာ၊ ငါ့မှာ အလုပ်ရှိသေးတယ်ကွ”

“အေးပါကွာ၊ ငါ့ကုမ္ပဏီကိစ္စပါ ...

ကုမ္ပဏီစဖွင့်ရတော့မယ် ဆိုတော့ ငါ အရမ်းစိတ်ပူတာပဲကွာ ...

ငါ ကိုယ်တိုင် လုပ်နိုင်ပါ့မလားပေါ့လေ၊ မေမေကလည်း ဝင်ပြီး ကြီးကြပ်ပေးမယ်ဆိုလို့ လုပ်ဖြစ်သွားတယ် ဆိုရမှာပေါ့ ...

ကုန်ကုန်ပြောမယ်ကွာ၊ ငါ့စိတ်ထဲမှာ မနေ့ကအထိ ရင်ထဲမှာ အလုံးကြီးက ရှိနေတယ် ...

ဘာလို့လဲ ဆိုတော့ ငါ့မှာ အတွေ့အကြုံကလည်း မရှိဘူးလေ ...



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့တော့ ငါ အရမ်းဝမ်းသာသွားပြီကွာ၊ ငါနဲ့ ထာဝရ အလုပ်အတူလုပ်ရမဲ့သူက ငါ အမြဲထာရဝ မြင်ချင်တဲ့ ငါ့ရဲ့ လှတစ်မျက်နှာလေးနဲ့ပဲမို့လား ...

သူ့ မျက်နှာကို မြင်ရတော့ ငါ အရမ်းအားတွေ တက်လာတယ်၊ ဒါကြောင့် ငါ့ရဲ့ ခံစားချက်တွေနဲ့ ပတ်သက်ပြီး မင်းနဲ့ ဆွေးနွေးချင်လို့ ခေါ်လိုက်တာပဲ မော်ကြီး"

"သေလိုက်တော့ကွာ ...

ငါ့မှာတော့ အရေးကြီးတဲ့ကိစ္စ တိုင်ပင်စရာရှိတယ်ဆိုလို့ ကိုယ့်အလုပ်ကိုဖျက်ပြီး လာခဲ့ရတာ၊ မင်း တော်တော်ဆိုးတာပဲ ဖိုးသူရိရာ"

"ရှင်စောဦးက မလှဘူးလား မော်ကြီး၊ အရမ်းလှတာပဲနော်"

"ဒါကတော့ မင်း အထင်ကိုး၊ ငါ့အမြင်တော့ ကေသီက ပိုများ လှနေသလားလို့"

"ဟော့ကောင်၊ ငါ့ကို စသလိုနဲ့ ကေသီ့ကို မင်း ကြွေနေပြီမို့လား ...

မင်း မှန်မှန်ပြော၊ ငါလည်း ကေသီနဲ့ မင်းကို အရမ်းသဘောတူတာ"





"တော်ပါကွာ၊ မင်းတို့ချင်း ဘယ်လိုတွေရှိမှန်း မသိဘဲနဲ့ ကြားကနေ ငါ မပါပါရစေနဲ့ကွာ"

"ဒီမှာ မော်ကြီး၊ မင်းကို ငါ တစ်ခုပြောမယ်၊ ကေသီက မင်းကို သဘောကျ လက်ခံမယ်ဆိုရင် ငါ သဘောတူတယ်"

"သဘောတူရအောင် မင်းက ကေသီ့အဖေမို့လား"

"ကေသီ အဖေ မဟုတ်လို့ ခက်နေတာပေါ့ကွ၊ သူ့အဖေသာဆိုရင် မော်တင်ထွန်းရေ ဦးသမီးကို စောင့်ရှောက်ပါကွယ် ...

ဦးသမီးက ငယ်သေးတော့ တော်ကြာ မတော်တရော်တွေနဲ့ တွေ့သွားမှာကို စိုးရိမ်ရတယ်၊ မင်းကိုတော့ ဦး စိတ်ချပါတယ် မော်တင်ထွန်းရယ် ...

ဦးသမီးကိုသာ ယူမယ်ဆိုရင် မင်းကို ဦး အိမ်ရှေ့ ခြံထောင့်က သင်ပုတ်ပုလ္လင်လေးပေါ်မှာ တင်ထားပြီး နေ့တိုင်းဆွမ်းတော်စွန့်တဲ့ ထမင်းတွေ ကို အမြဲကျွေးထားမှာပါ မောင်မော်တင်ထွန်းရာလို့ ပြောမှာပေါ့ကွ"



www.burmeseclassic.com

www.burmeseclassic.com



"အေးပေါ့ကွာ၊ ငါက ဆွမ်းတော်စွန့်တဲ့ ထမင်းတွေ စားနေတုန်း မင်းက ငါ့နားက သွားရည်တမျှားမျှားနဲ့ စောင့်မနေဖို့ အရေးကြီးတာပါပဲ ...

စိတ်ချပါကွာ၊ ငါ့ သူငယ်ချင်းအတွက်တော့ ငါ ချန်ထားမှာပါ ...

ဟား ဟား ဟား"

"ရတယ် မောင်ကြီး၊ မင်း ပြောချင်သလို ပြော၊ ငါ ဒီနေ့ အရမ်းပျော်နေတယ်၊ ရှေ့လျှောက် ငါ့ဘဝခရီး ဖြောင့်ဖြူးပါစေလို့ပဲ ဆုတောင်းရမှာပဲ"

ဝေဖန်စာ၊ အကြံပြုစာ၊ စိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၅၅၊ ၁၉–လမ်း၊ လသာမြို့နယ် သို့
ရေးသားပေးပို့နိုင်ပါသည်။







သားဖြစ်သူက အလုပ်အပေါ်မှာ စိတ်ဝင်တစား ရှိနေသည်မို့ ဒေါ်ခင်လေးနွယ် စိတ်ချမ်းသာရပါသည်။

ဒေါ်ခင်လေးနွယ် ကိုယ်တိုင်နှင့် လုပ်ငန်းကျွမ်းကျင်သော ဝန်ထမ်းကြီးများ၏ ကြိုးကြပ်မှုကြောင့် မြတ်သူရိမှာ ကုမ္ပဏီ၏ မန်နေးဂျင်းဒါရိုက်တာ နေရာကို ရထားသော်လည်း လုပ်ငန်းသဘောအရ အလွန်သက်သာမှု ရှိနေပါသည်။

တစ်သက်လုံးက မဝတ်ဘဲ ထားထားသော အသစ်စက်စက် အဝတ်အစားများကိုလည်း မထပ်ရအောင် ထုတ်ဝတ်နေသော မြတ်သူရိကို ဒေါ်ခင်လေးနွယ်ကော မောင်တင်ထွန်းပါ အံ့သြခဲ့မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"မေမေ့သားက အရမ်းကြည့်ကောင်းတာပဲ၊ ခုလို သားရဲ့ အရွယ်လေးနဲ့ သားရဲ့ အလုပ်အကိုင် ရာထူးနဲ့ဆိုတော့ လိုချင်တဲ့ မိန်းကလေးတွေမှ ဝိုင်းဝိုင်းလည်နေမှာ မေမေ သိပါတယ် ...

ဒါပေမဲ့ သား ဘယ်သူ့ကိုမှတော့ စိတ်မဝင်စားလိုက်နဲ့နော်၊ သားအတွက် မေမေ လျာထားပြီးသားရှိတယ်၊ ပြီးတော့ သူ့ကိုလည်း သားနဲ့ အနီးဆုံးဖြစ်နိုင်မဲ့ နေရာမှာ ထားထားတယ်"

"ဘယ်သူလဲ မေမေ"

"သား သိပြီးသား ဖြစ်မှာပါ၊ သား မသိရင်တောင်မှ မကြာခင် သူလေးရဲ့ အပြုအမူကို ကြည့်ပြီး သား သိသွားမှာပါလေ"

"ကေသီ့ကို ပြောတာလား မေမေ"

"ငါ့သားက မဆိုးပါဘူး၊ မေမေ့အကဲကို ခတ်တတ်သားပဲ ...

ကေသီလေးကို သားနဲ့ သဘောတူလို့ ခုလို သားနဲ့ အနီးဆုံးနေရာမှာ ရာထူးကြီးပေးပြီး မေမေ ခေါ်ထားလိုက်တာလေ၊ သား ကေသီ့ကို ဂရုစိုက်ရမယ်နော်"





"ဟာ ... ဒါတော့ မဖြစ်နိုင်ဘူး မေမေ၊ သား ကေသီ့ကို သူငယ်ချင်းတစ်ယောက် မိတ်ဆွေတစ်ယောက်အနေအထား ထက် ပိုပြီး ဟိုဟာဒီဟာတွေ မစဉ်းစားချင်ဘူး"

"ဖြည်းဖြည်းပေါ့ သားရယ်၊ သားကို ဒီအစီအစဉ်တွေ ဖွင့်ပြောရတဲ့ အကြောင်းက မေမေ့သား စိတ်ထဲမှာ ကေသီ့အပေါ် ရင်းနှီးစေချင်လို့ရယ်၊ နောက်ပြီး ကေသီ့အပေါ်မှာ သားရဲ့ စိတ်ထားတွေ နူးညံ့ပျော့ပျောင်းလာစေချင်တာတွေ ရယ်က အဓိကပါ"

"ကဲပါ မေမေရယ် ဒါတွေ ထားလိုက်ပါဦး၊ မေမေ့ ဧည့်သည်တွေကို ခေါ်ထားတဲ့ အစီအစဉ်နဲ့ ပတ်သက်လို့ သားတို့ လုပ်ရမဲ့ တာဝန်တွေကိုလည်း ပြောထားဦး"

"ရပါတယ်၊ ဒါ မေမေ စီစဉ်မှာပါ၊ နိုင်ငံခြားသားတွေဆိုတော့ သူတို့ကို ခမ်းခမ်းနားနား ကြိုဆိုကျွေးမွေးဖို့ လိုတယ် သား"

"အစားအသောက်တွေကိုတော့ မော်ကြီး တာဝန်ပေးလိုက် မေမေ၊ သူ အဲဒါတွေ အားလုံး စီစဉ်တတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဝန်ထမ်းထဲက ငယ်ငယ်ရွယ်ရွယ် လှလှပပ မိန်းကလေး၊ နှစ်ယောက်လောက်တော့ မေမေ ကိုယ်တိုင် ကြည့်ရွေးလိုက်မယ်၊ သူတို့ကို ပန်းစည်းဆက်ခိုင်းမယ်သား"

"ဟုတ်ကဲ့ မေမေ"

"ကေသီက လှတော့ လှပါတယ်၊ ဒါပေမဲ့ သူ့ကိုတော့ ဧည့်သည်တွေကို ဧည့်ခံဖို့ ရှိနေတော့ ခေါ်လို့ မဖြစ်ဘူး ...

ရပါတယ်၊ ဒါတွေကို မေမေပဲ ကြည့်စီစဉ်လိုက်ပါ့မယ် ...

သား အခက်အခဲရှိရင် ဦးကျော်သာတို့ ဦးမင်းခန့်တို့ကို အကူအညီတောင်းနော်၊ ဒီလူကြီးတွေက အုပ်ချုပ်ရေးဘက်မှာ တကယ်အားကိုးရတယ်လေ၊ သားအတွက် အကူအညီ ရအောင် မေမေ ခေါ်ထားပေးတာ"

ဝေဖန်စာ၊ အကြံပြုစာ၊ ဖိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၅၅၊ ၁၉-လမ်း၊ လသာမြို့နယ် သို့
ရေးသားပေးပို့နိုင်ပါသည်။







ကုမ္ပဏီစဖွင့်တာ နှစ်ရက်သာ ရှိသေးသည်မို့ သူ ကေသီနှင့် ရှင်စောဦးကို တွေ့ရုံ၊ ရယ်ပြုံးလောက်သာ နှုတ်ဆက်ခဲ့ရပါသည်။

ဒီနေ့တော့ သူ ရှင်စောဦးကို တွေ့ရအောင် တမင်ဖန်တီးမယ်။ ရှင်စောဦးအတွက် အနားမှာ သူ ရှိနေကြောင်း ပြောပြီး အားပေးစကားပြောမည်ဟု ရည်ရွယ်ထားပါသည်။

"ဆရာ ... အန်တီက သူ့အခန်းထဲ ခဏလာခဲ့ပါတဲ့"

"သြော် ... မေမေ ရောက်နေတာတောင် မသိလိုက်ပါလား၊ လာခဲ့မယ်လို့ ပြောလိုက်နော်"

မိခင်ဖြစ်သူ ရှိရာ အခန်းကို ဝင်လိုက်သည်နှင့် ရှင်စောဦးနှင့် ကောင်မလေးတစ်ယောက်ကို မြတ်သူရိ တွေ့လိုက်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"သား ... မေမေ ဒီမိန်းကလေးနှစ်ယောက်ကို ပန်းစည်းဆက်ဖို့ ရွေးထားတယ် ...

သူတို့အတွက် လိုအပ်တာမှန်သမျှ လုပ်ပေးဖို့ သားကေသီကို စီစဉ်ခိုင်းလိုက် ဟုတ်လား"

"ရှင်စောဦး"

"သား သူ့ကို သိလားဟင်"

"သိတာပေါ့ မေမေရဲ့၊ ရှင်စောဦးက ကိုမိုးနဲ့ မမထားတို့တူမလေ"

"ဟင် ... ထားက အလုပ်ကိစ္စ ပြောတုန်းက ကေသီတစ်ယောက်တည်းပဲလို့ မေမေ သိထားတာ"

"ရှင်စောကို လေးလေးက ပြောပေးတာပါ"

"သြော် ... ဟုတ်ပြီ၊ မောင်မိုးက ဦးကျော်သာတို့ကတစ်ဆင့် ပြောခိုင်းတာ မေမေ မှတ်မိပြီ ...

ဒီတစ်ခါ အလုပ်ခန့်ဖို့ တာဝန်ကို မေမေကဦးကျော်သာတို့ကိုပဲ တာဝန်ပေးထားခဲ့တာမို့လား ...

သမီးနာမည်က ဘယ်သူ"

"ရှင်စောဦးပါ အန်တီ"





"သမီးက မောင်မိုးတူမပေါ့ ဟုတ်လား"

"ဟုတ်ကဲ့ပါ အန်တီ"

"သားတို့ ချောင်းသာသွားတုန်းက ရှင်စောဦးတို့နဲ့ ဆုံခဲ့တယ် မေမေရဲ့၊ ရှင်စောဦးက ပြင်ဦးလွင်ကနေ ရောက်လာတာ မကြာသေးဘူး"

"ဒါဖြင့် သမီးက မောင်မိုးတို့နဲ့ပဲ နေတာပေါ့ ဟုတ်လား"

"ဟုတ်ကဲ့ပါ အန်တီ"

"လိုတာရှိရင်လည်း အန်တီ့ကို ပြောနော်၊ ဒီတစ်ခါအန်တီက ဝန်ထမ်းတွေ ခန့်တာ ကိုယ်နဲ့ ပတ်သက်တဲ့လူတွေထဲကပဲ ကြည့်ပြီး ခေါ်လိုက်တော့ သမီးကိုလည်းမောင်မိုးနဲ့ ပတ်သက်နေမှန်း မသိလိုက်ဘူး ...

ကဲ ... သား မေမေ သွားမယ်၊ ကေသီ ... ကလေးတွေအတွက် ဝယ်စရာရှိရင် သားကိုယ်တိုင် လိုက်ပို့ပေးလိုက်နော်"

"ဟုတ်ကဲ့ပါ မေမေ"

မေမေ့စကားက အနှောင့်အသွား မလွတ်လှပါ။ ...ကယ်တော့ ကုမ္ပဏီအတွက် ကေသီက ပစ္စည်းထွက်ဝယ်မယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုရင် ကုမ္ပဏီမှာ ကားတွေ ရှိပြီးသားပါ။ မောင်းပို့မဲ့လူတွေလည်း ရှိနေတာပဲ။

ခုတော့ ရှင်စောဦး ရှေ့မှာ ကေသီကို လိုက်ပို့ပေး လိုက်ပါဆိုတော့ ရှင်စောဦး တစ်ယောက် ဘယ်လိုများ ခံစားသွားရ မလဲဆိုတာ သူ မတွေးတတ်တော့ပါ။

"ရှင်စော တို့ အခန်းထဲ ခဏလိုက်ခဲ့ပါ ...

ဪ ... ခင်ဗျားလည်း သွားလို့ရပါပြီ၊ ခင်ဗျား နာမည် တဆိတ်လောက်"

"လမင်းဝင်းဝင်းပါ"

"ကောင်းတယ်၊ ကောင်းတယ်၊ နာမည်က အရမ်းလှတာပဲ၊ နောက်က ပပလေးနှစ်လုံးသာ ထည့်လိုက်ရင် ကိုအံ့ကြီး သီချင်းလေး ဖြစ်သွားမယ်နော် ...

လမင်းဝင်းဝင်းပပ .. ညချမ်းမှာ သာသောခါ ... ဆိုတာလေ"

"ဟုတ်တယ် ဆရာ ... ဖေဖေက အဲဒီသီချင်းကို အရမ်း ကြိုက်တာ၊ ဒါကြောင့်မို့ လမင်းကို အဲဒီနာမည်မှည့်လိုက် တာ..."





ဆရာ့ဆီက အဲဒီလို အတွေးမျိုး ပေါက်သွားတာကို ဖေဖေ့ကို ပြောပြရင် ဖေဖေ အရမ်းသဘောကျသွားမှာ ... လမင်း ဖေဖေ့ကို ပြောပြလိုက်မယ်နော်"

"ကောင်းတာပေါ့"

"လမင်း သွားလိုက်ပါဦးမယ်"

မြတ်သူရိက ရှင်စောဦးနှင့် လမင်းဝင်းဝင်းကို ပြုံးပြ ရင်း သူ့အခန်းရှိရာသို့ ထွက်သွားပါတော့သည်။

"ရှင်စောဦး တို့ကို တကယ်စိမ်းကားတယ်နော်"

"မဟုတ်ပါဘူး ကိုသူရိရယ်၊ ရှင်စောက ဒီလိုပဲ နေတတ် လို့ပါ"

"တို့ပေးထားခဲ့တဲ့ စာကို ရှင်စောဦး ရတယ်နော်"

"ဟုတ်ကဲ့ ရပါတယ်"

"အဲဒီနေ့က တို့ မပြန်ချင်သေးတာ အမှန်ပဲ ...

မပြန်ခင်တစ်ရက်မှာ ရှင်စောဦးတို့နဲ့ ညချမ်းလေး မှာ တွေ့ဦးမယ်လို့ စိတ်ကူးထားတာ ...

ချောင်းသာမှာ တို့ သီချင်းလှာဆိုတဲ့ ညလေးကို သိပ်သတိရတာပဲ ...



www.burmeseclassic.com

www.burmeseclassic.com



တို့က စိတ်ကူးထားတာ၊ ဒီတစ်ခါ ရှင်စောဦးကိုပါ သီချင်းဆိုခိုင်းမလို့"

"ဟာ ... မလုပ်ပါနဲ့၊ ရှင်စောက သီချင်းမဆိုတတ်ဘူး"

"တို့အားရင် ရှင်စောတို့ဆီ လာလည်ဦးမယ်၊ ဟိုချာတိတ်နဲ့လည်း တွေ့ရဦးမယ်"

"ဒေါက် ... ဒေါက်"

ရုတ်တရက် တံခါးခေါက်သံ ကြားလိုက်ရသည်မို့ မြတ်သူရိက ...

"ဝင်ခဲ့ပါ"

"ဩော် ... ကေသီ၊ လာထိုင်လေ"

မထင်မှတ်ဘဲ မြတ်သူရိ အခန်းထဲမှာ ရှင်စောဦးကို တွေ့လိုက်ရ၍ ကေသီ့မျက်နှာ တော်တော်လေး ပျက်သွားပါသည်။

"ခုန မေမေ လာသွားတယ် ကေသီ၊ ရှင်စောဦးနဲ့ လမင်းဝင်းဝင်းကို ပန်းစည်းဆက်ဖို့အတွက် ရွေးထားတယ်တဲ့ ...

အဲဒါ လိုအပ်တဲ့ ပစ္စည်းရှိရင် ဝယ်ဖို့ ကေသီ့ကို တာဝန်ပေးခဲ့တယ်"





"သိပါတယ် ... ကေသီလည်း အဲဒီအတွက် ကိုသူရိကို လာပြောတာပါ၊ အန်တီကိုယ်တိုင် ကေသီ့ကို ဝင်မှာခဲ့တာ ...

လာလေ အခု ကိုသူရိအားရင် သွားလိုက်ကြရအောင်"

"ခဏနေဦးနော်၊ ကျွန်တော် စီစဉ်စရာရှိတာ စီစဉ်လိုက်ဦးမယ်"

"ရှင်စော သွားလိုက်ပါဦးမယ်"

"ကောင်းပါပြီ"

"မမကေသီ ရှင်စော သွားမယ်"

ကေသီက ရှင်စောဦးကို ပြုံးရုံသာ ပြုံးပြလိုက်ပါသည်။

ကေသီ ထိုင်နေတုန်းခဏအတွင်းမှာပင် မြတ်သူရိ တစ်ယောက် အပြင်ထွက်သွားလိုက်၊ ပြန်ဝင်လာပြီး စားပွဲပေါ်က ဖိုင်တွဲကို ဟိုလှန်ဒီကျော် လုပ်လိုက်နှင့် အလုပ်ရှုပ်နေပါသည်။

ကေသီက သူ အလုပ်ပြီးမည့်အချိန်ကို မျက်စိနောက်စွာဖြင့် ထိုင်ကြည့်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမ၏ အတွေးထဲမှာတော့ ရှင်စောဦးဟာ ဘာကြောင့် သူ့အခန်းထဲ ရောက်နေသည်ကိုသာ တွေးတောမ နိုင်အောင် ရှိနေပါသည်။

ဒါကတော့ တဖြည်းဖြည်းချင်း မြတ်သူရိကို အ အောက်ယူရမည် ဖြစ်ပါသည်။

ခုနေမှာတော့ သူက ကိုယ့်အထက်လူကြီး။ အလုပ်ရှင် ဖြစ်နေသည်မို့ မကျေနပ်ချက်ရှိရင်တောင် ရှူးရှူးဒိုင်းဒိုင်း လုပ်၍ မရသေးပါ။

မြတ်သူရိ အခန်းထဲ တစ်ခေါက် ပြန်ဝင်လာတိုင်း ကေသီက ခေါက်ရေပေါင်းကို ရေတွက်ထားပါသည်။

လေးကြိမ်မြောက်ပါပြီ။

ဒီတစ်ခါ ငါးကြိမ်မြောက် ဝင်လာရင်တော့ ဘယ်လိုလဲ ကိုသူရိ၊ ဒီနေ့ သွားကောသွားဦးမှာလားလို့ မေးဖို့ရန် စကားလုံးများကို စီထားပြီးသား ဖြစ်ပါသည်။

ငါးကြိမ်မြောက် တံခါးတွန်းဖွင့်လိုက်ပါသည်။ ဒီတစ်ခါ တံခါးဖွင့်သံက ညင်သာလှပါသည်။

"ဟင် ... ကိုမော်တင်ထွန်းပါလား"





"ဖိုးသူရိရယ်လေဗျာ၊ အရမ်းအရေးကြီးလို့တဲ့၊ သူ့အခန်းထဲမှာ ကေသီ ရှိတယ်၊ ကေသီ သွားစရာရှိတာကို လိုက်ပို့ပေးလိုက်ပါလို့ ကျွန်တော့်ကို အသွားစေခိုင်းလိုက်တယ်ဗျာ"

ကေသီ့ ကိုယ်ထဲက ဒေါသအပူလုံးကြီးဟာ မီးခိုးမီးလျှံအဖြစ်သို့ ပြောင်းသွားပါလျှင် ကေသီ့တစ်ကိုယ်လုံးကို ပြာကျသွားအောင် လောင်မြိုက်သွားနိုင်ပါသည်။

စကားမပြောနိုင်ဘဲ အတန်ကြာအောင် ငြိမ်နေပြီးမှ ဒီကိစ္စက ဒီနေ့ မသွားလျှင် မဖြစ်တော့ပြီမို့ ...

"ကဲ လာလေ၊ သွားကြတာပေါ့ ကိုမော်တင်ထွန်း"

"ကေသီ ဈေးဝယ်ဖို့ အဖော်တစ်ယောက်ကို ခေါ်ခဲ့ပါလား၊ မိန်းကလေး အဖော်ဆိုတော့ တိုင်ပင်လို့ ကောင်းတာပေါ့ ...

ရှင်စောဦးကို ခေါ်ခဲ့ပါလား"

"ရပါတယ် ကိုမော်တင်ထွန်း"

မလှမ်းမကမ်းမှ လမင်းဝင်းဝင်းက ကေသီ့ကို ပြုံး၍ နှုတ်ဆက်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ညီမ အားလားဟင်၊ အားရင် ခွင့်တောင်းပြီး မမနဲ့ အဖော် လိုက်ခဲ့ပေးပါလားဟင်"

"ရတယ်၊ လမင်း လိုက်ခဲ့ပေးမယ်၊ ခဏလေးနော် မမ"

"ကုမ္ပဏီက ကားကို မယူတော့ဘူးနော်၊ ကျွန်တော့်ကားနဲ့ သွားကြတာပေါ့"

မော်တင်ထွန်း၏ ဗူဇူကီးကားလေးနှင့်ပင် ကေသီနဲ့ လမင်းဝင်းဝင်းတို့ လိုက်ခဲ့ကြပါသည်။

ဗိုလ်ချုပ်ဈေးတွင် လိုအပ်သော ပစ္စည်းများကို အကုန်ဝယ်ယူပြီးနောက် ...

ဗိုလ်ချုပ်ဈေးရှိ စားသောက်ဆိုင်တန်းသို့ မော်တင်ထွန်းက ဦးဆောင်ကာ ခေါ်ဆောင်သွားခဲ့ပါသည်။

"ကြာဆံနဲ့ ဝက်အူ စားမလား ကေသီ"

"ကောင်းသားပဲ ...

ကေသီက ဒီဆိုင်က ကြာဆံကို သိပ်ကြိုက်တာ"

"လမင်းလည်း ကြိုက်ပါတယ်နော်"

"ဟုတ်မှာပါ၊ ဒီဆိုင်က ကြာဆံနဲ့ ဝက်သားအစုံပြုတ်ကတော့ လူတိုင်းအတွက် ကြိုက်မှကြိုက်ပဲ ...





ကျွန်တော်ကတော့ အဖော်ပါသည်ဖြစ်စေ၊ မပါသည် ဖြစ်စေ ဒီဆိုင်ကို တစ်ပတ်နှစ်ခါလောက် အမြဲတမ်း ရောက်လာတယ်လေ ...

စားလေ ကေသီ၊ ဘာလိုသေးလဲ"

အမှန်တကယ်ပဲ ကေသီ့အတွက် လိုအပ်နေသေးတာ ရှိပါသည်။ ဒါကတော့ မြတ်သူရိ ရှိမနေခြင်းပင် ဖြစ်ပါသည်။

အမှန်ဆို မြတ်သူရ၏မိခင်ဖြစ်သူ ကိုယ်တိုင် မိမိကို မြတ်သူရိနှင့် အတူသွားရန် လမ်းခင်းပေးပါလျက် ဘာကြောင့်မို့ သည်ကိစ္စက ပျက်ပြယ်သွားရသည်ကို ကေသီ စဉ်းစား၍ မရနိုင်ပါ။

သည်ကိစ္စဟာ ရှင်ဇောဦးနှင့်များ သက်ဆိုင်နေသည် လားလို့ သူ စဉ်းစားမိတိုင်းလည်း ကျက်သရေမရှိသော သူ့မ အတွေးများကို အတင်းဖျောက်ဖျက်ပစ်ရပါသည်။

ရှင်ဇောဦးဟာ ဘယ်နည်းနှင့်မျှ မြတ်သူရိနှင့် ရင်းနှီးမှု မရသေးနိုင်မှန်း သူ သိပါသည်။

မြတ်သူရိဟာ ရှင်ဇောဦးကိစ္စနှင့် မဆိုင်ဘဲ မိမိဘာသာ အလုပ်ကိစ္စ ပေါ်ပေါက်လာလို့သာ သူနှင့်အတူ သွားရမည့်ကိစ္စ



www.burmeseclassic.com

www.burmeseclassic.com



ကို ဖျက်လိုက်ခြင်း ဖြစ်နိုင်သည်ဟူ၍သာ ကိုယ့်ကိုယ်ကိုယ် အားပေးဆုံးဖြတ်လိုက်မိပါသည်။

အလုပ်ဆင်းချိန်မို့ ကုမ္ပဏီတွင် လူအတော်ပင် ရှင်းနေပါသည်။

ကေသီက သူမ၏ ကားဆီသို့ ဦးတည်လာခဲ့ပါသည်။

"ရှင်စော ကားမလာသေးဘူးလား"

"ဟုတ်ကဲ့ မမကေသီ၊ ဒီနေ့ ကားမအားလို့ ရှင်စော ကိုယ့်ဟာကိုယ် ကားငှားပြီး ပြန်ဖို့ မနက်တည်းက လေးလေးမိုးက မှာလိုက်တယ်"

"အေး ... အေး ... တို့ သွားမယ်နော်"

တကယ်ဆို ကေသီဟာ ကိုယ့်ကားကိုယ် မောင်းလာသူပါ။ အချင်းချင်းတွေ့တဲ့အခါမှာတောင် တို့ လိုက်ပို့ပေးမယ်လေ ဆိုတဲ့ လောကွတ်စကားတောင် ပြောဖော်မရပါ။

"ဩော် ... ကိုသူရိ ပြန်တော့မလို့လား"

"ဟုတ်တယ် ကေသီ ...

ရှင်စောကော ... ကားမလာသေးဘူးလား"





"ဒီနေ့ ကားမအားလို့ ရှင်စော တက္ကစီနဲ့ ပြန်မှာပါ ကိုသူရိ"

"လာလေ၊ ဒါဖြင့် တို့ လိုက်ပို့ပေးမယ်"

"ရပါတယ် ကိုသူရိ၊ ရှင်စောကိုယ့်ဟာကိုယ် ပြန်ရဲပါတယ်"၊

"ကဲပါ ရှင်စောကို ကေသီ လိုက်ပို့ပေးလိုက်ပါ့မယ် ...

အစောကြီးတည်းက ရှင်စော အိမ်က ကားမလာဘူး ဆိုလို့ ကေသီ လိုက်ပို့ပေးမလို့ စဉ်းစားထားတာပါ"

"ဒါဖြင့်လည်း ကေသီ နေတော့၊ ကိုယ့်ဟာကိုယ်ပဲ ပြန်လိုက်တော့၊ ရှင်စောကို တို့ လိုက်ပို့ပေးလိုက်မယ်"

ပြောပြောဆိုဆို ရှင်စော၏ လက်ထဲတွင် ဆွဲထားသော ပလတ်စတစ်ခြင်းတောင်းအနီလေးကို မြတ်သူရိက ဆွဲယူလိုက်ပါသည်။

"ဒီကလေးမက ဒီလိုလုပ်မှ ရတာ ကေသီရဲ့၊ အရမ်း ခေါင်းမာတာ ...

လာသွားကြမယ်"

မြတ်သူရိက ဦးဆောင်ကာ ကားဆီသို့ ခေါ်ဆောင် ၂းသဖြင့် ရှင်စောဦး ပေကပ်ကပ်ဖြင့် ပါသွားပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကေသီက မိမိ၏ ကားကို စက်နိုးပြီး ထွက်သွားလျှင် ရနိုင်ပါလျက် သူတို့နှစ်ဦး အခြေအနေကို ငေးမောစောင့်ကြည့်နေပါသေးသည်။

ဘယ်အချိန်ကများ သူတို့နှစ်ယောက် ဒီလောက်တောင် ရင်းနှီးသွားရသည်ကိုလည်း သူ မသိတတ်တော့ပါ။

မြတ်သူရိက ကား၏ရှေ့ခန်းတံခါးကို ဖွင့်ပေးလိုက်ပါသည်။

"ရှင်စော နောက်ခန်းကပဲ ထိုင်ချင်တယ် ကိုသူရိ"

"အောင်မယ်လေး ရှင်စောရယ်၊ တို့နဲ့ နီးနီးနားနားမှာ ထိုင်လို့လည်း ရှင်စောအသား ပွဲမပါသွားပါဘူး ... ရှင်စောနဲ့ ကားမောင်းရင်း စကားပြောချင်လို့ပါ၊ တို့ ခေါင်းကဘေးတစ်ဖက်တစ်ချက်ကို ကောင်းကောင်းလှည့်လို့ မရဘူး"

"ဟုတ်လား ... ဆရာဝန် ပြမကြည့်ဘူးလား"

"ပြပါကောလား ရှင်စောရယ်၊ ဆရာဝန်က လည်ပင်းအရိုးကျည်းပေါင်းတက်တာတဲ့၊ ဒါတောင်မှ မသေချာသေးဘူး၊ ကင်ဆာတောင် ဖြစ်နိုင်သေးတယ်တဲ့ ...





ကင်ဆာနဲ့ သေသွားရင် တို့လေး သနားပါတယ်နော်၊ အသက်လေးက ငယ်ငယ်လေးရှိသေးတာ၊ ဒီလောက် ငယ်ငယ် ချောချော အရွယ်ကောင်းလေးကိုတော့ သေမင်းက မခေါ်တန်ကောင်းသေးပါဘူးနော် ရှင်စော"

မြတ်သူရိက သူ ပြောသော စကားနှင့်ပတ်သက်၍ ရှင်စောဦး ဘယ်လိုနေမည်ကို သိလိုသဖြင့် မျက်နှာကို တစ်ချက်တစ်ချက် လှမ်း၍ ကြည့်လိုက်ပါသည်။

"ရှင်စော ဘာလို့ ငြိမ်နေတာလဲ ...

ကျွန်တော့် စကားတွေကို စိတ်မဝင်စားလို့လားဟင်"

"ဝင်စားပါတယ် ကိုသူရိရယ်၊ ဝင်စားလို့ ရှင်စော စိတ်မကောင်းဖြစ်နေရပါတယ်"

"ဘယ်လို ...

ရှင်စောက ကျွန်တော့်အတွက် စိတ်မကောင်း ဖြစ်တယ် ... ဟုတ်လား"

ပြောပြောဆိုဆို မြတ်သူရိက သူ၏ ကားကို နီးရာလမ်းဘေးပလက်ဖောင်းနှင့် ကပ်ပြီး ရပ်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင်စော ဘယ်လို ပြောလိုက်တယ်၊ ကျွန်တော့်အတွက် စိတ်မကောင်းဖြစ်တယ် ဟုတ်လား"

"ဟုတ်တယ်၊ ကိုသူရိကို ကြည့်တော့ ဖျတ်ဖျတ်လတ်လတ် သန်သန်စွမ်းစွမ်းပဲလို့၊ ရှင်စော ထင်ခဲ့တာ၊ ခုလို ကိုသူရိမှာ ဝေဒနာခံစားနေရတယ်ဆိုတာကို သိရတော့ ရှင်စော အရမ်းစိတ်ထိခိုက် သွားရပါတယ်၊ ဒါကြောင့်မို့လည်း ရှင်စော စိတ်တွေ မွန်းကျပ်ပြီး ငြိမ်သွားတာ ဖြစ်မှာပါ"

"စိတ်မကောင်း မဖြစ်ပါနဲ့ ရှင်စောရယ်၊ လူဆိုတာ သတ္တဝါတစ်ခု ကံတစ်ခုပါ၊ ကိုယ်တို့အရွယ် မပြောနဲ့၊ ကိုယ်တို့ထက် အများကြီးငယ်တဲ့ ကလေးတွေတောင် သေကြသေးတာပဲလေ"

"ဒါပေမဲ့ ကိုသူရိတို့ ရှင်စောတို့ အရွယ်တွေကလည်း သိပ်ကြီးလှသေးတယ်လို့ မဆိုနိုင်သေးပါဘူးလေ"

"ဟုတ်ပါတယ်လေ၊ ဒါကြောင့်မို့ မေမေက ကျွန်တော့်ကို အရမ်းဂရုစိုက်တာ၊ ကျွန်တော်သာ တစ်ခုခု ဖြစ်သွားရင် မေမေလည်း သေမှာပဲတဲ့"





"ကိုသူရိ ဝေဒနာက အရမ်းခံစားရလားဟင်"

"ခုနေတော့ နည်းနည်းပါးပါးပါ၊ ဒါပေမဲ့လည်း ကင်ဆာအကြောင်းနဲ့ ပတ်သက်လို့ကတော့ လူတိုင်းလည်း သိနေတာပဲလေ၊ ဒီရောဂါဖြစ်လာပြီ ဆိုတာနဲ့ သေမဲ့ရက်ကို စောင့်နေရုံကလွဲရင် ဘာမှ မတတ်နိုင်တော့ဘူးလေ ...

ဟင် ရှင်စောငိုနေတယ် ...

ဘာလို့လဲဗျာ၊ ကျွန်တော် ရှင်စောကိုပါ ဒုက္ခပေးမိပြန်ပြီ ထင်ပါရဲ့"

"ကိစ္စမရှိပါဘူး၊ ရှင်စော ကိုသူရိအတွက် စိတ်မကောင်းလို့ပါ"

"ဝမ်းသာလိုက်တာ ရှင်စောရယ်၊ တို့အတွက် ရှင်စော စိတ်မကောင်း ဖြစ်ရတယ် ပူဆွေးရတယ်ဆိုတာကို သိရတော့ အရမ်းဝမ်းသာတာပဲ ...

မသေခင် စိတ်ချမ်းချမ်းသာသာ နေရမယ်ဆိုရင် တို့ ကျေနပ်ပါတယ် ...

တို့ရောဂါဟာတကယ်တော့ ဆရာဝန်တွေလည်း ကယ်တင်လို့ရတဲ့ ရောဂါမျိုးမှ မဟုတ်တာ၊ ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



ရောဂါတစ်ခုတည်း ဆိုရင် တော်သေးတယ်၊ ခုဟာက စုံနေပြီ ရှင်စောရဲ့"

"ဟယ်တော်၊ ဖြစ်မှဖြစ်ရလေတယ် ကိုသူရိရယ်"

"နောက်ခံစားနေရတဲ့ ဝေဒနာတစ်ခုပျောက်ရင် ပထမတုန်းကပြောခဲ့တဲ့ ကင်ဆာရောဂါလည်း ပျောက်မယ်လို့ ဆရာဝန်တွေကတော့ ပြောတာပဲ"

"ဟုတ်လား"

"ခက်တာက ဆရာဝန်တွေကလည်း ဒီရောဂါကို မကုပေးနိုင်ကြဘူးလေ"

"ကိုသူရိတို့ နိုင်ငံခြားမှာ သွားကုရင်ကော မရဘူးလားဟင်"

မြတ်သူရိက ရှင်စောဦးကို ကြည့်ရင်းနှင့် ခေါင်းကို ခါယမ်းပြလိုက်ပါသည်။

"အဲဒီဝေဒနာကို ကုပေးနိုင်တဲ့ သူတစ်ယောက်တော့ ရှိတယ်၊ သူက ဗမာဗိန္ဒောဆရာမကြီးလေ ...

ဆေးလည်း မသောက်ရဘူး၊ ရေမန်းလည်း မတိုက်ဘူး ...





တို့ကတော့ မြန်မာဆေးတွေဆို သောက်ရမှာ သိပ်ကြောက်တာ ရှင်စောရဲ့ ...

အဲဒီ ဗိန္ဒောဆရာမကြီး နာမည်က ရှင်စောဦးတဲ့"

"ဟာ ... ကိုသူရိကလည်း ဘာမှန်းလဲ မသိဘူး"

"ဟုတ်တယ်၊ အဲဒီဝေဒနာက ရှင်စော ကုရင် ပျောက်သွားမယ်၊ တို့ရဲ့ အချစ်ဝေဒနာပါ ရှင်စော ...

ဘဝအဆက်ဆက်က ပြုဖူးခဲ့တဲ့ ကုသိုလ်ရေစက်ကြောင့်ပဲ ထင်ပါရဲ့၊ တို့ ရှင်စောကို စမြင်တည်းက အရမ်းအရမ်းကို ချစ်မိသွားတာပါ ...

စားလည်း ဒီစိတ်၊ သွားလည်းဒီစိတ်၊ အလုပ်လုပ်လည်း ဒီစိတ်၊ အထူးသဖြင့် ဝေဒနာခံစားရတဲ့အခါမှာလည်း ရှင်စောရဲ့ စိတ်နဲ့ပဲ အလူးအလိမ့်ခံစားခဲ့ရပါတယ် ...

ရှင်စောသာ တို့ကို ပြန်ချစ်မယ်ဆိုရင် တို့ရဲ့ ဒီဝေဒနာဟာ ပျောက်ကင်းသွားမှာပါ ...

ဘယ်လိုလဲ ရှင်စော၊ တို့ကို ချစ်တယ်မို့လား"



www.burmeseclassic.com

www.burmeseclassic.com



ရှင်စောဦးက ခေါင်းကို သာသာလေး ညိတ်ပြလိုက်ပါသည်။

"ဟာ ... ဝမ်းသာလိုက်တာ ရှင်စောရယ်၊ ဒီမှာ ကြည့်၊ တို့ မပြောဘူးလား၊ ဒုတိယ ဝေဒနာပျောက်သွားရင် ပထမဝေဒနာလည်း အလိုလို ပျောက်သွားမှာပါ ဆိုတာလေ"

ပြောပြောဆိုဆို မြတ်သူရိက သူ၏ ခေါင်းကို ဘယ်ညာ တစ်ဖက်တစ်ချက် သွက်သွက်ခါအောင် လှုပ်ယမ်းပြလိုက်ပါတော့သည်။

မြတ်သူရိ၏ လှုပ်ရှားပုံကို ရှင်စောဦးက ဘာမှ နားမလည်သလို ငေးငေးငိုင်ငိုင်လေး ကြည့်နေမိပါသည်။

"ဒီမှာ ရှင်စော၊ ဘာမှ စိတ်ထိခိုက်မနေနဲ့တော့နော် ...

တို့ ဘာမှမဖြစ်ဘူး၊ ကင်ဆာဆိုတာလည်း အလကား၊ ရှင်စောကို သက်သက်စတာ ...

ဒီနေ့ကို တို့နှစ်ယောက် ချစ်သူများနေ့အဖြစ် သတ်မှတ်လိုက်မယ်၊ ဒီအစီအစဉ် ဖြစ်မြောက်အောင် ကားမအားဘူးဆိုတဲ့ အဖြစ်မျိုးနဲ့ ပံ့ပိုးကူညီပေးတဲ့ ကိုမိုးကိုလည်း





အထူးကျေးဇူးတင်ရှိပါကြောင်းလို့ ပြောရမယ်လေ၊ မကောင်းဘူးလား"

"ကိုသူရိ ... အရှး"

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၅၅၊ ၁၉-လမ်း၊ လသာမြို့နယ် သို့
ရေးသားပေးပို့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





မနေ့က မြတ်သူရိ ရှင်စောဦးနှင့် ကေသီတို့သုံးဦး ရုံးရှေ့တွင် စကားပြောနေတာကို ခပ်လှမ်းလှမ်းက မြင်သလို မြတ်သူရိနှင့် ရှင်စောဦး အတူထွက်သွားကြပြီး ကေသီ တစ်ယောက်တည်း သူမ၏ ကားထဲတွင် ငူငူငိုင်ငိုင်ဖြစ်ကာ ကျန်ခဲ့ပုံကိုပါ မော်တင်ထွန်း ကောင်းကောင်း မြင်တွေ့လိုက်ပါသည်။

အစကတော့ ကေသီ့ကားများ ဘာဖြစ်နေလဲလို့ သူ သွားမေးဦးမလို့ပါ။ နောက်တော့မှ သူ အလိုလို သဘောပေါက်ကာ မသွားဖြစ်တော့သလို ကေသီ့ကားလေးကလည်း ဂူးခနဲ ဆောင့်ကာ ထွက်သွားတာကို တွေ့လိုက်ရပါသည်။

တကယ်ဆို သနားစရာကောင်းတဲ့ ကေသီ့အဖြစ်ပါ။ မြတ်သူရိကလည်း ရှင်စောဦးမှ ရှင်စောဦး။ ခုရက်ထဲမှာ မြတ်သူရိ





တစ်ယောက် ရှင်စောဦးကို အကြီးအကျယ် ကပ်နေပုံထောက်ရင် သူတို့နှစ်ဦး တော်တော်လေး အဆင်ပြေနေပြီဟု မော်တင်ထွန်းက သိသော်လည်း ကေသီ့ခမျာ မသိရှာသေးပါ။

"ကေသီတို့ ထမင်းစားကြတော့မလို့လား"

"ဟယ် ... ကိုမော်၊ အနားရောက်နေတာကို ကေသီ မသိဘူး ...

ရတယ်၊ အတော်ပဲ ကေသီတို့လည်း အခုပဲ စားတော့မလို့၊ လာလေ ကိုမော်၊ တစ်ခါတည်း ဝင်စားလိုက် ...

ရော့ ရော့၊ ဒါ ကေသီ့ ထမင်းချိုင့်၊ အဲဒါ ကိုမော် စားလိုက်၊ ကေသီက လမင်းတို့နဲ့ အတူတူ စားလိုက်မယ်"

"ရပါတယ် ကေသီရယ်၊ ကျွန်တော် အလကား စတာပါ ...

အိမ်က ထမင်းတော့ ထည့်ပေးလိုက်ပါတယ်ဗျာ၊ ဒါပေမဲ့ ကျွန်တော် မကြိုက်တဲ့ ကြက်သားပြုတ်ကြော်ဟင်းမို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် ... ကိုမော်က ကြက်သား မကြိုက်ဘူးလား၊ ဆောရီးပဲ၊ ကေသီထမင်းချိုင့်ကလည်း ကြက်သားပြုတ်ကြော်ပဲ"

"မ ... မဟုတ်ပါဘူးခင်ဗျ၊ ကျွန်တော် ကြက်သားကို အရမ်းကြိုက်ပါတယ်၊ ဒါပေမဲ့ ကြက်သားပြုတ်ကြော်ကိုတော့ မကြိုက်ဘူး ...

မေမေက နေမကောင်းဖြစ်နေတယ်လေ၊ မေမေသာဆိုရင် ကျွန်တော် ကြိုက်တဲ့ ချက်နည်းမျိုးကို သေသေချာချာ ချက်ပေးတာ၊ ခုတော့ အိမ်က ကောင်မလေးတွေက ဖြစ်သလို လုပ်ပေးလိုက်တာကို ကျွန်တော် မကျေနပ်လို့ပါ"

"အောင်မယ်၊ ကိုမော်ကလည်း တယ်စိတ်ကြီးပါလား၊ ကိုမော်က ကြက်သားကို ဘယ်လိုချက်နည်းမျိုး ကြိုက်တာလဲ"

"မဆလာလေးနဲ့ ကုလားတွေ ချက်သလိုမျိုး ချက်တာကို ကြိုက်တယ်"





လမင်းဝင်းဝင်းက မော်တင်ထွန်း၏ စကားကို နားထောင်နေရင်းမှ မိမိ၏ ထမင်းချိုင့်ကို ဖွင့်လိုက်ပါသည်။

"လမင်းလည်း ကြက်သားဟင်းပဲ၊ နေဦး ... မဆလာနဲ့ ချက်ထားတာ ဟုတ်မဟုတ် လမင်း ကြည့်လိုက်ဦးမယ် ...

ဟယ် ... အတော်ပဲ၊ ကိုမော်ကြီး ကံကောင်းတယ် ဆရာ၊ ကြက်သားဟင်းက ကုလားလို ချက်ထားတာ၊ ရော့ ရော့ ကိုမော်ကြီး ဒီဟင်းကို စားလိုက်၊ လမင်း မမကေသီနဲ့မျိုးမျိုး ထမင်းကိုပဲ ကပ်စားလိုက်တော့မယ်"

"ရပါတယ်ဗျာ၊ ကျွန်တော် အပြင်မှာ ထွက်စားမှာပါ"

"စားပါ ကိုမော်ကြီးရဲ့၊ မစားရင်တော့ လမင်း စိတ်ဆိုးမှာပဲ"

"ဒါဆို ဒီလိုလုပ်၊ ပြီးရင် ကျွန်တော် အအေးလိုက်တိုက်မယ်"

"ဝွတ်တယ်ဟော့၊ ဒီအစီအစဉ်ကောင်းတယ်"

"ဩော် ... ကျွန်တော့် ထမင်းဘူးလည်း ယူစားလိုက်ကြပါ"



www.burmeseclassic.com

www.burmeseclassic.com



"ပေး ပေး၊ လမင်း စားမယ် ...

ဟယ် ... ဟင်းတွေမှ အများကြီးပဲ၊ ဒီမှာ ... ငါးသလောက်ဥလည်း ပါတာပဲ၊ ကိုမော်ကြီးရယ် ဒီလောက်ကောင်းတဲ့ ဟင်းတွေကိုများ ဈေးများရသေးတယ်လို့ ...

တကယ်ပဲ ကိုမော်ကြီးကို ယူတဲ့ မိန်းမတော့ မလွယ်ကြောပဲ"

"လမင်းရယ်၊ ထမင်းကို အေးအေးဆေးဆေး စားစမ်းပါ၊ ကိုမော် အနေရခက်နေပါ့မယ်"

"လမင်း ဟင်းတွေက စားလို့ကောင်းရဲ့လား ကိုမော်ကြီး၊ ဟင်းက နည်းနည်းတော့ နည်းတယ်နော်"

"စားလို့အရမ်းကောင်းတယ် လမင်း၊ စားလို့လုံလည်းလုံလောက်ပါတယ်"

"လမင်း အိမ်က ချက်တဲ့ဟင်းကို ကိုမော်ကြီး ကြိုက်ရင် အဲဒီဟင်းချက်တိုင်း ကိုမော်ကြီးကို လမင်းတို့နဲ့ အတူထမင်းစားဖို့ ခေါ်မယ်နော်"

"ကောင်းတဲ့ အစီအစဉ်ပေါ့ဗျာ"





သူတို့စားလို့ ပြီးလောက်မှ ရှင်စောဦးတစ်ယောက် မြတ်သူရိ အခန်းက ထွက်လာပြီး ထမင်းဘူးလေးနှင့် အနားကို ရောက်လာပါတော့သည်။

"ရှင်စောရေ၊ လမင်းတို့နဲ့ လာမစားနဲ့တော့၊ ဒီမှာ အရိုးတွေကြီးပဲ ကျန်တော့တယ်"

"ရှင်စောက နောက်ကျနေတာကိုး"

"ရှင်စောက နောက်ကျနေတာ မဟုတ်ပါဘူး၊ ဆရာက ရှင်စောကို မပြတ်ခိုင်းထားတာ"

"အလုပ်တွေ များရင်လည်း တို့ကို မျှပြီးခိုင်းရင် ရသားပဲ၊ တို့တွေမှာတော့ အလုပ်တွေ အားလို့ ခိုင်းမဲ့သူကို မျှော်နေတာတောင် ခိုင်းမဲ့သူက မရှိဘူး"

မြတ်သူရိက သူ့အခန်းထဲမှ ထွက်လာပြီး သူတို့ ထမင်းစားဝိုင်းနား ရောက်လာတော့မှ အားလုံးရဲ့ အသံတွေက ငြိမ်သွားပါသည်။

"မော်ကြီး၊ ငါနဲ့ထမင်းအတူလာစားကွာ၊ အိမ်က အုန်းထမင်းနဲ့ ကြက်သားဟင်း ထည့်ပေးလိုက်တယ်၊ မင်းအတွက်



www.burmeseclassic.com

www.burmeseclassic.com



ပါ ပိုထည့်ပေးလိုက်တယ်၊ ရှင်စောနဲ့ ကေသီလည်းလိုက်စားလေ"

"ရက်စက်လိုက်တာ ဆရာရယ်၊ ဒီထမင်းဝိုင်းမှာ လူလေးယောက်လောက် ရှိတာကိုများ မမကေသီနဲ့ ကိုမော်ကြီးကိုမှ ရွေးခေါ်သွားတယ်လို့၊ ဒီမှာကျန်ခဲ့တဲ့ လမင်းတို့ မျိုးမျိုးတို့ကလည်း လူတွေပါနော်"

"ဆောရီးပဲကွာ၊ ဒါဆို တို့အခန်းထဲက ထမင်းချိုင့်ကို အားလုံး ယူစားလိုက်တော့ ...

မော်ကြီးရေ မင်းနဲ့ငါ အပြင်မှာပဲ စားလိုက်တာပေါ့"

"အလကား စတာပါ ဆရာရယ်၊ လမင်းတို့ စားပြီးပါပြီ၊ ကိုမော်ကြီးကိုလည်း ကျွေးပြီးပါပြီ ...

ဒါပေမဲ့ ကျေးဇူးပြုပြီး ကိုမော်ကြီးကိုတော့ ခေါ်မသွားပါနဲ့ ဆရာ၊ ကိုမော်ကြီးက လမင်းတို့ကို အအေးလိုက်တိုက်မယ်လို့ ကတိပေးထားလို့ပါ"

"ကဲ ကဲ ... ဒါဆို ခင်ဗျားတို့ပဲ မော်ကြီးကို ခေါ်သွားကြတော့ဗျာ ...





ရှင်စော လာလေ၊ တို့နဲ့ အတူ စားတာပေါ့"

"ကိုမော်ကြီး ဆရာက မတရားဘူးနော်၊ လမင်းတို့များဆို အရေးလုပ်ဖော်တောင် မရဘူး၊ ဒါကြောင့် ဆရာ့ထက် လမင်းတို့က ကိုမော်ကြီးကို ပိုခင်တာ ...

ရုပ်လှတဲ့သူများကျတော့ ကျွေးမဲ့မွေးမဲ့သူတွေက အဆင်သင့် ...

တို့အပေါ် ကောင်းတဲ့လူ ဆိုလို့ ကိုမော်ကြီးပဲ ရှိတယ်"

"တော်ပါတော့ လမင်းရယ်၊ မမကေသီ နားငြီးလွန်းလို့ ခေါင်းတောင် မူးလာပြီ"

"လာလေ၊ ဒါဆို အအေးဆိုင် သွားကြမယ်"

မော်တင်ထွန်း ဦးဆောင်ကာ သူတို့လေးဦး အအေးဆိုင်သို့ ရောက်ရှိခဲ့ပါတော့သည်။

"ကြိုက်တာမှာနော် ...

ချာတိတ်ရေ သံပရာရည်ချဉ်ချဉ်လေးတစ်ခွက်လောက် အမြန်လုပ်ခဲ့ပါကွာ ...



www.burmeseclassic.com

www.burmeseclassic.com



ကေသီ ခေါင်းမူးရင် သံပရာရည်လေး သောက်လိုက်၊ ချက်ချင်း အမူးပြေသွားမယ် ...

ဒီအချိန်က အရမ်းနေပူတယ်မို့လား၊ ကေသီတို့လို မိန်းကလေးတွေက အကြမ်းမခံနိုင်ဘူးလေ”

“ကဲ ကဲ ... ကိုမော်ကြီးရှင် ... မမကေသီလည်း ခေါင်းမူး ပြေလောက်ပါပြီ၊ ကိုယ့်အအေးကိုယ် သောက်လိုက်ပါဦး”

မော်တင်ထွန်းက နွမ်းနွမ်းနယ်နယ် ဖြစ်နေသော ကေသီ၏ မျက်နှာလေးကို ခဏခဏ လှမ်းကြည့်မိပါသည်။ တစ်ခါတစ်ခါတော့လည်း ကေသီနှင့် အကြည့်ချင်း ဆုံသွားသည် လည်း ရှိတတ်ပါသည်။

ဒီလောက်လှတဲ့ ကေသီရဲ့ မျက်နှာလေးကို ညှိုးညှိုး ငယ်ငယ်နှင့် သူ မမြင်လိုပါ။ ကေသီ့ကို အမြဲထာဝရ ပျော်ရွှင် ချမ်းမြေ့စေချင်တာကတော့ မော်တင်ထွန်းရဲ့ ကေသီ့အပေါ်ထားတဲ့ စေတနာသာ ဖြစ်ပါသည်။

ကေသီက သူ့အပေါ် မေတ္တာစေတနာ မရှိလျှင် တောင်မှ သူထားတဲ့ မေတ္တာစေတနာကို ကေသီ သဘောပေါက် နားလည်မည်ဆိုရင် သူ ကျေနပ်ပါသည်။





အအေးဆိုင်မှ အပြန်တော့ လမင်းဝင်းဝင်းနှင့် မျိုးမျိုးက ရှေ့မှ သွားပြီး နောက်မှ မော်တင်ထွန်းနှင့် ကေသီတို့ လိုက်ပါလာခဲ့ပါသည်။

“ဟိုကောင် ကျွန်တော့်အတွက်မှ အုန်းထမင်းချန်ထားပါ့ မလားမသိဘူး၊ ကေသီရော သူ့အခန်းထဲမှာ လိုက်စားပါ ဦးလား”

“တော်ပါပြီ ကိုမော်ရယ်၊ ကိုယ့်ကို သထာသလားမသိ ဘာမသိနဲ့ မစားချင်တော့ပါဘူး”

“ဟုတ်တယ် ကေသီ ပြောတာမှန်တယ်၊ တော်ကြာ ဒီကောင်က မွန်မွန်ထူထူနဲ့ ရှင်စောကိုပဲ အသားတွေ ရွေးကျွေးပြီး ကျွန်တော့်ကျတော့ လည်ချောင်းရိုး၊ ခြေ ထောက်ရိုးတွေ ချန်ထားရင် ချန်ထားမှာ ...

ဒီကောင်တော့လား၊ မိန်းမစိတ်မွန်ပြီး တစ်သက်လုံး ပေါင်းလာတဲ့ သူငယ်ချင်းကို မတရားလုပ်လို့ကတော့ ကျူပင်ခုတ် ကျူငုတ်မကျန်ဆိုသလို တစ်ခါတည်း အပြတ် ကို ဖြတ်ပစ်လိုက်မယ်”



www.burmeseclassic.com

www.burmeseclassic.com



"ကိုမော်ကြီးကို မေးရဦးမယ်၊ သူတို့နှစ်ယောက် အခြေအနေက ဘယ်လိုလဲဟင်"

"ကေသီ မသိဘူးလား"

"တကယ် မသိလို့ပါ"

"ကေသီကတော့ တကယ်ပဲဗျာ အံ့ပါရဲ့၊ သူတို့နှစ်ယောက် ချောင်းသာမှာတည်းက အစပျိုးလာတာဗျ"

"ကေသီ တကယ်မသိတာပါ ကိုမော်ရယ်"

ချက်ချင်းပင် ကေသီက သူမ၏ ပျက်သွားသော မျက်နှာကို ပြန်ပြင်လိုက်ပါသည်။

ဒီအဖြစ်က ကေသီအတွက် အကြီးမားဆုံး ဆုံးရှုံးမှုကြီးဟုလည်း ဆိုနိုင်ပါသည်။ မိဘများကလည်း ကေသီနှင့် မြတ်သူရိကို ဒသဘောတူထားသလို၊ ကေသီ ကိုယ်တိုင်လည်း မြတ်သူရိကို မြတ်မြတ်နိုးနိုး ရှိလှပါသည်။

သည်လောက် အဆင်ပြေနေသော ချစ်ခရီးတစ်ခုဟာ ကေသီ့အတွက် ဘာကြောင့်များ အဆင်မပြေ လွဲချော်ခဲ့ရပါသလဲ။ တကယ်တော့ တရားခံက ရှင်စောဦးပင် ဖြစ်ပါသည်။





ရုပ်ကလေး လှလှပပ ရှိနေသော်လည်း ရှင်စောဦး၏ မထုံတတ်တေး ခပ်အေးအေး အမူအရာကို ဘယ်သူမှ စိတ်မဝင်စားလောက်ဘူးဟူ၍ ထင်ခဲ့မိတာကတော့ ကေသီ၏ အမှားပင် ဖြစ်ပါတော့သည်။

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၅၅၊ ၁၉-လမ်း၊ လသာမြို့နယ် သို့
ရေးသားပေးပို့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





“ပျော်စရာကြီးနော် မမစော၊ မမစောတို့ အလုပ်က သုံးရက်ကြီးတောင် ပိတ်တယ်၊ ဖေဖေနဲ့မေမေ ခရီးသွားနေတော့ ပိုပြီးတော့တောင် ပျော်စရာကောင်းသေးတယ်”

“အဲလို မပြောရဘူး သဲသဲရဲ့၊ အဖေတွေ အမေတွေမရှိရင် အားငယ်ရတာပေါ့”

“ဘာမှ အားငယ်စရာမရှိဘူး၊ မေမေတို့ မရှိတော့ နားငြီးကို သက်သာနေတာပဲ၊ လူလည်း လန်းဆန်းတက်ကြွရွှင်လန်းပြီး လိပ်ပြာလေးလို တောင်ပံခတ်ပြီး လေထဲမှာတောင် ဆော့ကစားလိုက်ချင်သေးတယ် ...

ပျော်ကြရအောင်နော် မမစော”

“ပျော်လေ ကိုယ့်ဟာကိုယ် ပျော်တာပဲ၊ သဲသဲကို ဘယ်သူက တားမှာလိုက်လို့”





“မဟုတ်သေးဘူး မမစောရဲ့၊ သဲသဲ ပျော်မယ်ဆိုတာက တစ်မျိုး”

“ဘာတစ်မျိုးလဲ”

“မမစော သဲသဲကို မဆူရဘူးနော်၊ ပြီးတော့ သဲသဲ ပြောတာကို လိုက်လျောရမယ်”

“ကဲပါ သဲသဲရယ် ပြောမှသာ ပြောစမ်းပါ”

“သဲသဲတို့တွေ မအေးပွင့် မြင့်မြင့်စန်း လမ်းသုံးဆယ်ဆီကို ဖုန်းဆက်ပြီး အိမ်ကို ထမင်းလာစားဖို့ ဖိတ်ရင် မကောင်းဘူးလားဟင်၊ ပြီးတော့ သူတို့နဲ့ သီချင်းတွေဖွင့်၊ စကားတွေ ပြောပြီး ပျော်ကြရရင် မကောင်းဘူးလားဟင်”

“သူတို့က လာကော လာမှာမို့လား”

“ရန်ကုန်သူတွေပါ မမစောရယ်၊ သဲသဲ ဖိတ်ပြပါ့မယ်၊ ဟင်း ဟင်း ... ခြေထောက်မှာ စကိတ်လေးတွေ စီးပြီး ဝှီးခနဲတောင် ရောက်ချလာကြမှာပါ ...

မမစောကသာ ဒေါ်လေးဝင်းတို့ကို ချက်ပြုတ်ဖို့ စီစဉ်ပေးလိုက်၊ ကျန်တာတွေ သဲသဲ ဆက်လုပ်မယ်”



www.burmeseclassic.com

www.burmeseclassic.com



မကြာခင်အတွင်းမှာပင် မအေးပွင့်တို့သုံးယောက် ရောက်ချလာပါတော့သည်။

"ဟာ ... ဝမ်းသာလိုက်တာ၊ မမတို့ တကယ်ရောက်လာကြတယ်နော် ...

မမတို့သုံးယောက်စလုံး အရမ်းချောတာ၊ သဲသဲက တီဗီကြော်ငြာမင်းသမီးလေးတွေကို မြင်တိုင်း မမတို့ကို အရမ်းသတိရတာ ...

တကယ်တော့ မမတို့ကမှ ကြော်ငြာမင်းသမီးတွေထက် ပိုလှတာ"

"သဲသဲက တကယ်အမြင်ကောင်းတာပဲ၊ သဲသဲကို မမတို့က တစ်ခါလောက် မုန့်ခေါ်ကျွေးဦးမယ်"

တတ်လည်းတတ်နိုင်သည့် သဲသဲပင်၊ မိန်းကလေးသုံးယောက်ကို သူတစ်ယောက်တည်း ရယ်စရာမောစရာများပြောကာ ထိန်းထားနိုင်ပါသည်။

ရှင်စောဦးက ဧည့်သည်များကို ထွက်၍ ပြုံး၍ နှုတ်ဆက်လိုက်၊ ကျွေးမွေးဖို့ တာဝန်တွေ လုပ်လိုက်နှင့် အလုပ်ရှုပ်နေပါသည်။





"သဲသဲရေ ... အားလုံး အဆင်သင့်ဖြစ်ပြီ၊ ထမင်းစားကြရအောင်"

ပေါ်တီကိုအောက်သို့ ဂူးခနဲ ကားတစ်စီး ဆိုက်ရောက်လာပါသည်။ သဲသဲက လှမ်းအကြည့်လိုက်မှာတော့ မြတ်သူရိန်နှင့် မော်တင်ထွန်းတို့နှစ်ယောက် ဆင်းချလာပါသည်။

"ဟယ် ... ကိုကိုသူရိန့် ဦးမော်ရယ်တော့"

သဲသဲနှင့် ရှင်စောဦးတို့နှစ်ယောက် ဆီးကြိုလိုက်ကြပါသည်။

"ဧည့်သည်တွေ ရောက်နေတယ် ဟုတ်လား သဲသဲ"

"ဟုတ်တယ်၊ သဲသဲ ဖိတ်ထားတာ၊ ကိုကိုသူရိ ဒီမမတွေကို မှတ်မိလား"

မြတ်သူရိကော မော်တင်ထွန်းပါ ပြုံး၍ ကြည့်နေကြပါသည်။ တကယ်တော့ သူတို့နှစ်ဦးစလုံး မအေးပွင့်တို့ကို မမှတ်မိကြတော့ပါ။

"ချောင်းသာမှာလေ၊ ကိုကိုသူရိန့် ဒီကမမတွေကို သဲသဲ မိတ်ဆက်ပေးခဲ့သေးတယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... ဟုတ်ပြီ၊ တို့ မှတ်မိသွားပြီ"

"ဖြိုးဖြိုးတို့ကတော့ ပြန်ပြောပြမှ သိတာ မဟုတ်ပါဘူးနော်၊ ဒီကအစ်ကိုတို့ကို မြင်လိုက်တာနဲ့ ဒက်ခနဲ သိလိုက်တာပါ နော်"

"ကိုကိုသူရိန်နဲ့ ဦးမော်၊ သဲသဲတို့နဲ့ ထမင်းအတူစားပြီး ပျော်ပျော်ကြီး စကားပြောကြတာပေါ့နော်"

ညှေ့သည်များကို နေရာချထားပေးပြီး သဲသဲက ရှင်စောဦးကို နောက်ဖေးခန်းထဲ ခေါ်သွားလိုက်ပါသည်။

"မမစောရေ၊ ဒေါ်လေးဝင်းကို ကြက်သွန်လှီးခိုင်းထား ရအောင်"

"ဘာလုပ်ဖို့လဲ သဲသဲရဲ့၊ ဒီမှာ ငါးဖယ်တွေ သုပ်ပြီးပြီပဲ ဟာ"

"မဟုတ်ဘူးလေ၊ သဲသဲ ချောင်းသာမှာတုန်းက မမစော ကို ပြောခဲ့တယ်မို့လား၊ မအေးပွင့် မြင့်မြင့်စန်း လမ်းသုံး ဆယ်တို့နဲ့ ကိုကိုသူရိတို့ကို အတူတွဲခေါ်လိုက်ရင် သူတို့က ကိုကိုသူရိန်နဲ့ ဦးမော်တို့ကို ပါးပါးလှီးပြီး သုပ်စားသွားလိမ့် မယ်လို့ ...





ခုလည်း ချိန်းမထားဘဲနဲ့ လာဆုံနေပြီလေ၊ တို့ အစ်ကိုနှစ်ယောက်ကို သူတို့ သုပ်စားချင်စားရအောင် ကြက်သွန်လေး အဆင်သင့် လှီးထားဖို့ပြောတာ"

"တယ်လေ၊ အရေးထဲမှာ သဲသဲရယ် နောက်လည်း နောက်နိုင်သေးတယ်"

ကနုတ်စားပွဲကြီးက အကျယ်ကြီးဖြစ်သလို အိမ်ကြီး ကလည်း ခမ်းခမ်းနားနား ရှိလှပါသည်။

သဲသဲက မအေးပွင့်တို့ကို နေရာချထားပေးလိုက် ပါသည်။ စားပွဲ၏ တစ်ဖက်တွင် သူတို့ သုံးဦးကို နေရာချပေး ထားလိုက်ပြီး တစ်ဖက်တွင် ရှင်စောဦးနှင့် သဲသဲက ထိုင်နေပါ သည်။ ရှင်စောဦး ဘေးတွင် မြတ်သူရိက ထိုင်ပြီး သဲသဲ ဘေးတွင် မော်တင်ထွန်းက ထိုင်လိုက်ပါသည်။

"အားလုံးပဲ အဝစားနော်၊ သဲသဲက အများကြီး စားမှ ကျေနပ်မှာ"

သဲသဲက မအေးပွင့်တို့သုံးယောက် ပန်းကန်ထဲသို့ ဟင်းတွေ ထည့်ပေးနေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ခုတော့လည်း သူတို့သုံးယောက်ခမျာ သနားစရာ လေးတွေပါ၊ ကိုယ်နဲ့ သိပ်မရင်းနှီးသေးတဲ့ အိမ်ဆိုတော့ အရမ်း မကျယ်ရဲဘဲ ခပ်ကုပ်ကုပ်လေး ဖြစ်နေပါသည်။

မြတ်သူရိကလည်း ရှင်စောဦးနှင့် တိုးတိုးတိတ်တိတ် စကားပြောနေကြပြီး တစ်ယောက်ပန်းကန်ထဲ တစ်ယောက် ဟင်း တွေ ထည့်ပေးနေကြပါသည်။ ဒါတွေကို သဲသဲက သိနေသည် လေ။

"ကဲနော်၊ သိပ်လည်း အကြင်နာပိုမနေကြနဲ့၊ သဲသဲ မျက်စိနောက်လာပြီ"

"ကေသီကိုကော သဲသဲက ဘာလို့ ခေါ်မထားတာလဲ"

"အောင်မယ်လေး ... ခေါ်ထားဖို့နေနေသာသာ ဒီအစီ အစဉ် သိရင်တောင် မေမေတို့လာရင်တိုင်မှာ၊ ဒါကြောင့် ဦးမော်တို့ ကိုကိုသူရိတို့ကိုလည်း မပြောဖို့ ပိတ်ထားရ ဦးမယ်"

သဲသဲက မအေးပွင့်တို့သုံးယောက် ကြားသွားမည် စိုး၍ တိုးတိုးလေး ပြောလိုက်ပါသည်။





"ဘာလဲ ဦးမော်က အန်တီကေသီပါမှ ပျော်မှာလား၊ စိတ် မကောင်းပါဘူး ဦးမော်ရယ်၊ နောက်တစ်ခါဆို ခေါ်ထား လိုက်မယ်နော် ...

သဲသဲ မှားသွားတယ်၊ ဟိုမှာ ကြည့်ပါလား၊ နှစ် ယောက် အကြည်ဆိုက်နေကြပုံများ ဦးမော်မှာတော့ ဘက်ပဲ့ နေရှာတာပေါ့နော်"

သဲသဲက ခပ်တိုးတိုးလေး အမူအရာနှင့် မော်တင်ထွန်း နား ကပ်ခါ ရှေ့က တစ်ယောက်ယောက်နဲ့ ဦးမော် ကြည့်လိုက် ပါလားလို့ ပြောလိုက်ပါသည်။

"ဒီမှာ သဲသဲ၊ ဦးမော်နဲ့ သဲသဲ စပြီး သိတဲ့အချိန်ကစပြီး သဲသဲရဲ့ ရှေ့ပြေးနိမိတ်ခေါ်သံလေးကို ပြန်ပြီး သတိရလိုက် စမ်းပါ သဲသဲရယ် ...

ဦးမော်နဲ့ သူရိက အသက်ရွယ် တူတွေပါ၊ ဒီနှစ် ယောက်တည်းက တစ်ယောက်ကို ကိုကိုတပ်ခေါ်တယ်၊ ဟော ကိုကိုခေါ်တဲ့သူက သဲသဲအစ်မနဲ့ အဆင်ပြေသွားရင်၊ ဦးတပ်ပြီး အခေါ်ခံရတဲ့ တို့ကတော့ ကဲ ... သဲသဲပဲ စဉ်းစားပြီး အဖြေပေးတော့"



www.burmeseclassic.com

www.burmeseclassic.com



"မှန်ရင် ဦးမော်က ဘာပေးမှာလဲ"

သဲသဲနှင့် မော်တင်ထွန်း ဘာတွေ ပြောလို့ ဘာတွေ လုပ်နေမှန်း အားလုံး မသိနိုင်တော့ပါ။

မော်တင်ထွန်းက ရှပ်အင်္ကျီအိတ်ထဲက ငွေတစ်သောင်း အထပ်လိုက်ကို ယူပြီး တစ်ရွက်စီ ရေတွက်နေပါသည်။ ဆယ်ရွက်မြောက်ကျတော့ ရပ်လိုက်ကာ ကျန်ငွေများကို အိတ်ထဲ ပြန်ထည့်လိုက်ပါသည်။

"တော်ပြီလား ဦးမော်ရဲ့၊ ဆက်ပြီး ရေဦးလေ"

"တော်ပြီး တစ်သောင်းပဲ တတ်နိုင်တယ်၊ မှန်သွားရင် ဒါတွေ ပေးလိုက်ရလို့ တို့ သုံးစရာ ပြတ်သွားပါဦးမယ်"

သဲသဲနှင့် မော်တင်ထွန်း၏ လောင်းကစားကို နှစ်ဦးသား အကြည်ဆိုက်နေကြသော မြတ်သူရိ၊ ရှင်စောဦးနှင့် မအေးပွင့်တို့ သုံးယောက်ကပါ စကားမပြောနိုင် မစားနိုင် စိတ်ဝင်စားနေကြပါသည်။

"ဟဲ့ သဲသဲ၊ ဘာတွေ လုပ်နေကြတာလဲ"





"ရှူးတိုးတိုး မမစော အသာနေစမ်းပါ၊ ဦးမော်နဲ့ ပဟေဠိ လုပ်တမ်း ကစားနေတာ၊ သဲသဲ မှန်ရင် ဒီငွေတွေရမှာ၊ ဒါဆို ခုကျွေးမွေးထားလို့ ကုန်ထားတဲ့ သဲသဲ မုန့်ဖိုးထဲက ငွေတွေ ပြန်ကာမိမှာ ...

ဒီအဖြေဟာ သဲသဲနဲ့ ဦးမော် တိုးတိုးတိတ်တိတ် လုပ်ထားတာဆိုတော့ အားလုံး အနေနဲ့ မှန်တယ် မမှန်ဘူးသာ သိရမယ်၊ ဒါပေမဲ့ ဘာမေးခွန်းနဲ့ဘာအဖြေ ဆိုတာကိုတော့ မပြောဘူးနော် ...

ဦးမော်ကလည်း ကတိတည်ရမယ်နော်၊ သဲသဲ မှန်ရဲ့သားနဲ့ မမှန်ဘူး ပြောရင် နောက် ဦးမော်ကို သဲသဲ မခေါ်တော့ဘူး"

"ကဲပါ လျှာရှည်လိုက်တာ၊ သဲသဲတို့ကိစ္စကို မြန်မြန်သာ ဖြေရှင်းလိုက်ကြပါ"

သဲသဲက ဦးမော်နားသို့ ကပ်၍ လက်ဝါးလေးအုပ်ပြီး ပြောလိုက်ပါသည်။

"အန်တီကေသီ မို့လား"



www.burmeseclassic.com

www.burmeseclassic.com



"မှန်တယ်ဗျာ ...

ရော့ ငွေတစ်သောင်း ယူစေ"

မော်တင်ထွန်းက မှန်တယ်ဟု အော်ပြောလိုက်သည်မို့ အားလုံး လက်ခုပ်လက်ဝါး တီးကာ သဲသဲကို အားပေးလိုက်ကြပါသည်။ ဒါပေမဲ့ သူတို့နှစ်ဦး ဘာကို ပဟေဠိ လုပ်ထားသည်ကိုတော့ မည်သူမှ မသိလိုက်ပါ။

ဒီကြားထဲ မအေးပွင့်တို့ သုံးယောက်ကလည်း သူတို့နှင့်များ ပတ်သက်နေမလားဟု ရက်ကိုးရက်ကန်း ဖြစ်နေကြပါသေးသည်။

ထမင်းစားပြီးတော့ ဗီစီဒီဖွင့်ပြီး သီချင်းတွေ ဆိုကြပါသည်။

အဆိုကောင်းလွန်းသဖြင့် မော်တင်ထွန်းကိုပင် အားပေးတောင်းဆိုခဲ့ကြပါသည်။

မြတ်သူရိနှင့် ရှင်စောဦးကတော့ တပူးပူး တတွဲတွဲမို့ အတွဲမရှိသော မော်တင်ထွန်းအပေါ်မှာ မအေးပွင့်တို့သုံးယောက် ဓာတ်တွေ ပြလာကြပါသည်။





သူတို့သုံးယောက်၏ အန္တရာယ်ကို သဲသဲ တားဆီးနိုင်မှဖြစ်မည်။ ဘာကြောင့်လဲဆိုတော့ သူမရဲ့ အဒေါ်အရင်းခေါက်ခေါက်အတွက် ဖြစ်သလို ဦးမော်ကိုလည်း သူ အရမ်းခင်သည့်အတွက်ကြောင့် ဖြစ်ပါသည်။

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၅၅၊ ၁၉–လမ်း၊ လသာမြို့နယ် သို့
ရေးသားပေးပို့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





"ကိုသူရိ ရှင်စော အနားကို ခဏ ခဏ မလာနဲ့နော်၊ တော်ကြာ ရုံးက လူတွေ သိသွားပြီး ကိုသူရိ အမေဆီ ပေါက်ကြားသွားမှာ ကြောက်တယ် ...

ခုဆို မမကေသီက ရှင်စောကို တွေ့ရင် ရှောင်သွားတယ်၊ အဲဒါကို ရှင်စော မနေတတ်ဘူး ဖြစ်နေတယ်"

"ဒါကတော့ ရှင်စောရယ်၊ သူ မခေါ်ရင် ရှင်စောလည်း မခေါ်နဲ့ပေါ့"

"ဪ ... ဒါကတော့ ကိုသူရိ အပြောကိုး၊ ရှင်စောက မိဘမရှိတဲ့ ခိုကိုးရာမဲ့ ဘဝပါ၊ သူတို့ကိုပဲ အားကိုးနေရတာလေ၊ သူတို့ မကြည်ဖြူရင် ရှင်စော ဘယ်လိုသွားနေလို့ရမှာလဲ ကိုသူရိရယ် ...





ဒီကိစ္စတွေကိုသာ အန်တီထား သိရင် ရှင်စော တကယ် အငြိုအငြင် ခံရမှာပါ"

"ဘာလို့ ငြိုငြင်မှာလဲ၊ ကိုသူရိနဲ့ သူတို့နဲ့ ဘာမှမှ မဆိုင်တာ၊ ပြီးတော့ ရှင်စောကလည်း ငယ်ရွယ်သူ မိန်းကလေးမှ မဟုတ်တာ ...

ဘွဲ့လည်း ရပြီးပြီ၊ ပြီးတော့ အလုပ်နဲ့ အကိုင်နဲ့လည်း ဖြစ်နေပြီ"

"မသိချင်ဟန်ဆောင်မနေပါနဲ့ ကိုသူရိရယ်၊ ရှင်စော ကိုသူရိတို့အကြောင်းတွေကို သိပြီးပါပြီ ...

တကယ်တော့ မမကေသီကို ကိုသူရိနဲ့ လက်ထပ်ပေးဖို့ လူကြီးတွေ တိုင်ပင်ထားတာကိုလည်း ရှင်စော သိပါတယ်"

"သူတို့ဟာသူတို့ တိုင်ပင်ထားလည်း တို့က လက်ခံမှ ရမှာပါ ရှင်စောရယ်၊ သူတို့ လုပ်ချင်တိုင်း လုပ်လို့ရအောင် တို့က ကြက်ကလေး ငှက်ကလေးမှ မဟုတ်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ ရှင်စောကတော့ ကြောက်တယ်၊ ခုလိုကိုသူရိရဲ့ အချစ်ကို လက်ခံပြီးတဲ့နေ့ကစပြီး ရှင်စော ညဆိုလည်း ကောင်းကောင်းအိပ်မပျော်တော့ဘူး ...

ရှင်စောကို အကြောင်းအရာတစ်ခုခုက အမြဲ ခြောက်လှန့်နေသလို ခံစားရတယ်"

"ဒါဆို ရှင်စောက တို့ အချစ်ကို ပြန်ရုပ်သိမ်းချင်တယ်လို့ ဆိုလိုတာပေါ့ ဟုတ်လား"

ရှင်စောဦးက သူ ပြောချင်တာကို ပြောလိုက်ပြီး ခေါင်းလေးကိုသာ ငုံ့ထားလိုက်ပါသည်။

မြတ်သူရိက ရှင်စောဦး၏ မျက်နှာလေးကို မေးဖျားမှ ညင်ညင်သာသာ ပင့်ကိုင်လိုက်ပါသည်။ ရှင်စောဦး ပါးပြင်ထက်မှာ မျက်ရည်များက တသွင်သွင် လိမ့်ဆင်းလို့နေပါသည်။

"ရှင်စော တို့ကို မချစ်ဘူးလား၊ မှန်မှန်ပြော"

"ရှင်စော ကိုသူရိကို အရမ်းချစ်ပါတယ်"

"ဒါဆိုရင် ပြီးရော၊ ကျန်တဲ့ ပြဿနာမှန်သမျှကို အားလုံး တို့ ရင်ဆိုင်မယ် ...





တို့လိုချင်တာက ရှင်စော တို့ကို ချစ်နေဖို့ပါပဲ၊ ရှင်စောရယ် မငိုနဲ့နော်၊ အားလုံး အဆင်ပြေအောင် တို့ တာဝန်သာ ထားလိုက်"

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၅၅၊ ၁၉-လမ်း၊ လသာမြို့နယ် သို့
ရေးသားပေးပို့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





"ဟယ် ... ကြားသားမိုးကြိုး၊ လမင်း အလုပ်ကို အစောကြီး ရောက်နေပါလား"

"ဟင်း ဟင်း ဟင်း ... အစောကြီး ရောက်တာ ကိုမော်ကြီး ကျေးဇူးကြောင့်လေ၊ နို့မို့ဆို ဒီနေ့ ပိုတော နောက်ကျဦးမှာ ...

တစ်ဦးမေတ္တာ တစ်ဦးမှာ ဆိုသလိုပေါ့ မမကေသီ ရယ် ...

မေမေ့ကို ကိုမော်ကြီး ကြိုက်တဲ့ ကြက်သားနဲ့ မဆလာချက်လေး ချက်ထားခိုင်းတာ၊ ဟင်းကလည်း မနူးနိုင်ဘူးလေ၊ ကြာလိုက်တာ၊ လမင်းက အလုပ်တော့ နောက်ကျတော့မှာပဲ ဆိုပြီး အရမ်းစိတ်ပူနေတာပေါ့၊ ဟင်း ကျက်လို့ ထမင်းချိုင့်လေးနဲ့ ကားဂိတ်ကို ရောက်တော့





ရှစ်နာရီတောင် ခွဲနေပြီ၊ တကယ်ဆို ကားဂိတ်ကို ရှစ်နာရီ ရောက်မှ ရုံးကိုမီတာ ...

ကားတွေကလည်း အပြည့်အကျပ်ပဲ၊ ဒီအချိန်မှာပဲ ကိုမော်ကြီးရဲ့ ကားလေးက လမင်းရှေ့က ဖြတ်သွားပါလေရော၊ ကားတွေက နည်းနည်းကျပ်တော့ သူ့အရမ်းမောင်းလို့မရဘူးလေ၊ လမင်းက ကိုမော်ကြီး ကားလေးကိုလည်း မြင်ရော အားရဝမ်းသာနဲ့ နောက်က ပြေးလိုက်ပြီး ခေါ်တော့ မီသွားတယ်လေ ...

ဒါနဲ့ပဲ ရုံးကို စောစောရောက်လာတာပေါ့၊ ကိုမော်ကြီးက လမင်း ဒီကားဂိတ်ကစီးမှန်း မသိလို့ပါတဲ့၊ နောက်ဆို သူလည်း လမင်းကို သတိထားကြည့်လာပါမယ်တဲ့၊ နောက်နေ့တွေဆို သူရောက်မဲ့ အချိန်ထက် လမင်း ဆယ်မိနစ်လောက် ကားဂိတ်မှာ ကြိုစောင့်နေရင် လမင်းအတွက် အဆင်ပြေတာပေါ့ မမကေသီရယ်၊ ပြီးတော့ ကားခ နှစ်ဆယ့်ငါးကျပ်လည်း သက်သာတာပေါ့၊ ဟင်း ဟင်း"



www.burmeseclassic.com

www.burmeseclassic.com





"ကလင် ... ကလင်"

"အန်တီကေသီလား ...

သဲသဲပါ"

"သဲသဲ ကျောင်းမသွားဘူးလား"

"ခုပဲ ပြန်ရောက်တာ အန်တီရဲ့၊ မနက်တည်းက အန်တို့ ဆီကို ဆက်ချင်နေတာ ပါးစပ်တွေ လက်တွေကို ယား နေတာပဲ ...

အန်တီ အခု ရုံးမှာလား၊ ထမင်းကော စားပြီးပြီ လား"

"မစားရသေးဘူး သဲသဲရေ့၊ ခဏနေလို့ လူစုံမှ စုပြီးစား ကြမှာ"





"အန်တီကေသီ၊ မနက်က မမစော ရုံးနောက်ကျမှာစိုးလို့ သဲသဲကို ကျောင်းအရင်မပို့ဘဲ မမစောကို ဖေဖေက အရင် ပို့တယ်လေ ...

ကားထဲမှာ သဲသဲ ပါလာတာပေါ့ ...

ဦးမော်ကြီးကို တွေ့လိုက်တယ်လေ၊ ဦးမော်ကတော့ သဲသဲကို မတွေ့ပါဘူး ...

သူ့ကားထဲကဆင်းပြီး မိန်းကလေးခပ်ချောချောလေး တစ်ယောက်ပါ ဆင်းလာတယ် ...

သူလည်း အန်တီကေသီတို့ ရုံးကပဲ ထင်တယ်၊ သဲသဲ နောက်ဘက်ကို မျက်စိတစ်ဆုံး လှမ်းကြည့်လိုက် တော့ နှစ်ယောက်စလုံး တူတူဝင်သွားကြတယ် ...

မမစောကလည်း ဆင်းသွားပြီဆိုတော့ သဲသဲ မေး လို့မရတော့ဘူးလေ ...

အဲဒါ ဘယ်သူလဲဟင် အန်တီကေသီ"

"ဪ ... လမင်းဝင်းဝင်းကို သဲသဲ ပြောတာထင်တယ်"

"ဘာ ... လမင်းဝင်းဝင်း ဟုတ်လား၊ နာမည်ကြီးကလည်း မဆုံးသေးဘူး၊ လမင်းဝင်းဝင်းပပဆို တော်သေးတယ် ...



www.burmeseclassic.com

www.burmeseclassic.com



ထားပါတော့လေ။ အဲဒီ လမင်းဝင်းဝင်းနဲ့ ဦးမော်နဲ့က ကြိုက်နေတာလားဟင်”

“ဟယ် ... မဟုတ်ပါဘူး သဲသဲရယ်၊ မနက်ကတောင် လမင်းက ပြောသေးတယ်၊ သူကားစောင့်ရင်း ကိုမော့်ကားကို တွေ့လို့ လမ်းကြုံစီးလာခဲ့တယ်တဲ့”

“သြော် ... ဒီလိုဆို တော်သေးတာပေါ့၊ သဲသဲက အန်တီကေသီ့အတွက် စိတ်ပူသွားလို့ပါ”

“ဘာ ...

သဲသဲက အန်တီကေသီ့အတွက် ဘာစိတ်ပူရမှာလဲ”

“အန်တီ မသိပါဘူးနော်၊ ဦးမော်ကြီးက အန်တီ့ကို အရမ်း သဘောကျနေတာ၊ သဲသဲကိုတောင် ဖွင့်ပြောခဲ့သေးတယ်”

“ရွှေသဲလေးရယ်၊ နင် ဘာတွေ ရှုပ်နေတာလဲ”

“သဲသဲ ရှုပ်တာမဟုတ်ပါဘူး၊ ဦးမော်ကြီး ပါးစပ်ကိုက သဲသဲကို သေချာပြောတာပါ ...

သဲသဲ အန်တီ့ကို ဦးမော်နဲ့ သဘောတူတယ်”





“သဲသဲနော် ... ငါ လုပ်ထည့်လိုက်ရလို့”

“အန်တီကေသီ မသိဘူးနော်၊ ဦးမော်ကြီးက အရမ်းချစ်စရာကောင်းတာ၊ သူက ပိုက်ဆံလည်း ရှိတယ်၊ ဆွေမျိုးအသိုင်းအဝိုင်းလည်း ကောင်းတယ်၊ ခေတ်လည်းမီတယ်၊ အသံလည်း ကောင်းတယ်၊ အမှတ်ပြည့်ပဲ ...

ဦးမော်ကြီးဆို ကောင်မလေးတွေကလည်း အရမ်းကြိုက်တာ ...

ဟို သဲသဲ ပြောတဲ့ ချောင်းသာမှာ တွေ့ခဲ့တဲ့ မအေးပွင့်၊ မြင့်မြင့်စန်း၊ လမ်းသုံးဆယ်တို့ဆိုတာ ဦးမော်ကို အသည်းစွဲပဲ ...

ဒါကြောင့် ဦးမော်လို အရည်အချင်း အမှတ်ပြည့်ရှိထားတဲ့သူကို သဲသဲတို့ အမျိုးထဲကို ရောက်စေချင်လွန်းလို့ပါ အန်တီကေသီရယ် ...

ဒါပဲနော်၊ ဦးမော်ကြီးကိုတွေ့ရင် နျူကလီးယားလုပ်ထားလိုက်နော်၊ သဲသဲ စကား မမှားစေရဘူး၊ အာမခံတယ် ...



www.burmeseclassic.com

www.burmeseclassic.com



ဪ ... မမစောနဲ့တွေ့ရင် သဲသဲကအရင် အန်တီကေသီ့အတွက် ဖုန်းခေါ်ပေးရတာမို့ ဖုန်းခတစ်ထောင်လောက်တော့ ထည့်ပေးလိုက်ပါနော်”

“သဲသဲနဲ့ ဖုန်းခက ဘာဆိုင်လို့လဲ၊ အဲဒါ သဲသဲမေမေ ပေးရမှာပဲ”

“သဲသဲအမေ ပိုက်ဆံကလည်း သဲသဲ ပိုက်ဆံပဲပေါ့ အန်တီကေသီရဲ့”

“သေနာမလေး”

“ဝွပ်”

ကေသီက ဖုန်းကို “ဝွပ်”ခနဲ ချထည့်လိုက်ပါသည်။

“သဲသဲ ဆက်နေတာလား ကေသီ”

“ဟုတ်တယ် ကိုမော်၊ သူကလည်း ဆက်သေးတယ်၊ ကေသီ့ဆီက ဖုန်းခတစ်ထောင်လည်း တောင်းလိုက်သေးတယ်လေ၊ ဒါကြောင့် ဖုန်းထဲကနေ အော်ဆဲလိုက်တာ”

သူ ဖုန်းဆက်နေတာကို မော်တင်ထွန်းက တစ်နေရာကနေ စောင့်ကြည့်နေသည်ကို ကေသီ သတိမထားလိုက်မိပါ၊ ဒါကြောင့် ဖုန်းဆက်ရင်း တူမဖြစ်သူကို အော်ဆဲခဲ့မိတာ မော်တင်





ထွန်းများ ကြားသွားမလားဆိုပြီး ပြောမိပြောရာတွေ စွတ်ပြောချလိုက်ခြင်း ဖြစ်ပါသည်။

သဲသဲ ပြောမှ ကေသီ မော်တင်ထွန်းကို သေသေချာချာ ကြည့်မိပါသည်။

တကယ်ကို ယောကျ်ားပီသပြီး ရည်ရည်မွန်မွန်နှင့် အားကိုးထိုက်စရာကောင်းသော လူတစ်ယောက်ပါ။ ကေသီက မော်ဘင်ထွန်းကို ခပ်ငေးငေးလေး ကြည့်နေမိပါသည်။

“မမကေသီ ထမင်းစားရအောင်၊ အားလုံးစုံပြီ၊ မမကေသီ ဖုန်းဆက်လို့ စောင့်နေတာ”

“အားနာစရာကြီးကွယ်”

“ကိုမော်ကြီး ကြိုက်တဲ့ ကြက်သားမဆလာဟင်း ချက်ထားလို့ ဒီနေ့ လမင်းတို့နဲ့ အတူစားဖို့ ခေါ်ထားတယ်လေ ...

ရော့ ... ကိုမော်ကြီး ဒီနေ့ လမင်းချိုင့်ပဲ ဖွင့်စားလိုက်တော့”

“ဒါဆို လမင်းက တို့ချိုင့်ကို ယူစားလိုက်လေ”

“ကေသီလည်း ကြက်သားကို မဆလာနဲ့ ချက်ထားတာပဲ၊ ရော့ ... ကိုမော်၊ ကေသီ့ဟင်းလည်း စားလိုက်ပါဦး”



www.burmeseclassic.com

www.burmeseclassic.com



မော်တင်ထွန်းက ကေသီ ချိုင့်ထဲက ကြက်သား ဟင်းထဲမှ အတုံးကောင်းတစ်ခုကို ကေသီ ထမင်းချိုင့်ထဲ ထည့် ပေးလိုက်ပါသည်။

"ဟင်းပိုင်ရှင်ကို အရင်ဦးချတာနော်"

လမင်း၏ မျက်နှာလေးက ကွက်ခနဲ ပျက်သွားပါ သည်။ သူမ၏ ဟင်းချိုင့်ကို ယူစားတုန်းကတော့ မော်တင်ထွန်း ဆီက ဒီလို အကြင်နာမျိုးလေးတွေကို မရခဲ့ဘူးလေ။

ပြီးတော့ ထမင်းဝိုင်းတွင် ချထားသော ချိုင့်တွေ ထဲမှ မော်တင်ထွန်းက သူ၏ချိုင့်ထဲက ကြက်သား အသဲအမြစ် ကို ကေသီချိုင့်ထဲ ထည့်ပေးလိုက်ပါသည်။

ရင်နာစရာ အဖြစ်အပျက်များပင်။ လမင်းဝင်းဝင်း အတွက် မျှော်လင့်ချက်များ တဖြည်းဖြည်း ဆိတ်သုဉ်းခဲ့ရတော့ မည် ဖြစ်ပါသည်။







မျက်စိရှေ့တွင် မြတ်သူရိန့်နှင့် ရှင်စောဦး တပူးတွဲတွဲ လုပ်နေသည်ကို အစကတော့ ကေသီ မရှုစိမ့်နိုင်အောင် ရှိခဲ့ပါ သည်။

သူမအပေါ် ဂရုမစိုက်၊ မကြင်နာသော သူ့အတွက် ငိုကြွေးတမ်းတနေလို့ကတော့ သူမ မျက်ရည်များသာ ခမ်းရုံရှိပါ တော့မည်။

ခုလို သူမ စိတ်ဆင်းရဲ အားငယ်နေချိန်မှာ သူမဘေး က မားမားမတ်မတ် ရပ်ပေးနေသော မော်တင်ထွန်းသာ သူ့အတွက် အားကိုးအားထား ပြုစရာ ဖြစ်ပါတော့သည်။

"မော်ကြီး ... မင်းတို့ အဆင်ပြေနေကြပြီမို့လား"

"မင်း မနှောင့်ယှက်ရင်တော့ အဆင်ပြေမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"သြော် ... ငါက မင်းကို ဘာလို့နှောင့်ယှက်ရမှာလဲ၊ မင်းကတော့ကွာ ...

ငါ့အပေါ် ဒီလိုမကောင်းမြင်လို့လည်း မင်း ငါ့ထက်အစွဲနောက်ကျတာ ...

ကြည့်နေ ... နောက် အဲဒီလို စိတ်ကောင်းမမွေးနိုင်သရွေ့ကတော့ ငါတို့ အိမ်ထောင်ကျပြီး ကလေးသုံးယောက်လောက် မွေးပြီးမှ မင်း အိမ်ထောင်ကျမှာ မော်ကြီး"

"ဒါပေါ့ ဖိုးသူရိရာ၊ ငါကတော့ မင်းလို အလုပ်မရှိ၊ အလုပ်ရှာပြီး ကောင်မလေးကို အနားမှာ အကြောင်းအမျိုးမျိုးပြပြီး ခေါ်ထားခွင့် မရှိတော့၊ မင်းတို့ နီးစပ်သလို နီးစပ်ဖို့ကတော့ အချိန်နည်းနည်း ယူရမှာပေါ့ကွာ ...

ကဲ ... သွားတော့ကွာ၊ ဟိုမှာ ရှင်စော ရောက်နေတာကြာလှပြီ"

ရှင်စောဦးနှင့် မြတ်သူရိတို့ နှစ်ယောက်အတူ ရှိနေစဉ် ဒေါ်ခင်လေးနွယ် ဖြူန်းစားကြီး ရောက်ချလာပါသည်။





ဒေါ်ခင်လေးနွယ်က ရှင်စောဦးကို မနှစ်မြို့ဟန် တစ်ချက်လှမ်းကြည့်လိုက်ပါသည်။

ဒါကိုပင် သိတတ်စွာနှင့် ရှင်စောဦးက ဒေါ်ခင်လေးနွယ်ကို နှုတ်ဆက်ကာ အခန်းပြင်သို့ ထွက်လာခဲ့ပါသည်။

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၅၅၊ ၁၉-လမ်း၊ လသာမြို့နယ် သို့
ရေးသားပေးပို့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





ဝတ်စုံအပြည့်နှင့် သူ့ကိုမြင်လိုက်တော့ ရှင်စော ခပ်ကြောင်ကြောင်လေး ဖြစ်သွားပါသည်။

"ရှင်စော"

"ဟယ် ... မင်းဝေရယ်၊ ငါလေ နင့်ကို မြင်တော့ မြင်ဖူး ပါတယ်လို့ ကြည့်နေတာ ...

နင် အရမ်းချောတယ်ဟယ်၊ ဒီရေကြောင်းဝတ်စုံနဲ့ အရမ်းလိုက်တာပဲ"

"ဒီနေ့ပဲ ငါ သင်္ဘောဆိပ်ကို ဆင်းရတော့မယ်၊ အဲဒါ နင့် ကို နှုတ်ဆက်ရအောင် ငါ မနည်းကြီး ကြိုးစားလာခဲ့ရ တာ...

နင့်သတင်းတွေလည်း ငါ အမြဲနားထောင်နေတာ ပါ၊ နင် ပျော်နေရင် ပြီးတာပါပဲလေ"





မင်းဝေနှင့် ရှင်စောဦးတို့ နှစ်ယောက် အပြန်အလှန် စကားပြောနေသည်ကို ကွက်ကြည့် ကွက်ကြည့် လုပ်ပြီး၊ သွား လာ လှုပ်ရှားနေသူက လမင်းဝင်းဝင်း ...

"လမင်းရေ ... ခဏ ... ခဏ ...

လမင်း ... ဒါ တို့ရဲ့သူငယ်ချင်း မင်းဝေ၊ မင်းဝေ ... ဒါ ငါနဲ့တူတူ လုပ်ဖော်ကိုင်ဖက် လမင်းဝင်းဝင်းတဲ့"

"တွေ့ရတာ ဝမ်းသာပါတယ် ခင်ဗျာ ...

နောက် ကျွန်တော် ဒီရုံးကိုလာရင်လည်း ခေါ်ပါနော်"

"စိတ်ချ ကိုမင်းဝေ၊ လမင်းက လူတွေကို အရမ်းခင်တတ် တာ၊ ခုလည်း မိတ်ဆွေသစ်တစ်ယောက် တိုးလာအောင် မိတ်ဆက်ပေးတဲ့ ရှင်စောကို သိပ်ကျေးဇူးတင်ပါတယ်"

"မင်းဝေ ... နင် ဘယ်အချိန် သင်္ဘောဆင်းမှာလဲ"

"ခဏကြာရင် ဆင်းတော့မှာ၊ ငါ့ပစ္စည်းတွေတောင် ထား ခဲ့ပြီးပြီ"

"ဒါဖြင့် ခဏနော်"

ရှင်စောဦးက မြတ်သူရှိ ရုံးခန်းထဲသို့ ဝင်သွားပါ သည်။ ပြီးတော့ နှစ်ယောက်သား အတူထွက်လာကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုသူရိ ... ဒါ ရှင်စော ငယ်ငယ်တည်းက အတူနေလာတဲ့ သူငယ်ချင်း မင်းဝေပါ ...

မင်းဝေ ... ဒါက တို့ရဲ့ မန်းနေးဂျင်း ဒါရိုက်တာ ကိုမြတ်သူရိ"

မြတ်သူရိနှင့် မင်းဝေတို့ နှစ်ယောက် လက်ဆွဲနှုတ်ဆက်လိုက်ကြပါသည်။

မင်းဝေကို လိုက်ပို့ပေးမည်ဟု မြတ်သူရိက ပြောလိုက်သဖြင့် ရှင်စောဦးက လမင်းဝင်းဝင်းကိုပါ အဖော်ခေါ်လိုက်ပါသည်။

တကယ်တော့ ရှင်စောဦး၏ ရည်ရွယ်ချက်မှာ သူငယ်ချင်းဖြစ်သူကို လမင်းဝင်းဝင်းလို ငယ်ငယ်ချောချော မိန်းကလေးနှင့် ရင်းနှီးစေချင်သည့် သဘောလည်း ပါပါသည်။

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၅၅၊ ၁၉-လမ်း၊ လသာမြို့နယ် သို့
ရေးသားပေးပို့နိုင်ပါသည်။







"မောင်သူရိနဲ့ ရှင်စော ကြိုက်နေတယ်၊ ဟုတ်လား ... သမီး"

"ဟုတ်ကဲ့ပါ မေမေ"

"မော်တင်ထွန်းနဲ့ ကေသီကော ကြိုက်နေတယ် ဆိုတာ ဟုတ်လား"

"အဲဒါတော့ သဲသဲ အသေအချာ မသိဘူး၊ ဒါပေမဲ့ ဦးမော်ကတော့ အန်တီကေသီ့ကို ကြိုက်နေတာ အမှန်ပဲ ...

တစ်ချိန်ချိန်မှာတော့ အန်တီကေသီကလည်း ပြန်ကြိုက်သွားလိမ့်မယ်လို့ သမီး ထင်တာပဲ"

"သမီးကို မေမေ တစ်ခုမေးမယ်၊ မောင်သူရိနဲ့ ကေသီမကို စေ့စပ်ထားတာကော သမီး သိလား"



www.burmeseclassic.com

www.burmeseclassic.com



"သိတော့ သိတာပေါ့ မေမေရယ်၊ ဒါပေမဲ့ အဲလို အဲလိုတွေ ပြောင်းလဲသွားတာတော့ သမီးလည်း ဘယ်တတ်နိုင်ပါ့မလဲ"

"ဒါဆို မေမေတို့ကို မပြောဘဲ ဘာလို့ဖုံးကွယ်ထားတာလဲ"

"ဒါကတော့ သမီး အပြစ်ပါ၊ ပြီးတော့ မမစောကိုလည်း ချစ်လို့၊ မေမေတို့က ဆူမှာစိုးလို့ပါ"

"ကိုမိုးလည်း သိချင်သိမှာပါ၊ ထားမသိအောင် တမင်ဖုံးကွယ်ထားတာ"

"မင်း ငါ့ကို ဆွဲမထည့်နဲ့နော်၊ ဒါတွေ ငါ လုံးဝမသိဘူး၊ စိတ်လည်း မဝင်စားဘူး ...

နဂိုတည်းက မင်းညီမနဲ့ မောင်သူရိကို အရမ်းသဘောတူနေရင်လည်း ချုပ်ပြီးပေးစားလိုက်ပေါ့ကွ"

"ပေးစားလို့ ရမလား၊ ရှင့်တူမက ကြားကနေ ဝင်ပြီး လှူလည်ကျထားတာကိုလည်း ကြည့်ဦးလေ"

"တော်ပြီကွာ၊ ငါ့ကို နောက် ဒီကိစ္စတွေ လာမပြောနဲ့၊ ပါးစပ်သနတယ်၊ ဘယ့်နှယ်ဗျာ၊ လုပ်ယူလို့မရတဲ့ ကိစ္စတွေ





ကိုပဲ အတင်းဝင်ပြီး ပြဿနာတွေရှုပ်၊ ငါ့ကို လာဆွဲထည့်၊ ဒီတစ်ခါ ငါ့ကို စွပ်စွဲလို့ကတော့ ငါ အိမ်ကဆင်းမယ်၊ ဒါပဲ"

သဲသဲ ငိုခဲ့ရသလို ...

ရှင်စောဦးလည်း ငိုနေရပါသည်။



www.burmeseclassic.com

www.burmeseclassic.com





"ကလင် ... ကလင်"

"ကိုကိုသူရိ ... မမစော မရှိတော့ဘူး၊ သဲသဲ အိပ်ပျော်သွားတုန်း ထသွားတာ ...

တစ်အိမ်လုံးလည်း လိုက်ရှာပြီးပြီ။ စာတစ်စောင်လည်း ရေးထားခဲ့တယ်၊ သူ ပြန့်သွားပြီတဲ့၊ သဲသဲနဲ့ ကိုကိုသူရိကို နှုတ်ဆက်ခဲ့ပါတယ်တဲ့ ...

ဒုက္ခပါပဲ ကိုကိုသူရိရယ်၊ လုပ်ပါဦး ...

ဖေဖေတို့ မေမေတို့ကိုကော နိုးပြီး ပြောလိုက်ရမလား"

"နေဦး သဲသဲ၊ မိုးလင်းမှပြော၊ နောက်မှ တို့ သဲသဲဆီ ဖုန်းထပ်ဆက်လိုက်မယ်၊ ငိုလည်း မနေနဲ့ဦး"





အဖြစ်နိုင်ဆုံး နေရာကို မြတ်သူရိက အရင်သွားလိုက်ပါသည်။

ကားဂိတ်ကို ရောက်တော့ ထင်ထားသည့် အတိုင်းပင် ရှင်စောဦးကို တန်းတွေ့ပါသည်။

မြတ်သူရိက ဘာမှ မေးမြန်းမနေတော့ပါ။ ရှင်စောဦး လက်ထဲမှအိတ်ကို ဆွဲယူပြီး ရှင်စောဦးကိုပါ ဆွဲခေါ်လာရာ ရှင်စောဦး တစ်ယောက် ယက်ကန် ယက်ကန်ဖြင့် ပါလာပါတော့သည်။

"ရှင်စော သိပ်ဒုက္ခပေးတယ်ကွာ၊ တက် ... ကားပေါ်"

"ရှင်စော ပြန်ပါရစေတော့ ကိုသူရိရယ်၊ ရှင်စောကို မတားပါနဲ့တော့"

"နေပါဦး၊ ရှင်စောကို ဘယ်သူက ပြန်ခိုင်းနေလို့လဲ ...

ကဲ ... ကဲ ... ကားပေါ်တက်၊ မျက်ရည်တွေသုတ်လိုက်၊ ပြီးတော့မှ တို့ကို ရှင်းပြ"

"ညတုန်းက လေးလေးမိုးနဲ့ အန်တီထား အကြီးအကျယ် ရန်ဖြစ်တယ်၊ ရှင်စော ကိစ္စနဲ့ပဲပေါ့။ ရှင်စောနဲ့ လေးလေးမိုးက လူလည်ကျတယ်လို့လည်း ပြောတယ် ...



www.burmeseclassic.com

www.burmeseclassic.com



လေးလေးမိုးကလည်း အိမ်ကဆင်းမယ်တဲ့၊ ရှင်စော ကြောက်တယ် ကိုသူရိရယ်၊ ရှင်စောကြောင့် ဘယ်သူ့ကိုမှ ပြဿနာ မဖြစ်စေချင်လို့ ပြန်တော့ဖို့ ဆုံးဖြတ်လိုက်တာပါ”

“ကဲ ... ရှင်စော ဘယ်ကိုသွားမှာလဲ ပြော”

“ရှင်စော ပြင်ဦးလွင်ကအိမ်ကို ပြန်တော့မလို့ပါ”

“ကဲ လာ ... ဒါဆို တို့ပါ လိုက်ခဲ့မယ်”

“ဟင် ... ကိုသူရိ လိုက်လို့ ဘယ်ဖြစ်ပါ့မလဲ၊ အလုပ်တွေလည်း ရှိသေးတယ်၊ ပြီးတော့ ကိုသူရိမေမေက စိတ်အရမ်းဆိုးသွားမှာပေါ့”

“တော်ပြီ၊ ဒီအကြောင်းတွေ ရှင်စော ဘာမှမပြောနဲ့တော့”

မြတ်သူရိ မောင်းလာသော Mark II ကားဖြူကြီးက လေကိုထိုးခွဲကာ တစ်ရှိန်ထိုး ပြေးသွားလို့ နေပါသည်။

သည်ခရီးသည် သူတို့နှစ်ယောက်ရဲ့ ပျားရည်ဆမ်းခရီးသာ ဖြစ်ခဲ့ပါလျှင် ဘယ်မျှလောက် ပျော်စရာကောင်းပါလိမ့်မည်နည်း။

“စိတ်ညစ်နေလား ရှင်စော ...





ဘာမှ စိတ်ညစ်အားငယ်မနေနဲ့၊ ဒီခရီးဟာ တို့အတွက် ပျားရည်ဆမ်းသော ခရီးလမ်းရဲ့ ‘အကြို’လို့ပဲ သတ်မှတ်လိုက်တော့မယ်နော်”

ရှင်စောဦးတို့အိမ်ရောက်လို့ ခဏလေးပင် နားလိုက်ရပါသေးသည်။ ကားတစ်စီးဆိုက်သံ ကြားလိုက်ရပြီး လေးလေးမိုးနှင့် မြတ်သူရိ၏မိခင် ဒေါ်ခင်လေးနွယ်တို့ ဆင်းချလာကြပါသည်။

ဒေါ်ခင်လေးနွယ်ကိုလည်း ကြောက်၊ ဦးလေးဖြစ်သူကိုလည်း ကြောက်သဖြင့် ရှင်စော ခေါင်းပင်မဖော်ရဲပါ ...

“သားရယ် ... သားက ဒီလောက် လူကြီးလူကောင်း ဖြစ်နေပြီးမှ ဒီလိုမိုက်လိမ့်မယ်လို့ မေမေ မထင်ခဲ့ဘူး ...

အကျိုးအကြောင်း သေသေချာချာ ပြောပြရင်လည်း မေမေက လက်ခံနိုင်ပါတယ် ...

ရှင်စောဟာ မောင်မိုးရဲ့တူမ ဖြစ်နေတယ်ဆိုကတည်းက မေမေ မငြင်းပါဘူး သားရယ် ...

ခုဟာက မေမေတို့ကို စိတ်ပူအောင် လုပ်တဲ့အတွက်တော့ အပြစ်ရှိတယ်ပေါ့လေ ...



www.burmeseclassic.com

www.burmeseclassic.com



ကဲ ... ကဲ ... ပြန်သာ လိုက်ခဲ့ကြတော့၊ အလုပ် တွေကလည်း ရှိသေးတော့ မေမေလည်း အချိန်ဆွဲနေလို့ မရတော့ဘူး"

လေးလေးမိုးနဲ့ ဒေါ်ခင်လေးနွယ်တို့၏ ကားနောက်က မြတ်သူရိန်နှင့် ရှင်စောဦးတို့ နှစ်ယောက် စီးနင်းလိုက်ပါလာသော Mark II ကားက ကပ်၍ လိုက်ပါလာခဲ့ပါသည်။

"ရှင်စောရေ ... တို့ မပြောဘူး ... ၊ ဒီ ... ရီးကတော့ တို့အတွက် ပျားရည်ဆမ်းသော မရီး ... ယ်ဖြစ်သွားပြီနော် ...

ရှင်စောလေးရဲ့ဘဝ ... မှ ရ ... မှာပါ"

မြဘုန်းလူလူ


(ဆေးတက္ကသိုလ်)

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com